
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ချစ်သောသူတို့နှင့်လည်း
မပေါင်းဖော်သင့်၊
မုန်းသောသူတို့နှင့်လည်း
ဘယ်သောအခါမျှ
မပေါင်းဖော်သင့်။
ချစ်သောသူတို့ကို
မမြင်ရခြင်းသည်လည်း
ဆင်းရဲ၏။
မုန်းသောသူတို့ကို
မြင်တွေ့နေရခြင်းသည်လည်း
ဆင်းရဲ၏။

တန်ဖိုး- ၂၁၀

တံခွန်တိုင်

တစ်ခေတ်ဆန်းနှလုံးအိမ်မှာ
ထိုးထွင်းခဲ့သော
TATTOO

ရာဇဝင်

မြင့်မြင့်ရှုရှုခံစားမှုအချစ်လုံးချင်း

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးခွင့်ပြုအမှတ်
၅၀၀၂၃၉၀၂၁၀
စာမူခွင့်ပြုအမှတ်
၅၀၁၈၂၄၁၂၀၉
မျက်နှာဖုံးပန်းချီ
လှဇော်သင်
ထုတ်ဝေသူ
ဦးပြည့်လင်း-၀၄၄၀၃၊
တံခွန်တိုင်စာပေ၊
အမှတ် ၅၈၊ ၉၃လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်ရီ-၀၂၀၁၂၊မိုးစန္ဒာပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ
ဒေါ်ခင်စိ-၁၁၄၈၀၊
မေတ္တာမိုးပုံနှိပ်တိုက်၊
အမှတ် ၂၂၊ ဓမ္မဝိဟာရလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ၊
အမှတ် ၅၈ ၊ ၉၃လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၄၀၀-ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
မေ၊ ၂၀၁၀-ပထမအကြိမ်

**ဒို့တာဝန်အရေးသုံးပါး**
ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**
ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်ရေး အမျိုးသားရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**
နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးအောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**
တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လွန်းထားထားအေးကျော့သိုင်း တစ်ခေတ်ခေတ်သန်းနှလုံးအိမ်မှာတိုးတွင်ခဲ့သောTATTOO ရာဇဝင်/ ၈၉၅
လွန်းထားထားအေးကျော့သိုင်း- ရန်ကုန်
တံခွန်တိုင်စာပေ ၊ ၂၀၀၉ ။
၂၆၀ - စာ ၊ ၁၂ . ၀၀ x ၁၈ . ၈ စင်တီ
(၁)တစ်ခေတ်ခေတ်သန်းနှလုံးအိမ်မှာတိုးတွင်ခဲ့သောTATTOOရာဇဝင်

အမှတ်တရမှတ်တမ်း
ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်း အရှိဆုံးသော
အမေဖန့်အမေ . . . ။
ဘဝရဲ့အဓိပ္ပာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ
မှတ်တမ်းတင်လျက် . . . ။
လွန်းထားထားအေးကျော့သိုင်း

www.burmeseclassic.com

www.burmeseclassic.com

ပြည့်လင်း စီစဉ်ထုတ်ဝေသည်

တံခွန်တိုင်

အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁ - ၃၉၄၆၅၀၊ ၀၉၈၀၀၂၂၈၀၁၈၊ ၀၉၅၅၀၅၈၀၁၈

# လွန်းထားထား

ဆေးတက္ကသိုလ်

BURMESE CLASSIC

**တစ်ခေတ်ဆန်း နှလုံးအိမ်မှာ**
**ထိုးထွင်းခဲ့သော**
**tattoo ရာဇဝင်**

မြင်းပြင်း-၄၄ ..ခံစားမှုအချစ်လိုင်းချင်းဝတ္ထုသစ်



www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ တန်ဖိုးအရှိဆုံး

အရာဆိုတာ

မှတ်ဉာဏ်တွေ ကောင်းတုန်းအချိန်၊

တစ်ယောက်ယောက်ကို

ချစ်ခွင့်ရနေတုန်း

အချိန်မှာ

အပြည့်အဝ

ချစ်ပစ်လိုက်ဖို့ပဲဆိုတာ

အခုမှပဲ သူမ နားလည်ရတော့သည်။



# စိတ်ကူး

သူ —

ကျွန်မ လူမှန်းသိတတ်စအရွယ်တုန်းက ကျွန်မလိုချင်ခဲ့တာဟာ —

ပန်းခင်းကြီးတစ်ခင်း ပိုင်ဆိုင်ပြီး —

အဲဒီပန်းခင်းထဲက ပန်းပွင့်တွေကို

တစ်နေ့တစ်ပွင့်ကျ ကျွန်မရဲ့ခေါင်းမှာ ပန်ဆင်ချင်တဲ့

စိတ်ကူးပေါ့ —။

ကျွန်မ အပျိုပေါက်ရွှေရင်သိမ်သိမ် အရွယ်ရောက်တော့ —

ကျွန်မလိုချင်လာတာဟာ —

ကောင်းကင်ကြီးတစ်ပြင်လုံးကို အပိုင်ဝယ်ပြီး —

အဲဒီ ကောင်းကင်ထဲက ကြယ်ပွင့်တွေကို ကျွန်မရဲ့ နားတစ်ဖက်တစ်ချက်ဆီမှာ

နားကပ်လုပ်ပန်ချင်လာတဲ့ —

စိတ်ကူးပေါ့ —။

အခု ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ဖြတ်သန်းတတ်လာတဲ့ အခါကျတော့ —

ကျွန်မ လိုချင်တာဟာ —

ရိုးသားရဲရင့်ပြီး ဖြောင့်မတ်တည်ကြည်တဲ့ သူ့ရဲ့ချစ်သူအဖြစ် ရပ်တည်ခွင့်


ထာဝရပိုင်ဆိုင်ဖို့ပေါ့ —။

လှမ်းထားထား (ဆေးတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



# အခန်း

# ၁

www.burmeseclassic.com

လှတိုင်း လှတိုင်း ဘဝ ရည်ရွယ်ချက်တွေ၊

မျှော်လင့်ချက်တွေ ကိုယ်စီနဲ့ ကိုယ့် ပြေးလမ်းမှာ

ကိုယ် မနားတမ်း ပြေးနေကြတယ်ဆိုတာ

ကျွန်တော် သဘောပေါက်ပြီးသားပါ။

ကျွန်တော့်ဘေးမှာ "ချစ်သူ" ဆိုတဲ့

လက်တွဲဖော်ကလေး ရှိလာမယ်ဆိုရင်တော့

ပိုပြီး ပျော်စရာ၊ အဓိပ္ပါယ်ရှိလာမှာပဲ၊ အဲဒီအတွက်

တစ်ခေတ်ဆန်းကို ကျွန်တော် စိတ်ခေါ်ကြိုဆိုချင်တာပါ။

ကျွန်တော် တခေတ်ဆန်းကို ချစ်မိတယ်။

ကျွန်တော့်ဘဝရဲ့ မိန်းကလေးလည်း ယုံကြည်တယ်။

ကျွန်တော်တို့နှစ်ယောက် အတူလက်တွဲပြီး ဘဝရဲ့

ပြေးလမ်းမှာ ဆက်ပြေးရင်း ရချင်ပါတယ် တခေတ်ဆန်း —။

ရာဇဝင်

ရာဇဝင့်ကို ကျွန်မ တစ်ခုပြောမယ်၊ စိတ်တော့ မဆိုးနဲ့

အမှန်တရားကို ပြောမှာပါ။ အမှန်တရားဆိုတာ

ခါးသီး တတ်တယ်မှလား။ အဲဒီအခါးကိုတော့ ခံနိုင်ရည်ရှိအောင်

ပြင်ဆင်ထားပေးပါ။

အခု ရှင်က ကျွန်မကို လက်ချင်းတွဲလို့

ကမ်းလှမ်းတယ်၊ စိတ်ခေါ်တယ် ဆိုပါတော့။

စီးပွားရေး စကားနဲ့သုံးရရင် ရှယ်ယာခေါ်တယ်ဆိုပါတော့။

ခုအချိန်မှာ ရှင်လည်း ဇီးရိုးပဲ၊ ကျွန်မလည်း ဇီးရိုးပဲ၊

ဇီးရိုးနဲ့ဇီးရိုး ပေါင်းရင် ဇီးရိုးပဲ ရလိမ့်မယ် ရာဇဝင်။

ကျွန်မက ၁၀၀ လိုချင်တာ။ အဲဒီတော့ ရှင် ကျွန်မကို

သက်သေတစ်ခုပြဖို့လိုတယ်၊ ရှင် ကျွန်မကို

တကယ်ချစ်တယ်ဆိုရင် အနည်းဆုံး ၅၀ ဖြစ်အောင်တော့

ကြိုးစားပေးပါ၊ ကျွန်မလည်း ၅၀ ဖြစ်အောင်

ကြိုးစားမယ်၊ နှစ်ယောက်ပေါင်းလို့ ၁၀၀ ပြည့်တဲ့နေ့

ကျွန်မတို့ ပြန်ဆုံကြတာပေါ့ —။

တစ်ခေတ်ဆန်း



www.burmeseclassic.com

တစေတ်ဆန်း' ဆိုသော မိန်းမရဲ့ ဘဝမှာ
မဖြစ်နိုင်တာတွေကိုတောင်
ဖြစ်အောင်လုပ်လာခဲ့သေးတာပဲ။
အဖေသးအပွဲကိစ္စကလေးအတွက်တော့ဖြင့်
ရင်မဆိုင်ရဲစရာ၊
ရှောင်ပြေးစရာ မလိုပါ ...။





# အခန်း (၁)

သုမင်္ဂလာအိမ်ရာဝင်းတစ်ပတ် ခပ်သွက်သွက်ပြေးနေရင်း ဗိုက်ထဲက ရစ်ပြီးနာလာသည်။ ကိုယ့်ဗိုက်အခြေအနေကို ကိုယ် အသိဆုံး။ ဆက်ပြေးလို့မရတော့ . . . ပြီးတော့ ဆက်ပြီး ရပ်နေလို့တောင် မရတော့။ ခြေထောက်နှစ်ချောင်းကို လိမ်ယှက်လိုက်ရင်း ဗိုက်ကို ဖိနှိပ်ထားမိသည်။ ဟင့်အင်း . . . မရတော့ဘူး။ နောက်ထပ် တစ်မိနစ်ဆို အားလုံး အကျိုးနည်းကုန်တော့မည်။ မျက်နှာတစ်ခုလုံး ဝေဒနာဖြင့် ရှုံ့မဲ့နေမှာ သေချာသည်။ ဖြုန်းခနဲ ရပ်လိုက်မိသော ခြံကြီးဆီ တစ်ချက် လှမ်းကြည့်မိသည်။ အိမ်ကြီးရဲ့ အရှိန်အဝါက ခဏတဖြုတ် ဝင်ပြီး အလေးစွန့်ဖို့ အားနာဖို့အကောင်းသား။ အပြင်ပန်းကို လှမ်းကြည့်လိုက်ရုံမျှဖြင့် အိမ်ကို ဘယ်လောက် ခမ်းခမ်းနားနား တန်ဆာဆင်ထားမှန်း သိသာစေပါသည်။

www.burmeseclassic.com



အဖြူရောင် ကျောက်တိုင်ပွတ်လုံးတိုင်ကြီးများဖြင့် white house ပုံစံ ဆောက်ထားသော ရောမ အိမ်ဖြူဖြူကြီးကို မျက်နှာပူသော်လည်း သူမ မတတ်နိုင်ပါ။ ရှည်ရှည်ဝေးဝေး စဉ်းစားနေဖို့လည်း အချိန်မရတော့။ ခြံတံခါးဘဲလ်ကို ခပ်သွက်သွက် နှိပ်ပစ်လိုက်မိသည်။ အဆက်မပြတ် . . .။ ကောင်လေးတစ်ယောက် ပြေးထွက်လာသည်။

"ဘာကိစ္စရှိလို့ပါလဲခင်ဗျာ . . ."

တဲ့ . . .။ အရေးထဲ လေရှည်တော်မူနေသေးသည်။ သူမကဖြင့် တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထပြီး တဆတ်ဆတ် တွန့်လိမ်နေပြီ။

"တို့ ဒီအိမ်ရှင်နဲ့တွေ့ချင်လို့ . . . တံခါးအမြန်ဖွင့်ပါ၊ ကိစ္စက အရမ်းအရေးကြီးတယ်"

ဟု . . . ဆွေ့ဆွေ့ခုန်ပြီး ပြောနေသော သူမကို ကောင်လေးက တအံ့တသြ အကဲခတ်ရင်း ခြံတံခါးကို ဖွင့်ပေးသည်။ သူမက ကိုယ့်အိမ်ကိုယ့်ယာနှယ် ကမူးရှူးထိုးဝင်လာခဲ့ပြီး . . .

"အိမ်ရှင်နဲ့မတွေ့ခင် အိမ်သာ ဘယ်မှာလဲ အရင်ပြပါဟယ်၊





တို့ မအောင့်နိုင်တော့လို့ . . ."

ကောင်လေးက ခစ်ခနဲ တစ်ချက်ရယ်ကာ သူမကို အိမ်ကြီးရဲ့ အနောက်ဖက်တံခါးပေါက်ဆီ ခေါ်သွားသည်။ မီးဖိုဆောင်ကိုဖြတ်ပြီး အိမ်သာခန်းတစ်ခန်းဆီ ခေါ်သွားပေးသည်။

"အစ်မ . . . စိတ်ချလက်ချ အေးအေးဆေးဆေး လုပ်ပါနော်၊ ကျွန်တော် အစ်ကိုလေးကို ဘယ်သူက တွေ့ချင်တယ်လို့ ပြောပေးရမလဲ"

"ဟမ် . . . အဲ . . . မသိသေးဘူး၊ ခဏလေးနေဦး၊ ဒီကိစ္စကို အရင်ရှင်းလိုက်ဦးမယ်၊ မင်း သွားတော့"

တံခါးကို အမြန်ပိတ်ပြီး အရေးတော်ပုံကို အမြန်ဖြေရှင်းရတော့သည်။ ကြည့်ရတာ ဧည့်သည်ဆောင်သည်တွေအတွက် သီးသန့်အိမ်သာခန်းကလေးဖြစ်ပုံရပါသည်။ သန့်သန့်ရှင်းရှင်း ပြင်ပြင်ဆင်ဆင် မွှေးမွှေးရေးရေး ရှိလှသည်။ တစ်ခန်းလုံး Lavender ရောင်တွေ သုံးထားသလို လက်သုတ်ပုဝါ၊ ပန်းအိုး၊ ဆပ်ပြာရည်ဗူး hand cream ကအစ လာဝဲန်ဒါတွေ ချည်း သုံးထားတာကို သူမကို သဘောအကျကြီးကျနေသည်။ ဧည့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



(basin) ကလည်း လာဗဲန်ဒါဖြဲ။ မွှေးရနံ့သင်းစေသော scented lavender ပန်းခြောက်တွေနှင့် ပန်းအိုးလှလှထိုးထားသည်။ လက်ညှိုးကလေးနှင့် သုတ်ကြည့်တော့ ဖုန်တစ်စက်မှ မရှိ။ ဒီလိုဆိုရင် ဒီအိမ်ပိုင်ရှင်ဟာ စည်းကမ်းတိကျသူ၊ စည်းစနစ်ကျသူ၊ အသန့်အရှင်း၊ အမွှေးအပျံ့ ကြိုက်သူ၊ ပြီးတော့ စိတ်ကူးယဉ်ဆန်သူ၊ Romantic ဆန်သူ ဖြစ်ရမယ် . . .။

ကိုယ့်ကိစ္စပြီးစီးသွားသောအခါ ပေါ့ပါးရှင်းလင်းသွားပြီမို့ လက်ဆေး hand cream ကလေးလိမ်းကာ ထွက်လာခဲ့သည်။ အခုမှပဲ ပြုံးနိုင်ရယ်နိုင်လာကာ အခုမှပဲ အိမ်ရှင်ကို မျက်နှာပူဖို့အားနာဖို့ သတိရလာသည်။ ကိုယ်လုပ်ခဲ့မိတာ တကယ် မျက်နှာပြောင်တိုက်မိတဲ့ အလုပ်နော်။ ဒါပေမယ့် ကိုယ့် အန္တရာယ်ကိုမှ ဆက်ပြီး လွှယ်မထားနိုင်တော့တဲ့ဥစ္စာလေ။ အပြင်ဝနားမှာ စောင့်နေဆဲ ကောင်လေးက . . .

"အစ်မ . . . အစ်မကို အစ်ကိုလေးက ဧည့်ခန်းထဲမှာ စောင့်နေမယ်တဲ့"

ကောင်လေးက အိမ်ရှင်ကို သတင်းပို့ထားခဲ့ပြီ။





ဘယ်တတ်နိုင်ပါ့မလဲ . . .။ 'တခေတ်ဆန်း' ဆိုသော မိန်းမရဲ့ဘဝမှာ မဖြစ်နိုင်တာတွေကိုတောင် ဖြစ်အောင်လုပ်လာခဲ့သေးတာပဲ။ ဒီလောက်အသေးအဖွဲ့ကိစ္စကလေးအတွက်တော့ဖြင့် ရင်မဆိုင်ရဲစရာ၊ ရှောင်ပြေးစရာ မလိုပါ။ အဖြစ်မှန်ကို အမှန်အတိုင်း ရိုးသားစွာ ဝန်ခံလိုက်ရုံပေါ့။ ဒါ ရှက်စရာ မဟုတ်ပေါင်။ အိမ်ကြီးတစ်အိမ်လုံးကို တကယ် ခမ်းခမ်းနားနား၊ စနစ်တကျ ပြင်ဆင်ထားသည်။ တစ်အိမ်လုံး ကျွန်းရောင်တွေ ဖိတ်ဖိတ်လက်နေကာ ရှေးဟောင်းပစ္စည်းတွေ၊ ဂန္ထဝင်လက်ရာ အသုံးအဆောင်တွေနှင့် အသက်ဝင်ခမ်းနားစေသည်။ နံရံမှာ တန်ဖိုးကြီးသော ဆီဆေးပန်းချီကားချပ်ကြီးတွေ၊ စန္ဒရားကြီးတစ်လုံး၊ မြန်မာ့ ဓောင်းကောက်အကြီးကြီး၊ ရောမ ပန်းအိုးလှလှကြီးတွေ၊ စနစ်တကျ တပ်ဆင်ထားသော လိုက်ကာခန်းဆီးတွေနှင့် ဧည့်ခန်းကို ပြင်ဆင်ထားသည်။ ကျွန်းနှင့် လည်သာနီညိုရောင် တွဲစပ်ထားသော ဆက်တီတွေရှိသည်။ ဆက်တီ တစ်ခုံပေါ်မှာ လူတစ်ယောက်ထိုင်နေသည်။ သူက သူမတို့ လျှောက်လာသောလမ်းကို ကျောခိုင်းထိုင်ပြီး စာအုပ်တစ်အုပ် ဖတ်နေခဲ့ခြင်းဖြစ်သည်။ သူမက ပန်းသေးစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရောင် adidas အားကစားဝတ်စုံ ထရက်ဆူနှင့်မို့ ဒီလိုအိမ်ကြီးရှင်နှင့် ခုလို ပုံစံမျိုးနှင့် မတွေ့ဆုံချင်တာတော့ အမှန်။ အဝတ်အစား၊ အဆောင်အယောင်ဟာ ပထမဆုံး စတင်ဆုံတွေ့မှုမှာ . . . အင်မတန်အရေးပါသည်ဟု သူမ အမြဲခံယူခဲ့သည်။ လူတိုင်းဆီက လေးစားမှုနှင့် အထင်ကြီးမော်ကြည့်မှုကိုပဲ သူမ ခံယူချင်ပါသည်။ ဒါကြောင့် ဧည့်သည်တွေနှင့်တွေ့တိုင်း သူမက စနစ်တကျ အဆင့်မြင့်မြင့် ကျော့ကျော့မော့မော့ ပြင်ဆင်သွားနေကျဖြစ်သည်။ အခုတော့ ဒီလိုပုံစံနှင့် သူမကို ဒီအိမ်ရှင်ကတော့ ဘာထင်မည်မသိချေ။ အို . . . နောက်တော့လည်း သူဟာ 'တစ်ခေတ်ဆန်း' ဆိုတဲ့ နာမည်ကို ကြားလိုက်ရုံနှင့်တင် သူမ ဘာလဲဆိုတာ သဘောပေါက်သွားမှာပါလေ။

"အစ်ကိုလေး . . . ဟောဒီအစ်မပဲခင်ဗျ၊ အစ်ကိုလေးနဲ့ တွေ့ချင်တယ်ဆိုတာ"

"ဪ . . ."

ထိုင်နေရာမှ ထရပ်လိုက်သောသူနှင့် သူ့အနားသို့ ရောက်သွားသော သူမ အခုမှ တစ်ယောက်ကိုတစ်ယောက် သေချာ





တွေ့သွားကြသည်။ ထိုခဏမှာ သူ့မျက်ခုံးတွေ ရုတ်ချည်းပင့်တက်သွားခဲ့ပြီး လက်ထဲက Time မဂ္ဂဇင်းကလေးကို ခပ်ကျစ်ကျစ် ဆုပ်ပစ်လိုက်တာကို သူမ မြင်လိုက်ရသလို၊ သူမ ကိုယ်တိုင်လည်း ရှော့ခ်ရသွားသူတစ်ယောက်လို နေရာမှာ ခြေစုံရပ်ကာ မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသားဖြင့် သူ့ကို မျက်တောင်မခတ်ကြောင်ငေးကြည့်နေမိသည်။ ဘယ်လိုမှ မမှတ်မိနိုင်စရာအကြောင်း မရှိ . . .။ နှလုံးသားထဲမှာ tattoo တစ်ခု ထိုးထားသလို ပြန်ဖျက်လို့မရတော့အောင် ထုတ်ချင်းဖောက် စွဲထင်နေခဲ့သော ပုံရိပ်တစ်ခု။ ဆယ်နှစ်တောင် ကျော်ခဲ့ပြီလေ . . .။ သူမ ရင်ထဲရှိ နှလုံးသားက အခုန်ရပ်သွားပြီးမှ အငမ်းမရ ပြန်ခုန်လာခဲ့သလို ဝုန်းဒိုင်းကြဲ ဆောင့်ခုန်လာခဲ့သည်။ သူ့ကို ဘယ်တော့မှ ပြန်မဆုံရတော့ဘူးလို့ ထင်ထားခဲ့မိတာ။ ကြည့်စမ်းပါဦး . . .။ ပြန်တွေ့မယ့် တွေ့တော့လည်း တကယ့်ကို နီးနီးကလေးမှာပါလား။ ဒီဝင်းထဲမှာ သူ နေထိုင်တယ်လို့ သူမ ဘာကြောင့်များ မသိခဲ့၊ မကြားခဲ့ရတာပါလိမ့်။ ဪ . . . သူမကိုယ်တိုင်တောင် ပြောင်းလာတာဖြစ်၍ ကြာမှ မကြာသေးတဲ့။ နှစ်ယောက်စလုံး ဆွံ့အ,နေကာ တော်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



စကားမ,စတင်နိုင်။ ပထမဆုံး စတင်၍ လှုပ်ရှားသက်ဝင်သူမှာ သူဖြစ်သည်။

"တစ်ခေတ်ဆန်းနော် . . . မတွေ့ရတာ ဆယ်နှစ်ကျော်သွားခဲ့ပြီ၊ အံ့ဩဖို့ မကောင်းဘူးလား၊ တွေ့မယ့် တွေ့တော့လည်း အိမ်တိုင်ရာရောက်ပဲနော်"

သူ့အသံက လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလကထက်တော့ အများကြီး ပိုပြီး ရင့်ကျက်တည်ငြိမ်လာကာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုအပြည့်အဝ ရှိဟန်မျိုးကို ပိုင်ဆိုင်ထားခဲ့ပြီ။ သူမကရော ဘာထူးသေးလို့လဲ . . .။ လွန်ခဲ့သော ဆယ်နှစ်ကထက် အများကြီး ပြောင်းလဲသွားခဲ့ပြီ။

"ဟုတ်တယ် . . . ရာဇဝင်၊ ကျွန်မဖြင့် ဒီပုံစံမျိုးနဲ့ ပြန်ဆုံရလိမ့်မယ်လို့ ထင်တောင်မထားဘူး၊ ဖြစ်ပုံကတော့ မပြောချင်ပါဘူး၊ ကျွန်မလေ မနက်တိုင်း ဒီခြံဝင်းတစ်ပတ်ထ,ပြေးနေကျလေ၊ ဒီနေ့မှာမှ ဗိုက်က တအား ရစ်လာတာ၊ ဘယ်လိုမှ ဆက်မထိန်းနိုင်တော့တာနဲ့ ဖြစ်ချင်ရာဖြစ်တော့ဆိုပြီး ခြံဝက ဘဲလ်ကို ဖွတ်နှိပ်ပြီး လွယ်ထားရတဲ့ အန္တရာယ်





ကို အမြန်ဝင်ရှင်းပစ်လိုက်ရတာ၊ တော်တော်တော့ မျက်နှာပူစရာကောင်းသား"

သူက အားပါးတရ ပြုံးပါသည်။ ပြုံးလိုက်သောကြောင့် သူ့မျက်နှာသည် နုနယ်ပျိုမျစ်သွားကာ ပို၍ ဆွဲဆောင်မှုရှိသွား၏။ သူမကိုယ်တိုင်လည်း ပါးချိုင့်ကလေးများပေါ်အောင် ပြုံးမိလေသည်။

"အဲဒါကပဲ ကျေးဇူးတင်စရာကောင်းနေပြီလေ တစ်ခေတ်ဆန်းရဲ့၊ နို့မို့ဆို ကျွန်တော်တို့ တော်တော်နဲ့ ပြန်ဆုံနိုင်ဦးမှာမဟုတ်ဘူး၊ ဒီဝင်းထဲမှာ နေနေကြမှန်းတောင် သိကြဦးမှာမဟုတ်ဘူး၊ တစ်ခေတ်ဆန်းရဲ့ အောင်မြင်မှုတွေကိုတော့ ကျွန်တော် ကြားနေရပါတယ်၊ တစ်ခေတ်ဆန်းဆိုတဲ့ Logo ကြီးက နည်းနည်းနောနောမှ မဟုတ်တာ"

"ရှင့်ကြည့်ရတာလည်း တော်ရုံလူတစ်ယောက် မဟုတ်တော့ဘူး ထင်ပါတယ် ရာဇဝင်ရယ်၊ ရှင့်အကြောင်းတော့ ကျွန်မ တကယ်ကို ဘာမှ မကြားရတော့တာပါ"

"ဖြစ်နိုင်ရင် ကျွန်တော့်ကို အခွင့်အရေးတစ်ခုပေးပါလား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေတ်ဆန်း၊ မနက်ခင်းစာဖြစ်ဖြစ်၊ ဒါမှမဟုတ် နေ့လည်စာဖြစ်ဖြစ် ကျွန်တော် လိုက်ကျွေးပါရစေ၊ တစ်ခေတ်ဆန်းမှာ အချိန်တွေသိပ်ရှားမှန်း ကျွန်တော် သိပါတယ်၊ ကျွန်တော်တို့ ပြန်ဆုံပြီး စကားတွေအများကြီး ဆက်ပြောစရာတွေရှိသေးတယ်လေ"

သူ ဘာကို ဆိုလိုသလဲဆိုတာ သူမ ချက်ချင်းပဲ သဘောပေါက်လိုက်သလိုလို ရှိသည်။ နှုတ်ခမ်းကလေးတွန့်ကာ ပြုံးလိုက်ရင်း ဟိုးတစ်ချိန်တုန်းက စကားတစ်ခွန်းကို သူ မမေ့မပစ်သေးဘဲဟု အလိုလို ခံစားမိလာသည့်တခဏမှာ သူမ တစ်ကိုယ်လုံးရှိ သွေးတွေလည်း ပူနွေးရှိန်းမြလာခဲ့သည်။ သူ မမေ့နိုင်ပါမတဲ့လား ...။ သူမကတောင် မမေ့နိုင်သေးတဲ့ဥစ္စာ။ သူမက နာရီကို တစ်ချက်ကြည့်လိုက်ရင်း ...

"ဒီလိုလုပ်လေ ရာဇဝင် ...၊ ဒီနေ့အဖို့တော့ breakfast စားဖို့အချိန် ကျွန်မမှာ တကယ်မရှိတော့လို့ပါ၊ lunch ကလည်း မသေချာဘူး၊ ကျွန်မတွေ့ဖို့ ချိန်းထားတဲ့ ဧည့်သည်တွေနဲ့ စားဖြစ်ဖို့များတယ်၊ ဒီတော့ ညနေစာကို ကျွန်မ





မစားဘဲ ပြန်လာခဲ့မယ်၊ ရာဇဝင်နဲ့ အတူ စားရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ဘယ်မှာဆုံမလဲ ... အချိန်ပါပြောလိုက်၊ ကျွန်မ အဲဒီကို လာခဲ့မယ်"

"ကောင်းပြီလေ ... ကျွန်တော် Lake View Restaurant မှာ ညနေခြောက်နာရီအထိ စောင့်နေပါ့မယ်"

"အိုကေ ! ... ကျွန်မ လာခဲ့ပါ့မယ်၊ မမျှော်လင့်ဘဲ ပြန်ဆုံရတဲ့အတွက် ကျွန်မ တကယ် ဝမ်းသာတယ် ရာဇဝင်၊ ဒီဆယ်နှစ်အတွင်းမှာ ရှင် ဘာတွေလုပ်ခဲ့သလဲ၊ ကျွန်မ ဘာတွေ လုပ်ခဲ့သလဲဆိုတာ ဖလှယ်ကြတာပေါ့"

"ကျွန်တော်လည်း ပြောပြချင်နေပါတယ် တခေတ်ဆန်းရယ်"

သူက သူမကို ခြံတံခါးထိပ်ထိ လိုက်ပို့ပေးခဲ့သည်။ သူ့ကို နှုတ်ဆက်ပြီး အိမ်ဆီ ပြန်ပြေးလာရင်း လမ်းတစ်လျှောက်မှာ အာရုံတစ်ခုလုံး လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလတွေဆီ တရိပ်ရိပ် ပြန်ပြေးသွားနေခဲ့ပါသည်။

✞



www.burmeseclassic.com

www.burmeseclassic.com

မှန်ထဲမှာကြည့်လိုက်ရင် ကျွန်တော့်ကိုယ်ကျွန်တော်

ပြန်မေးကြည့်တတ်တယ် —။

မင်းမှာ ၂၀ ဆိုတဲ့ အရည်အသွေး

ရှိလာပြီလားလို့လေ။

အဲဒီစကားလေးက —

ကျွန်တော့်နှလုံးသားမှာရော၊ စိတ်ထဲမှာပါ tattoo

ထိုးထားခဲ့သလိုပဲ စွဲထင်နေတော့တာ —။

ရာဇဝင်

တစ်ခေတ်ဆန်းပဲ — သိတယ်မှလား —

ဘယ်တော့မှ ဌွမလျှော့ခဲ့ဘူးလေ —

နောက်မဆုတ်ဘူး — အရှုံးမပေးဘူး။

မရ ရအောင် ဒိုတက်တယ်၊

ပြောရဲဆိုရဲ လုပ်ရဲ ကိုင်ရဲတဲ့ သတ္တိကို လက်နက်အဖြစ်

မွေးထားတယ်လေ၊ အခွင့်အရေးတစ်ခုခု ရဖို့အတွက်ဆိုရင်

သတ္တိရှိမှ၊ ရင်ဆိုင်ပြောဆိုရဲမှ ရနိုင်တယ်ဆိုတာ

ကျွန်မသိထားတယ်လေ၊ ပြီးတော့ —

ကိုယ့်အရည်အသွေးကိုလည်း ယုံကြည်စိတ်ချပြီးသားပေါ့ —

တစ်ခေတ်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ခေတ်ဆန်း
နှလုံးအိမ်မှာ
ထိုးထွင်းခဲ့သော
tattoo ရာဇဝင်

# လွန်ခဲ့သော ဆယ်နှစ်တာကာလဆီက





သူမက ငယ်ငယ်သိတတ်စအရွယ်ကတည်းက ဘယ်သူ့ကိုမှ အားကိုးတတ်သူမဟုတ်ခဲ့ . . .။ အသက်ဆယ်နှစ်အရွယ်တွင် မိဘဆီက မုန့်ဖိုးကို လက်ဖြန့်ခံမှုသုံးတော့ဘဲ သူမဘာသာ ပိုက်ဆံရှာပြီး လိုချင်တာကို ဝယ်သုံးခဲ့သူဖြစ်သည်။ သူမဘယ်လိုနည်းနှင့် ငွေရှာခဲ့တယ် ထင်ပါသလဲ။ အိမ်မှာရှိနေသော မဖတ်ဖြစ်တော့သည့် မဂ္ဂဇင်းစာအုပ်တွေကို စာအိတ်ဖြစ်အောင် ကော်နှင့်ကပ်ကာ ဈေးထဲက ဆိုင်တွေမှာ သွားသွင်းတာမျိုး။ အလကားရသော ခရေပင်အောက်က ခရေပန်းတွေကောက်ပြီး ပြန်သီကာ သွားရောင်းတာမျိုး၊ ဈေးမှာ ပြောင်ပိတ်စ,ကလေးတွေ ဝယ်ကာ လက်ကိုင်ပုဝါအရွယ် အညီအညာကိုက်ပြီး ပန်းပွင့်ကလေးတွေ၊ လိပ်ပြာကလေးတွေ၊ နာမည်အတိုကောက်ကလေးတွေ ဖော်ကာ အပ်ချည်နှင့် လှလှပပ ပြန်ရက်သီပြီး ကျောင်းက သူငယ်ချင်းတွေကို ပြန်ရောင်းတာမျိုး၊ ကဒ်ထူစက္ကူကလေးတွေမှာ မိန်းကလေးပုံကလေးတွေ ဆွဲပြီး လှလှပပ ဆေးခြယ်ပေးကာ၊ သူတို့ အဝတ်အစားတွေကိုလည်း စာအုပ်တွေထဲကနေ ဒီဇိုင်းယူကာ စက္ကူအကျႌ လှလှဆန်းဆန်းကလေးတွေပါ အဆင်သင့် ဆွဲပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောင်းတာမျိုး . . . စသဖြင့် သူမမှာ ပိုက်ဆံကို ဘယ်လို ရှာရမလဲဆိုသော စိတ်ကူးမျိုးအသွေးအသားထဲမှာကို စီးဆင်း ကိန်းဝပ်နေခဲ့သည်။

တဖြည်းဖြည်းနှင့် အရွယ်ကလေးရလာတော့ အိမ်မှာ အပ်ချုပ်စက်ဝယ်ကာ အင်္ကျီတွေချုပ်ပြီး ငွေရှာတတ်သော မေမေ့ ဆီကနေ ပညာသင်ယူကာ သူမက အင်္ကျီတွေ၊ လုံချည်တွေ၊ စကတ် တွေသာမက လက်ကိုင်အိတ်၊ လွယ်အိတ်၊ ခေါင်းစည်းပုဝါ၊ ခါးပတ်. . . စသဖြင့် အသုံးအဆောင်တွေ မှန်သမျှကို စိတ်ကူး ဉာဏ် ကွန့်မြူးတီထွင်ပြီးချုပ်ကာ အနီးအနား ပတ်ဝန်းကျင်ရှိ မိန်းကလေးတော်တော်များများကို ပြန်ရောင်းခဲ့သည်။ နိုင်ငံခြားက ကတ်တလော့(ဂ်)စာအုပ် အဟောင်းတွေကိုတော့ ပန်းဆိုးတန်းရှိ စာအုပ်အဟောင်းတန်းမှာ သွား၍ မွှေနှောက်ရှာဖွေတတ်သည်ပေါ့။ သူမက ဖက်ရှင်ဒီဇိုင်းတွေကို စိတ်ဝင်စားသလို မိန်းကလေး အသုံး အဆောင်၊ အိမ်တစ်အိမ်ရဲ့ အပြင်အဆင် အသုံးအဆောင်ကလေး တွေကို စိတ်ကူးဉာဏ် ကွန့်မြူးချဲ့ထွင်ပြီး တီထွင်ရတာကို သဘော ကျသည်။ ပုတီးစေ့ကလေးတွေ၊ ကြိမ်စေ့ကလေးတွေ ရှာဝယ်ပြီး





လက်ကောက်၊ နားကပ်၊ လည်ဆွဲ၊ လက်စွပ် စသဖြင့် တီထွင်ဖန်တီး ကာ ပြန်ရောင်းတတ်သည်။ သူမ တီထွင်ဖန်တီးသမျှကို အားပေး ဝယ်ယူမည့် ဖောက်သည်တွေကလည်း အမြဲတမ်း အဆင်သင့် စောင့်နေတတ်မြဲ။ သူမ၏ သူငယ်ချင်းတွေ . . . ပြီးတော့ ရပ်ကွက် ထဲက အပျိုတွေပေါ့။ သူမက လူတွေကို ဘယ်လိုပေါင်းသင်း ဆွဲဆောင်ရမယ်ဆိုတာကိုလည်း နားလည်သိထားသည်မို့ ကျောင်း မှာရော၊ ရပ်ကွက်ထဲမှာပါ လူချစ်လူခင်လည်းပေါများကာ အားပေး ဝယ်ယူမည့်သူတွေ ဖြစ်လာခဲ့သည်။ သူမက ဘာလုပ်လုပ် ဖြစ် အောင်လုပ်တတ်သည်။ သူမ၏ အိမ်ကလေးကိုလည်း သူမ၏ လက်ဖြစ် ပစ္စည်းကလေးတွေဖြင့် လှလှပပ တန်ဆာဆင် ပြင်ဆင် ထားတတ်သည်။ ပုတီးစေ့ခန်းဆီးကလေးတွေ၊ မီးအုပ်ဆောင်း လှလှကလေးတွေ၊ သူမကိုယ်တိုင် ရေးဆွဲသော ပန်းချီကားကလေး တွေ၊ ဆက်တီအဖုံးကိုကအစ သူမလက်ရာ။ ဘယ်တော့မှ အပြင် ကနေ မဝယ်ရပါ။ ကုန်ကြမ်းကိုသာဝယ်ပြီး သူမစိတ်ကူးနှင့် တီထွင်ဖန်တီးတတ်တာများသည်။ အဲဒီတော့ တစ်ခေတ်ဆန်းဆို သော နာမည်သည် သူမ ဆယ်ကျော်သက်ဘဝကတည်းကစပြီး



www.burmeseclassic.com

www.burmeseclassic.com



လူစိတ်ဝင်စားသော၊ အမှတ်တံဆိပ် Logo တစ်ခု ဖြစ်ခဲ့တာ မဆန်းပါ။ သူမဖေဖေက သူမကို အမြဲတမ်း ပြောခဲ့သော စကားတစ်ခွန်းရှိသည်။

"စောင့်ကြည့် . . . ငါ့သမီးဟာ တစ်နေ့မှာ ဧရာမ ပုဂ္ဂိုလ်တစ်ယောက်ကို ဖြစ်လာမှာပဲ၊ စီးပွားရေးနယ်ပယ်မှာလား၊ အနုပညာနယ်ပယ်မှာလား . . . တစ်ခုခုပဲ၊ တစ်ခေတ်ဆန်းဟာ Somebody ကို ဖြစ်လာဦးမှာ မလွဲပဲ၊ ဖေဖေ ဇက်ဖြတ်ခံကြေး လောင်းရဲတယ်"

တဲ့ . . .။ အဲဒီစကားကို စ,ကြားရစဉ်တုန်းက သူမတစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ စိမ့်ဖြာထသွားခဲ့သည်အထိ သူမအတွက် စိတ်ဓါတ်ခွန်အားတွေ ဖြစ်စေခဲ့ရသည်။ ဖေဖေပြောတာ ဟုတ်တယ်။ သူမဟာ ဘဝမှာ သူလို ငါလို အများသူငါကြားထဲက သာမန်ဘဝတစ်ခုနှင့် မဖြတ်သန်းချင်။ အောင်မြင်သောဘဝတစ်ခုကိုသာ သူမ တည်ဆောက်လိုသည်။ အဲဒီအတွက် သူမဘက်က အစွမ်းကုန်လည်း ကြိုးစားမည်။ သူမ၏ဘဝ ရည်မှန်းချက်တွေ အပြင်းထန်ဆုံးအချိန်၊ သူမ၏ စိတ်ဓါတ်တွေ အတက်ကြွဆုံးအချိန်မှာ သူနှင့် စတွေ့ခဲ့ရခြင်းဖြစ်သည်။ အဲဒီတုန်းက အင်္ဂလိပ်စာကျူရှင်တစ်ခုမှာ ဖြစ်သည်။ သူမဆီ ငေးကြည့်နေတတ်သော မျက်ဝန်းညိုရီများကို သူမကလည်း သတိထားမိခဲ့ပါသည်။ ရှပ်အင်္ကျီ အဖြူကလေးတွေ အဝတ်များသော သူ့ပုံစံက လူညီချောတစ်ယောက်အဖြစ် သူမ၏ နုနယ်ဖူးသစ်စ နှလုံးသားကလေးကို လှုပ်နှိုးထိခတ်စေခဲ့တာတော့ အမှန်ပါ။ ခက်တာက သူမ၏ ရင်ခုန်သံစည်းချက်အားလုံးကို သူမ၏ ဘဝရည်မှန်းချက်တွေ၊ စိတ်ဓါတ်ခွန်အားတွေက ချုပ်ကိုင်ထိန်းသိမ်းထားခဲ့ခြင်းဖြစ်သည်။ အချစ်ဆိုသောအရာသည် သူမနှင့် အလွန်စိမ်းကား အေးစက်လွန်းသော တခြားတစ်ဖက်မှာ ရှိနေခဲ့သည်။ သူမက ဘဝကိုပဲ ပို၍ လင်းလက်တောက်ပနေချင်ခဲ့သည်။ နောင် လေးနှစ်အကြာမှာ သူမဘာတွေလုပ်မည်၊ ဘာဖြစ်နေရမည်၊ ဘယ်လို အခြေအနေမျိုးရောက်နေရမည် . . . ဟူသော စီမံကိန်းကို သူမဦးနှောက်ထဲမှာ စနစ်တကျ အကွက်ချထားခဲ့ပြီးသား။ ကြိုးစားနေသူတစ်ယောက်အတွက်၊ မရပ်မနား ပြေးနေသူတစ်ယောက်အတွက် တစ်ချိန်မှာ ခရီးတစ်ခုဆီတော့ ရောက်နေမှာပဲ . . . ဟု သူမက စွဲမြဲယုံကြည်





www.burmeseclassic.com

www.burmeseclassic.com





နေခဲ့သည်။

မိုးတွေရွာနေသော နေ့တစ်နေ့မှာ . . . သူက သူမကို နှစ်ယောက်တည်း စကားပြောခွင့်ပေးဖို့ တောင်းဆိုခဲ့သည်။ သူ့မျက်နှာ အမူအရာကိုကြည့်ပြီး သူ ဘာပြောတော့မယ်ဆိုတာ သူမက ရိပ်မိနေခဲ့ပြီးသား။ သူမ သူ့ဆီမှာ ရင်ခုန် ပျော်ဝင် ကျဆုံးပစ်လိုက်ရမှာလား။ ခုအချိန်မှာ သူမနံဘေးမှာ ချစ်သူတစ်ယောက်၊ အပိုလူတစ်ယောက် လိုအပ်သေးလို့လား။ ဟင့်အင်း . . .။ သူမ အချစ်အတွက် အချိန်မပေးနိုင်ပါ။ သို့သော် . . . သူနှင့် စကားပြောဖို့ကိုတော့ သူမ လက်ခံလိုက်ပါသည်။ ကျူရှင်အောက်ထပ်က လ္ဘက်ရည်ဆိုင်ကလေးမှာ သူနှင့်သူမတို့ ထိုင်မိကြသည်။ သူမက ကျူရှင်ပြီးချိန်မို့ ဗိုက်ဆာဆာနှင့် မှာထားသော ကော်ဖီပူပူနှင့် အုန်းသီးတွေ ဖြူးထားသော ယောပတ်ဘိန်းမုန့်ပူပူကို စားနေချိန်မှာ သူက သူမကို ရွှန်းရွှန်းစားစားစိုက်ကြည့်နေသည်။ အဲဒီ အကြည့်တွေ အတွက်တော့ သူမ ရှိုးတိုးရှန့်တန်း မဖြစ်မိ။

"တစ်ခေတ်ဆန်းကို ကျွန်တော် သတိထားမိနေတာ ကြာပြီ၊ ကြည့်လိုက်ရင် ခေါင်းကိုမော့၊ ရင်ကိုမတ်မတ်ထားပြီး လက်သီးနှစ်ဖက် ကျစ်ကျစ်ဆုပ်ထားလို့ . . . မျက်လုံးတွေက အမြဲ တွေးတောကြံစည်နေသလိုမျိုး နက်မှောင်စူးရှလို့ အမြဲ တက်ကြွဖျတ်လတ်နေတတ်တယ်နော်၊ ကျွန်တော် အဲဒါကို အရမ်း သဘောကျတာပဲ၊ တစ်ခေတ်ဆန်းရဲ့ သတင်းတွေ ကျွန်တော် ပြန်ကြားရတယ်၊ အသုံးအဆောင်ပစ္စည်း အဆန်းကလေးတွေ ကိုယ်တိုင်တီထွင်ပြီး စီးပွားရှာတတ်တယ်တဲ့၊ တစ်ခေတ်ဆန်းရဲ့ မျက်နှာပေါ်မှာ တစ်ခုခုကို ကျွန်တော် မြင်နေရသလိုပဲ၊ တစ်ချိန်မှာ အောင်မြင်တဲ့ အမျိုးသမီး လုပ်ငန်းရှင်တစ်ယောက် ဖြစ်ချင် ဖြစ်နေမှာနော်"

ဟု . . . သူက စကားစသည်။ ချီးမွမ်းစကားတွေက သူမ၏ရင်ကို နွေးမြလုံခြုံမှုရစေတာ၊ ခွန်အားဖြစ်စေတာတော့ အမှန်ပါ။

"အစစ်ပဲ . . . ကျွန်မလည်း အဲဒီလိုပဲ မျှော်လင့်ထားပါတယ်၊ ကျွန်မအတွက် ဖြစ်ချင်တာတွေ၊ လုပ်စရာတွေ၊ ပြင်ဆင်မှုတွေ၊ စိတ်ကူးတွေနဲ့ အမြဲ ပြည့်နေတတ်တာ၊ ရှင်ကရော ဘာဖြစ်ချင်တာလဲ . . . ရာဇဝင်၊ တစ်နေ့မှာ





www.burmeseclassic.com

www.burmeseclassic.com



ရှင် ဘာဖြစ်ရမယ်ဆိုတဲ့ စိတ်ကူးမျိုး။ ရှင့်မှာ ရှိသလား”

“ရှိတာပေါ့ တစ်ခေတ်ဆန်း . . . ၊ လူတိုင်း လူတိုင်း ဘဝ ရည်ရွယ်ချက်တွေ၊ မျှော်လင့်ချက်တွေ ကိုယ်စီနဲ့ ကိုယ့်ပြေးလမ်းမှာ ကိုယ် မနားတမ်း ပြေးနေကြတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပြီးသားပါ၊ ကျွန်တော့်ဘေးမှာ ‘ချစ်သူ’ ဆိုတဲ့ လက်တွဲဖော်ကလေး ရှိလာမယ်ဆိုရင်တော့ ပိုပြီး ပျော်စရာ၊ အဓိပ္ပါယ်ရှိလာမှာပဲ၊ အဲဒီအတွက် တစ်ခေတ်ဆန်းကို ကျွန်တော် ဖိတ်ခေါ်ကြိုဆိုချင်တာပါ၊ ကျွန်တော် တစ်ခေတ်ဆန်းကို ချစ်မိတယ်၊ ကျွန်တော့်ဘဝရဲ့ မိန်းကလေးလို့လည်း ယုံကြည်တယ်၊ ကျွန်တော်တို့နှစ်ယောက် အတူလက်တွဲပြီး ဘဝရဲ့ ပြေးလမ်းမှာ ဆက်ပြေးခွင့် ရချင်ပါတယ် တစ်ခေတ်ဆန်း၊ ဘယ်လိုသဘောရသလဲဟင်”

သူက ရိုးရိုးကလေးပြောခြင်းဖြစ်သည်။ အမှန်အတိုင်းဝန်ခံရလျှင် သူမ ထိုအချိန်မှာ လုံးဝ ရင်မခုန်၊ စိတ်မလှုပ်ရှားပါ။ သူ့မျက်ဝန်းတွေထဲ ရဲရဲပြန်စိုက်ကြည့်လိုက်သည်။

“ရာဇဝင့်ကို ကျွန်မ တစ်ခုပြောမယ်၊ စိတ်တော့ မဆိုးနဲ့၊





အမှန်တရားကို ပြောမှာမို့ပါ၊ အမှန်တရားဆိုတာ ခါးသီးတတ်တယ်မှလား။ အဲဒီအခါးကိုတော့ ခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားပေးပါ၊ အခု ရှင်က ကျွန်မကို လက်ချင်းတွဲဖို့ ကမ်းလှမ်းတယ်၊ ဖိတ်ခေါ်တယ် ဆိုပါတော့၊ စီးပွားရေးစကားနဲ့သုံးရရင် ရှယ်ယာခေါ်တယ်ဆိုပါတော့၊ ခုအချိန်မှာ ရှင်လည်း ဇီးရိုးပဲ၊ ကျွန်မလည်း ဇီးရိုးပဲ၊ ဇီးရိုးနဲ့ဇီးရိုး ပေါင်းရင် ဇီးရိုးပဲ ရလိမ့်မယ် ရာဇဝင်၊ ကျွန်မက ၁၀၀ လိုချင်တာ၊ အဲဒီတော့ ရှင် ကျွန်မကို သက်သေတစ်ခုပြဖို့လိုတယ်၊ ရှင် ကျွန်မကို တကယ်ချစ်တယ်ဆိုရင် အနည်းဆုံး ၅၀ ဖြစ်အောင်တော့ ကြိုးစားပေးပါ၊ ကျွန်မလည်း ၅၀ ဖြစ်အောင် ကြိုးစားမယ်၊ နှစ်ယောက်ပေါင်းလို့ ၁၀၀ ပြည့်နိုင်တဲ့တစ်နေ့ ကျွန်မတို့ ပြန်ဆုံကြတာပေါ့ . . .”

သူမက ထိုစကားကို ပြုံးပြုံးကလေး ပြောလိုက်ခြင်းဖြစ်သည်။ သူ့မျက်နှာမှာ အရိပ်မျိုးစုံ ဖြတ်သန်းစီးဆင်း သွားသည်။ မခံချင်စိတ် . . . မာန . . . ရှက်သွားခြင်း စသဖြင့် အစုံအလင်။ ထိုစကားမျိုး သူ့ကို ပြောလိုက်မိသည့်အတွက် သူမ နောင်တ



www.burmeseclassic.com

www.burmeseclassic.com



မရမိပါ။ သူမ မှားတယ်လို့လည်း မထင်။ သူ့ ဘ စကား တစ်ခွန်းမှ ပြန်မပြောဘဲ သူမကို အကြာကြီး ငေးကြည့်နေခဲ့သည်။ အတော်လေးကြာမှ . . .


“ဒီလိုဆိုရင် ခုချိန်မှာ ကျွန်တော်တို့နှစ်ယောက်အတွက် ပြောစရာစကား မရှိသေးဘူးပေါ့ . . .”

“အသေအချာပါပဲ . . .”

သူမက ထရပ်ဖို့လိုက်သည်။ ကိုယ့်အတွက် ကော်ဖီနှင့် ဘိန်းမုန့်ဖိုးကို တွက်ချက်သွားပြီးသားမို့ အဲဒီအတိုင်း မပို၊ မလျော့စေရဘဲ စားပွဲပေါ်မှာ တင်ထားပေးခဲ့ကာ သူမ လှည့်ထွက်လာခဲ့မိသည်။ အဲဒါ သူ့ကို နောက်ဆုံး တွေ့ဆုံခဲ့ခြင်းပါပဲ။ အဲဒီ အချိန်ကစပြီး သူမ၏ ပတ်ဝန်းကျင်မှာ သူ့ကို အရိပ်အယောင် ကလေးမျှပင် မမြင်မိတော့။ သူ လုံးဝ ပျောက်ကွယ်သွားခဲ့ခြင်း ဖြစ်သည်။ သူ့ကို သူမကလည်း လိုက်ရှာနေဖို့မလို။ သို့သော် ရင်ထဲမှာတော့ tattoo တစ်ခု ထိုးထွင်းထားခဲ့မိတာ သူမ တစ်ယောက်တည်းသိ၏။

✝





# အခန်း ၂



www.burmeseclassic.com

www.burmeseclassic.com

မှန်ထဲမှာကြည့်လိုက်ရင် ကျွန်တော့်ကိုယ်ကျွန်တော်

ပြန်မေးကြည့်တတ်တယ် ---။

မင်းမှာ ၂၀ ဆိုတဲ့ အရည်အသွေး

ရှိလာပြီလားလို့လေ။

အဲဒီစကားလေးက ---

ကျွန်တော့်နှလုံးသားမှာရော၊ စိတ်ထဲမှာပါ tattoo

ထိုးထားခဲ့သလိုပဲ စွဲထင်နေတော့တာ ---။

ရာဇဝင်



တစ်ခေတ်ဆန်းပဲ --- သိတယ်မှလား ---

ဘယ်တော့မှ ငွေမလျှော့ခဲ့ဘူးလေ ---

နောက်မဆုတ်ဘူး --- အရှုံးမပေးဘူး။

မရ,ရအောင် ချိတက်တယ်၊

ပြောရဲဆိုရဲ လုပ်ရဲ ကိုင်ရဲတဲ့ သတ္တိကို လက်နက်အဖြစ်

မွေးထားတယ်လေ၊ အခွင့်အရေးတစ်ခုခု ရဖို့အတွက်ဆိုရင်

သတ္တိရှိမှ၊ ရင်ဆိုင်ပြောဆိုရဲမှ ရနိုင်တယ်ဆိုတာ

ကျွန်မသိထားတယ်လေ၊ ပြီးတော့ ---

ကိုယ့်အရည်အသွေးကိုလည်း ယုံကြည်စိတ်ချပြီးသားပေါ့ ---။

တစ်ခေတ်ဆန်း



www.burmeseclassic.com

www.burmeseclassic.com

"ရာဇဝင်" ဟူသော နာမည်ကို
တိုးတိုးကလေး
တမ်းတမိရုံမျှဖြင့်
ဝိုင်တစ်ခွက် သောက်လိုက်ရသလို
ရင်တစ်စုလုံး ရှိန်းမြလိုက်ပို
ရီဝေမိန်းမောသွားတတ်သော
ခံစားမှုမျိုးကို
ဘယ်သူကမှ မပေးနိုင်။





# အခန်း (၂)

ထူးထူးဆန်းဆန်းပင် ဒီနေ့တစ်နေ့လုံး အလုပ်လုပ်ရသည်မှာ ခါတိုင်းနေ့တွေထက်ပိုပြီး တက်တက်ကြွကြွ၊ လန်းလန်းဆန်းဆန်း ဖြစ်နေသည်။ အရာရာသည် စိတ်တိုင်းကျစရာ၊ စိတ် ကျေနပ်စရာ၊ စိတ်ချမ်းသာစရာတွေချည်း ဖြစ်နေသည်။ ပထမဆုံး စက်မှုဇုံရှိ သူမ၏ စက်ရုံဆီသို့ ပြေးသည်။ လမ်းတလျှောက်မှာ စိတ် အနှောင့် အယှက်ဖြစ်လောက်စရာ ကားပိတ်ဆို့ခြင်းလည်း မရှိ။ သူမ၏ စက်ရုံကို တစ်ခေတ်ဆန်းဟု နာမည်ပေးထားသည်။ ထိုစက်ရုံကနေ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်နှင့် အိပ်ရာဖုံး လှလှကလေးတွေကစလို့ အိမ်တစ်အိမ်မှာ ရှိသင့်ရှိအပ် လိုအပ်သည့် စားပွဲခင်း၊ လက်သုတ် ပုဝါ၊ ခန်းဆီးလိုက်ကာတွေအလယ်၊ မီးအိမ်လှလှကလေးတွေ၊



www.burmeseclassic.com

www.burmeseclassic.com





အိမ်အလှဆင်ပစ္စည်းတွေ၊ အဝတ်ဗီရိုတွေအစုံ အများအပြား ထုတ်လုပ်လျက်ရှိသည်။ သူမ ပစ္စည်းတွေ၏ အမှတ်တံဆိပ်မှာ 'တစ်ခေတ်ဆဲန်း' ဖြစ်သည်။ စက်ရုံမှာ လိုအပ်တာတွေ စစ်ဆေး၊ မှာစရာရှိတာတွေ မှာကြား၊ ပြင်ဆင်စရာ၊ စီစဉ်စရာရှိတာတွေ စီစဉ်ညွှန်ကြားရသည်။ တစ်ခေတ်ဆန်း အိမ်သုံးပစ္စည်းတွေအား လုံးသည် စင်္ကာပူ၊ ဘန်ကောက်နှင့် ဟောင်ကောင်၊ မလေးရှားနိုင်ငံ တွေအထိ ဈေးကွက်ချဲ့ထွင်ဖြန့်ချိနိုင်ခဲ့သလို မြန်မာပြည်မှာလည်း တစ်ခေတ်ဆန်း မားကတ်ရယ်လို့ ဖွင့်လှစ်နိုင်ခဲ့ပြီ။

စက်ရုံကိစ္စပြီးတော့ သူမ၏ ရုံးချုပ်ဆီသို့ ပြေးရပြန်သည်။ သူမကိုယ်တိုင် စပ်ထွင်ဖန်တီးထားသော တစ်ခေတ်ဆန်း အလှကုန်ပစ္စည်းတွေ စင်္ကာပူ ဈေးကွက်ကို ထိုးဖောက်နိုင်ဖို့အတွက် သူမ ကြိုးပမ်းနေဆဲဖြစ်သည်။ အဓိက,က သနပ်ခါးမိတ်ကပ်နှင့် ရေမွှေးဖြစ်သည်။ ရေမွှေးအပြင် အခန်းသန့်ဆေးရည်၊ လက်ဆေး ဆပ်ပြာ၊ လက်အလှဆီ ခရင်(မ်)တွေ အားလုံးကို ရှင်မတောင် သနပ်ခါးနံ့၊ နံ့သာဖြူသနပ်ခါးရနံ့၊ နှင်းဆီရနံ့၊ စပယ်ရနံ့ . . . စသဖြင့် မြန်မာရနံ့ကလေးတွေနှင့် သူမကိုယ်တိုင် စမ်းသပ်ထုတ် လုပ်ခဲ့တာဖြစ်သည်။ ထိုအလှကုန်ပစ္စည်းတွေကို မြန်မာပြည်ဈေး ကွက်မှာ ပျံ့နှံ့အောင်မြင်အောင် ကြိုးစားခဲ့ပြီးမှ နိုင်ငံခြားဈေးကွက် ဆီ သူမ ချဲ့ထွင် ဖြန့်ကျက်ခဲ့ခြင်းဖြစ်သည်။ သူမ၏ တစ်ခေတ်ဆန်း ကုမ္ပဏီမှ ထွက်သမျှ ပစ္စည်းတွေအားလုံး တစ်နေရာထဲမှာ ရနိုင် သော တစ်ခေတ်ဆန်း စူပါမားကတ်ကိုလည်း ဖွင့်နိုင်ခဲ့ပြီ။ နောက် တစ်မျိုးက မိန်းကလေးအသုံးအဆောင်ပစ္စည်းတွေဖြစ်သည့် ဖိနပ်၊ လက်ကိုင်အိတ်၊ ပိုးထည်ဝတ်စုံတွေကို ခေတ်မီသားနားစွာ ချုပ်ပြီး အသင့်ပြန်ရောင်းသော ဖက်ရှင်စတိုးတစ်ခု။ ထိုလုပ်ငန်းတွေအား လုံးအတွက် သူမ, မယုံနိုင်လောက်အောင် အလုပ်များပါသည်။ သို့သော် ထိုအလုပ်တွေကြားမှာ သူမ အစဉ်အမြဲ လန်းဆန်း တက်ကြွ ပျော်ရွှင်နေခဲ့သည်ချည်းဖြစ်သည်။ ဘဝမှာ လုပ်ချင်တာ တွေ လုပ်ခွင့်ရခဲ့ပြီး လုပ်သမျှ အောင်မြင်ခွင့်ရခဲ့သော သူမလောက် ကံကောင်းသူ ရှိပါတော့မလား။ ရုံးချုပ်မှာ လုပ်စရာရှိတာတွေလုပ် ပြီး အလုပ်တွေကို ခပ်စောစော လက်စ,သိမ်းကာ အိမ်သို့ စောစော ပြန်ခဲ့သည်။ ငါ့နှယ် အခုမှစပြီး ရင်ခုန်တတ်စ အရွယ်. . . ရွှေရင်သိမ်းသစ် အပျိုမကလေးတစ်ယောက်လို ဘာကြောင့်များ





www.burmeseclassic.com

www.burmeseclassic.com



ရင်တွေခုန်နေရသလဲ။ သူမကိုယ်သူမ မငြိုငြင်စဖူး ငြိုငြင်ချင်လာသည်။ ယောကျ်ားတွေနှင့်ပတ်သက်ပြီး အတွေ့အကြုံ မရှိခဲ့တာတော့ သေချာပါရဲ့။ လုပ်ငန်းကိစ္စနှင့် ပတ်သက်၍ စီးပွားရေးနယ်ပယ်မှာ ယောကျ်ားတွေအများကြီးနှင့် မျက်နှာချင်းဆိုင်ရ၊ ငြင်းရခုန်ရ၊ လိုချင်သော အခွင့်အရေးတစ်ခု ညှိနှိုင်းမှု တစ်ခုအတွက် ရင်ဘောင်တန်းရမည်ဆိုလျှင် လာထား . . .။ သူမက ဘာကိုမှ မပူခဲ့တဲ့သူ။ ပြောချင်တာ၊ ဖြစ်ချင်တာကို ရဲရဲပြော၊ ဖြစ်အောင်လုပ်ခဲ့သည်ချည်း။

အခု ရာဇဝင်နှင့် ပြန်လည်တွေ့ဆုံရမည့်ကိစ္စကတော့ သူမအတွက် ထူးဆန်းသိမ်မွေ့လွန်းသော စိတ်ခံစားမှု တစ်ခုဖြစ်နေသည်။ သူမ အသက်နှစ်ဆယ့်ခြောက် စွန်းခဲ့ပြီ။ ဘဝမှာ သူမကို စိတ်ဝင်တစား ချဉ်းကပ်လာသော ယောကျ်ားတွေကိုလည်း လုံးဝ ရင်ခုန်စိတ်ကူးရကောင်းမှန်း မသိဘဲ ရဲဝံ့ပြတ်သားစွာ ငြင်းဆန်နိုင်ခဲ့သည်။ ရာဇဝင်ကျတော့ တခြားယောကျ်ားတွေနှင့် မတူပါ။ သူက . . . လွန်ခဲ့သော ဆယ်နှစ်တာကာလကတည်းက သူမ၏ ဖူးငုံသစ်စ နှလုံးသားနုနု ဖူးဖူးကလေးထက်မှာ tattoo





တစ်ခု ထိုးထွင်းထားခဲ့ပြီးသား သင်္ကေတတစ်ခု။ "ရာဇဝင်" ဟူသော နာမည်ကို တိုးတိုးကလေး တမ်းတမိရုံမျှဖြင့် ဝိုင်တစ်ခွက် သောက်လိုက်ရသလို ရင်တစ်ခုလုံး ရှိန်းမြလိုက်ဖို့ ရီဝေမိန်းမော သွားတတ်သော ခံစားမှုမျိုးကို ဘယ်သူ့ကမှ မပေးနိုင်။

အိမ်သို့ ပြန်ရောက်သောအခါ ရေနွေးနွေးထဲမှာ Lavender ဆီမွှေးကလေးနှင့် ထည့်စိမ်ပြီး လန်းဆန်းသွားအောင် စိမ်ချိုးလိုက်သည်။ ပြီးလျှင် ဆံပင်ကို ဆံကတ်တင်လုလု လိပ်သည်။ မျက်နှာကို စနစ်တကျ ပြင်ဆင်သည်။ သူမက chanel ကို set လိုက် သုံးလေ့ရှိသည်။ ပြီးလျှင် . . . အဝတ်ဗီရိုထဲမှ မဝတ်ရသေးသော Monsoon ပိုးဂါဝန်ဒူးဖုံးရုံ လှလှကလေးကို ဝတ်သည်။ လေးလက်မလောက်အမြင့်ရှိသော ရှူး(စ်) ချွန်ချွန်ကိုစီးကာ လက်ထဲမှာ clutch လက်ကိုင်အိတ်ကလေး ကိုင်လိုက်သည်။ တစ်ကိုယ်လုံးပေါ်စေသော မှန်ထဲမှာ ကြည့်လိုက်လျှင် သူမ၏ စတိုင်လ်က ကြော့ရှင်းလှပစွာ တင့်တယ်လို့နေပြီ။ သူမကတော့ ယောကျ်ားတစ်ယောက်ကို စွဲဆောင်ဖမ်းစားဖို့ ရုပ်ပိုင်းဆိုင်ရာ အပြင်အဆင် အလှအပတွေထက်၊ ဉာဏ်ပညာ အလှအပ၊ စိတ်ဓါတ် အလှအပနှင့်



www.burmeseclassic.com

www.burmeseclassic.com



သာ သူမကို တမ်းတမ်းစွဲနေစေချင်ပါသည်။ အားလုံးပြင်ဆင်ပြီး သွားလျှင် သူမ ကားကို ကိုယ်တိုင်ပဲ မောင်းကာ Kandawgyi Palace Hotel ရှိ Lake View Restaurant ဆီသို့ ရင်ခုန်စွာ ချီတက်လာခဲ့သည်။

✞





ရာဇဝင်က သူမကို restaurant အဝကနေ ဆီးကြို၍ စောင့်နေခဲ့ပါသည်။ အဖြူရောင် Lacoste စပို့ရှပ်ကလေးနှင့် လီနင်သားဘောင်းဘီပုံကျကျ ကာကီရောင်ကို ဝတ်ထားသည်။ လွန်ခဲ့သော ဆယ်နှစ်တုန်းက လူငယ်ကလေးထက်တော့ အများကြီး ပိုပြီး ရင့်ကျက်တည်ငြိမ်လာတာ အမှန်ပါပဲ။ ရင်အုပ်က ပို၍ ကျယ်ပြန့်သန်မာလာကာ ခပ်မတ်မတ် ကိုယ်နေဟန်က ပို၍ ယုံကြည်စိတ်ချမှုရှိလာဟန်မျိုး။ သူ့ နှုတ်ခမ်းထက်ဆီမှာ နူးညံ့သော အပြုံးကလေးတစ်ပွင့် . . .။

"အရမ်း ပိုလှလာတယ်နော် . . ."



www.burmeseclassic.com

www.burmeseclassic.com



တဲ့ . . .။ ခပ်တိုးတိုးပြောသည်မို့ သူမက သွားကလေးတွေစေ့ပြီး ပြုံးလိုက်ကာ ပခုံးကလေး တွန့်ပြလိုက်သည်။

"ကျေးဇူးတင်ပါတယ် . . . ရှင်လည်း ပိုချောလာပါတယ်နော်၊ ဒါဆို ကျေရောပေါ့"

ကန်တော်ကြီးရေပြင်နှင့် ရောင်စုံမီးတွေ လင်းဖြာလှပနေသော ကရဝိတ်ကြီးကို မြင်နေရသော နေရာမှာ သူ စီစဉ်နေရာယူထားသည်။

"Lobster စားမလား တစ်ခေတ်ဆန်း၊ ဒီဆိုင်ရဲ့ စပယ်ရှယ်ပဲ၊ အရမ်းကောင်းတယ်၊ ဩော် . . . မေးဖို့ မေ့နေတယ်၊ ဝိုင်တော့ သောက်မှာပါနော်"

"ဝိုင်ဖြူ အပျော့စားကလေးဆို ရပါတယ် . . ."

သူက ဝိုင်နှင့် Lobster ဟင်း၊ salad နှင့် ကြက်သွန်ဖြူပေါင်မုန့်တွေ မှာသည်။ သူမ အကြိုက်တွေချည်း။ ညရဲ့ အလှက သိပ်ကို ပြည့်စုံလွန်းနေပြီ။ classic ဂီတသံ ညိမ့်ညိမ့်ကလေးအတိုင်း နှလုံးသားက စည်းချက်ညီညီ ယိမ်းက,စီးမျောလို့။





"ဆယ်နှစ်တောင်ကြာသွားခဲ့တယ်နော် . . . ဆယ်နှစ်တာအတွင်းမှာ ကျွန်တော်တို့ရဲ့ဘဝတွေ အံ့ဩလောက်အောင် ပြောင်းလဲသွားခဲ့တာပဲ၊ တစ်ခေတ်ဆန်းရဲ့ အောင်မြင်မှုတွေ၊ သတင်းတွေကို ကျွန်တော် အမြဲ နားစွင့်ပြီး လက်ခုပ်တွေ တီးနေခဲ့တာပါဗျာ၊ လူချင်း လာတွေ့ဖို့အတွက်ဆိုတာ ကျွန်တော့်ဘက်မှာ 50 ဆိုတဲ့ ပမာဏ အခြေအနေ မရှိလောက်သေးဘူးထင်လို့ပါ"

သူမ ပြုံးလိုက်မိသည်။

"ရာဇဝင်က အဲဒီစကားကို စွဲနေအောင် မှတ်သွားခဲ့တာကိုး"

"ဟုတ်တယ် . . . ကျွန်တော် မှတ်ထားတာပေါ့၊ အဲဒီတုန်းက ကျွန်တော် အရမ်းလည်း ရှက်သွားမိတယ်၊ ငါဟာဘာမှမဟုတ်သေးတဲ့ကောင်ပါလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မြင်လိုက်ရသလိုပဲ၊ ဒါပေမယ့် တစ်ခေတ်ဆန်းကို ကျေးဇူးတင်ပါတယ်၊ အဲဒီစကားက ကျွန်တော့်အတွက် တွန်းအားတစ်ခု ဖြစ်စေခဲ့တာ အမှန်ပဲ . . .၊ မှန်ထဲမှာကြည့်လိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မေးကြည့်တတ်တယ် . . .၊ မင်းမှာ 50 ဆိုတဲ့ အရည်အသွေး ရှိလာပြီလားလို့လေ၊ အဲဒီစကားလေးက ကျွန်တော့် နှလုံးသားမှာရော၊ စိတ်ထဲမှာပါ tattoo ထိုးထားခဲ့သလိုပဲ စွဲထင်နေတော့တာ"

သူ့စကားကို နားထောင်ရင်း သူမ သူ့ကို သေသေချာချာ ငေးစိုက်ကြည့်နေမိသည်။

"အင်း . . . အဲဒီတော့ ပြောပါဦး၊ ဒီဆယ်နှစ်အတွင်းမှာ ရာဇဝင် ဘာတွေ ကြိုးစားခဲ့ရသလဲ၊ ရုန်းကန်ခဲ့ရသလဲဆိုတာ ပြောပြပါ၊ ကျွန်မ သိချင်တယ်၊ ပြီးရင် ကျွန်မအလှည့်ပေါ့၊ ကျွန်မလည်း ပြန်မျှဝေမယ်လေ"

"အိုကေ . . . ဘယ်ကနေ စရင် ကောင်းမလဲဆိုတော့ ကျွန်တော် တစ်ခေတ်ဆန်းရဲ့ အငြင်းကို ခံလိုက်ရပြီးတဲ့ နောက်မှာ . . ."

"သေချာပြန်စဉ်းစားပါဦး . . . ကျွန်မ ရှင့်ကို မငြင်းခဲ့ပါဘူးနော်၊ စိန်ခေါ်ခဲ့တာပါ"

သူမက ခပ်သွက်သွက် ဝင်ထောက်လိုက်တော့ သူ





အားပါးတရ ပြုံးပြသည်။

"အဲဒီအချိန်တုန်းကတော့ ကျွန်တော့်အတွက် အငြင်းပေါ့ တစ်ခေတ်ဆန်းရဲ့ ထားလိုက်ပါတော့ . . .၊ ကျွန်တော် ဆယ်တန်းအောင်အောင် ဖြေတယ် . . . ပြီးတော့ ကျွန်တော် စာပေးစာယူနဲ့ သင်္ချာဘွဲ့တော့ ရအောင်ယူခဲ့တယ်၊ အဲဒီအချိန်မှာ ဘာတွေခေတ်စားသလဲဆိုတော့ အိမ်ခြံမြေဈေးကွက်တွေက အရမ်း ဟော့ဖြစ်တဲ့အချိန်ပေါ့၊ ကျွန်တော် အိမ်ခြံမြေလုပ်ငန်းကို စိတ်ဝင်စားတယ်၊ အရင်ဆုံး တိုက်ခန်းကလေးတွေ အရောင်းအဝယ်မှာ ပွဲစားလုပ်ပြီး အလုပ် စ,သင်တာ၊ ပြီးတော့ ပိုက်ဆံစုတယ်၊ ကျွန်တော် ရသမျှပိုက်ဆံ မေမေ့ဆီမှာ စုတယ်၊ ကျွန်တော့်မေမေကို ကျွန်တော် ပြောထားတယ်၊ ကတိကဝတ်တစ်ခုအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ချည်နှောင်လိုက်တဲ့သဘောပေါ့လေ၊ မေမေ ကျွန်တော် တစ်နေ့မှာ ဒီအိမ်ခြံမြေလုပ်ငန်းနဲ့ ကြီးပွားလာအောင် ကြိုးစားမယ်လို့၊ ပြီးရင် မေမေ့ကို နန်းတော်တမျှ ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးမှာ ထားမယ်လို့၊



www.burmeseclassic.com

www.burmeseclassic.com





ပြောထားတယ်၊ မေမေက ဘာပြောသလဲဆိုတော့ "ငါ့သား စကားကို မေမေယုံတယ်၊ ဖြစ်အောင်သာလုပ် သား၊ မေမေ နန်းတော်ကြီးနဲ့ နေရမှာ သေချာတယ်" တဲ့ . . .၊ အဲဒီ မေမေ့စကားက ကျွန်တော့်ဘဝအတွက် စိတ်ဓာတ်ခွန်အား ဆေးရည်ပဲ၊ ကျွန်တော် စိတ်ဓာတ်ကျမယ်ကြံရင် အဲဒီ မေမေ့စကားကို မှန်ထဲမှာကြည့်ပြီး လေးလေးနက်နက် ပြန်ရွတ်ကြည့်လိုက်ရင်း ကျွန်တော့် စိတ်ဓာတ်တွေ ပြန်ပြီး တက်ကြွအားရှိလာတော့တာပဲ"

"လက်စသတ်တော့ ရှင်က မေမေ့သားအလိမ္မာကလေး ကိုး. . ."

"ဒီကမ္ဘာလောကမှာ ကျွန်တော် အချစ်ရဆုံးက မေမေပဲ တစ်ခေတ်ဆန်း၊ မေမေ့ကို ဘုရားတစ်ဆူလို ကျွန်တော် ကိုးကွယ်တာ၊ မေမေ့ကို ပိုက်ဆံအပ်တိုင်း ကျွန်တော် သေသေချာချာ ရှိခိုးဦးခိုက်ကန်တော့ပြီးမှ အပ်လေ့ရှိ တယ်၊ အဲဒါ တစ်ကဏ္ဍပေါ့လေ၊ ကျွန်တော့် အလုပ်အကြောင်း ဆက်ပြောမယ်၊ ပိုက်ဆံတွေစုရင်း ကျွန်တော် အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်တယ်၊ အလုပ်လည်း သင်ရင်း၊ အတွေ့အကြုံလည်း ရအောင်ပေါ့လေ၊ ကျွန်တော့် ပိုက်ဆံတွေနဲ့ တိုက်ခန်းတွေ ဝယ်နိုင်လာတဲ့အချိန်မှာ ကျွန်တော် တိုက်ခန်းဝယ်ရောင်း လုပ်တယ်၊ အကျိုးအမြတ် တွေ ရလာတယ်၊ နောက်တော့ ကိုယ်ပိုင် ရုံးခန်းတစ်ခု ဖွင့်နိုင်အောင် ကြိုးစားတယ်၊ ကျွန်တော့်ရဲ့ သင်္ကေတဟာ ရိုးသားဖြောင့်မတ်မှု၊ မှန်ကန်မှု၊ သစ္စာရှိမှုနဲ့ လူတိုင်းအပေါ် လေးစားမှု ရှိခြင်းပါပဲ . . .၊ ဘယ်အခက်အခဲ . . . ပြဿနာမဆို ကျွန်တော် မလိမ်မညာဘူး၊ မလှည့်စားဘူး၊ မကွယ်မဝှက်ဘူး၊ ရိုးသားစွာပဲ ဝန်ခံတယ်၊ ကျွန်တော် လုပ် ပေးနိုင်တာ သေချာမှ ကတိပေးတယ်၊ ကတိကို လွယ် လွယ်နဲ့ မပေးဘူး၊ ကတိပေးပြီးရင်လည်း အဲဒီကတိကို တည်အောင် တန်ဖိုးထားတယ်၊ ကြိုးစားတယ် . . .၊ ရလာဒ်က ဘာလဲဆိုတော့ လူတွေ တော်တော်များများရဲ့ ယုံကြည်လေးစားမှုနဲ့ ချစ်ခင်မှုကို ကျွန်တော် ရလာတယ်၊ အဲဒီတော့ ကျွန်တော့်လုပ်ငန်းကြီးကို ကြီးသထက် ကြီးအောင်





www.burmeseclassic.com

www.burmeseclassic.com



လာအောင် အင်ပါယာချဲ့ထွင်ဖို့ ကြိုးစားတာ ကျွန်တော်နဲ့ အတူ လက်တွဲလုပ်မယ့် ရှယ်ယာတွေ အများကြီးခေါ်လို့ရလာတယ်၊ အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းတစ်ဘက်ကနေ ဆောက်လုပ်ရေးကုမ္ပဏီတွေနဲ့ ဆက်သွယ်ပူးပေါင်းတယ်၊ ခြံတွေဝယ်တယ်၊ အိမ်တွေ ပြန်ဆောက်တယ်၊ ခေတ်မီမီ လှလှပပ decorate လုပ်ပြီး ပြန်ရောင်းတယ်၊ ဒီဆယ်နှစ်အတွင်းမှာ ကျွန်တော့်လုပ်ငန်းတွေ တရှိန်ထိုး အောင်မြင်လာတယ်၊ ကျွန်တော့်ကတိစကားအတိုင်း မေမေ့ကို နန်းတော်တမျှ ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးမှာ ထားခွင့်ရတယ် . . . ဒါပါပဲ တစ်ခေတ်ဆန်း"

သူ့စကားတွေကို နားထောင်ပြီး သူမ စိတ်တွေ လှုပ်ရှားတက်ကြွနေသည်။ လူငယ်လေးတစ်ယောက်၏ အောင်မြင်မှု၊ ကြိုးစားမှု . . .။ လူတိုင်း သူ့လို ကြိုးစားခွင့်ရှိတာပဲ။ လက်နှစ်ဖက်ရယ် . . . ဉာဏ်ပညာရယ် . . . ဦးနှောက်ရယ်ရှိရင်ဖြစ်တာပဲ။ သူလည်း အဲဒါနဲ့ပဲ ရင်းနှီးမြှုပ်နှံ ကြိုးစားခဲ့တာပါ။

"ကွန်ဂရက်ကျူလေးရှင်း ရာဇဝင် . . . ရှင် တော်ပါတယ်"





"ကျွန်တော်လည်း တစ်ခေတ်ဆန်းရဲ့ အကြောင်းတွေ နားထောင်ချင်သေးတယ်၊ ဂုဏ်ပြုချင်သေးတာပေါ့"

"လာမယ်လေ . . . အစစ်ပဲ၊ ရှင့်ရဲ့ lobster က စားလို့အရမ်းကောင်းတာပဲ၊ အရသာရှိလိုက်တာ"

သူမက ဝိုင်ကို ခပ်ဖြေးဖြေး စုပ်ယူသောက်ရင်း သူမအကြောင်း စပြောဖို့ အရှိန်ယူရသည်။

"ကျွန်မ ပထမဆုံးစလုပ်တော့ အိမ်သုံးပစ္စည်းကလေးတွေပေါ့၊ အိမ်တစ်အိမ်မှာ မရှိမဖြစ် . . . မသုံးမဖြစ် သုံးရမယ့် လက်သုတ်ပုဝါ၊ အိပ်ရာခင်း၊ စားပွဲခင်း၊ ခေါင်းအုံးစွပ် အဲဒါတွေကို ကုန်ကြမ်းပိတ်အုပ်တွေရအောင် စက်ရုံတွေနဲ့ ဆက်သွယ်ပြီး စခဲ့ရတာ၊ တစ်ခေတ်ဆန်းဆိုတဲ့ အမှတ်တံဆိပ်နဲ့ ဈေးကွက်ထဲကို ဝင်တိုးရတာ၊ အစ ပထမပိုင်းမှာတော့ ထုံးစံအတိုင်း အခက်အခဲတွေ၊ အထင်မကြီးတာတွေ၊ လျှော့တွက်ခံရတာတွေ၊ ဈေးနှိမ်ခံရတာတွေ အများကြီးပဲ ရှိခဲ့တာပေါ့၊ ဒါပေမယ့် တစ်ခေတ်ဆန်းပဲ . . . သိတယ်မှုလား၊ ဘယ်တော့မှ ဇွဲမလျှော့ခဲ့ဘူးလေ၊ နောက်မဆုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



. . . အရှုံးမပေးဘူး၊ မရရအောင် ချီတက်တယ်၊ တီထွင်ဖန်တီးတာကို ဝါသနာပါတော့ ကျွန်မရဲ့ Logo နဲ့ ထုတ်သမျှ ပစ္စည်းတွေမှာ ဒီဇိုင်းဆန်းဆန်းကလေးတွေ ပါတတ်တယ်လေ၊ အဲဒါလေးတွေနဲ့ ဆွဲဆောင်တယ်၊ မီးအုပ်ဆောင်း လှလှဆန်းဆန်းကလေးတွေ ထွင်ကြည့်တယ်၊ ဈေးကွက်ကို တင်ကြည့်တယ်၊ အဲဒီကနေ အဝတ်ဗီရိုကလေးတွေ . . . ခန်းဆီးလိုက်ကာတွေ . . . အိမ်အလှဆင် ပစ္စည်းတွေ တစ်မျိုးပြီးတစ်မျိုး စမ်းပြီးထုတ်တယ်၊ ပညာတွေလည်း အများကြီး သင်ယူခဲ့ရတာပေါ့လေ၊ ကျွန်မ Eco နဲ့ ကျောင်းပြီးတော့ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်စုပြီး ဘန်ကောက်မှာ အိမ်တွင်းလက်မှုအနုပညာ သင်တန်း ဒီပလိုမာ သွားယူခဲ့သေးတယ်၊ အဲဒီမှာလည်း ဈေးကွက်ကို လေ့လာ, စနည်းနာလာခဲ့တာပေါ့၊ အဆက်အသွယ်တွေလည်း ရှာဖွေရတယ်၊ မြန်မာပြည်ရဲ့ supermarket တွေကနေ shopping mall တွေအထိ လိုက်ဆက်သွယ်ပြီး ဈေးကွက်ကို ကျွန်မကိုယ်တိုင် ရှာခဲ့တာပါ၊ ဘယ်သူနဲ့မဆို ဝင်တွေ့တာပဲ၊ ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲတဲ့ သတ္တိကို လက်နက်အဖြစ် မွေးထားတယ်လေ၊ အခွင့်အရေးတစ်ခုခု ရဖို့အတွက်ဆိုရင် သတ္တိရှိမှ၊ ရင်ဆိုင်ပြောဆိုရဲမှ ရနိုင်တယ်ဆိုတာ ကျွန်မသိထားတယ်လေ၊ ပြီးတော့ . . . ကိုယ့်အရည်အသွေးကိုလည်း ယုံကြည်စိတ်ချပြီးသားပေါ့၊ အဲဒီကနေ တစ်ခေတ်ဆန်း အိမ်တွင်းအလှပြင်ပစ္စည်းတွေချည်း သီးသန့်ရောင်းတဲ့ supermarket ကလေး စဖွင့်တယ်၊ ရုံးခန်းတစ်ခုဖွင့်တယ်၊ နိုင်ငံခြားအဆက်အသွယ်တွေ ရှာတယ်၊ ကျွန်မရဲ့ တခေတ်ဆန်း logo ကို စိတ်ဝင်စားတဲ့ ရှယ်ယာဝင်တွေ တချို့ကို ကမ်းလှမ်းတယ်၊ စက်ရုံတစ်ရုံဆောက်နိုင်အောင် ကြိုးစားတယ်၊ ကြိုးစားရင်း . . . လှုပ်ရှားရင်းနဲ့ မောရမှန်းတောင် မသိပါဘူး၊ လုပ်ငန်းကတဖြည်းဖြည်း ကြီးမားလာတယ်၊ အလုပ်သမားတွေ အများကြီးပဲ ငှားရတယ်၊ တစ်ခုအောင်မြင်ရင် နောက်တစ်ခုဆီ ကျွန်မ ခြေစ,လှမ်းတယ်၊ ကျွန်မက ရေမွှေးလုပ်ငန်းနဲ့ သနပ်ခါး လုပ်ငန်းကိုလည်း စိတ်ဝင်စားတယ်၊ ရေမွှေးဖော်စပ်တဲ့ ဖော်မြူလာတွေအတွက် ဂျပန်အထိသွားပြီး သင်







www.burmeseclassic.com

www.burmeseclassic.com



တန်းတက်ခဲ့တာ၊ ကျွန်မက မြန်မာသနပ်ခါးနဲ့ သင်းသင်းလေးကို ရေမွှေးထုတ်ချင်တာကိုး၊ ပထမဆုံး ကိုယ် အရင်စမ်းသပ်ဖော်စပ်ကြည့်တယ်၊ ပြီးတော့ . . . ဈေးကွက်ရှာကြည့်တယ်၊ ရှယ်ယာခေါ်တယ် . . . ပြီးတော့ စက်ရုံ တစ်ရုံငှားပြီး ရေမွှေးနဲ့ သနပ်ခါးလုပ်ငန်းကိုစပြီး အကောင်အထည် ဖော်ခဲ့တာ၊ သနပ်ခါးနံ့တွေချည်းသုံးတယ်၊ ရှင်မတောင်နဲ့ နံ့သာဖြူက အဓိကပေါ့၊ နောက်တော့မှ နှင်းဆီနံ့စပယ် ထပ်လုပ်တာ၊ ခုတော့ မြန်မာပြည်ဈေးကွက်မှာ တော်တော်နာမည်ရနေပြီ၊ အခု စက်ာပူပို့ဖို့ စကားပြောထားပြီးပြီ၊ ပြီးမှ လက်ဆေးရည်၊ လက်လိမ်းခရင်(မ်)၊ အခန်းသန့်ဆေးရည် အဲဒါတွေ ထပ်လုပ်တာ၊ အဲဒါနဲ့တင် ကျေနပ်သလားဆိုတော့ မကျေနပ်နိုင်သေးဘူးဆရာ၊ အခု ဒီဇိုင်နာတွေ ခေတ်စားလာတယ်၊ မြန်မာ့ပိုးကို ပုံစံကျကျ လှလှချုပ်ပြီး ရောင်းနိုင်ရင် ဈေးကွက်ဝင်မယ်ဆိုတာ သိလာတော့ ဖက်ရှင်ဆိုင်တစ်ဆိုင် ထပ်ဖွင့်ပြန်တယ်၊ အဲဒါကို ကျွန်မ ကျောင်းသူဘဝကတည်းက စိတ်ဝင်စားပြီးသားလေ၊





မိန်းကလေး ဝတ်စုံတွေအပြင် လက်ကိုင်အိတ်၊ ဖိနပ် အဲဒါတွေကို စံချိန်မီအောင် ချုပ်ပြီး ဆိုင်ဖွင့်ထားတယ်၊ အဲဒါလည်း အောင်မြင်တယ် ရာဇဝင် . . .၊ ကျွန်မ နိုင်ငံခြားပို့ဖို့အထိ စီစဉ်ထားတယ်"

"စပါယ်ရှယ် လေးစားဂုဏ်ယူပါတယ် တခေတ်ဆန်း၊ ဒီလောက် နုနုနယ်နယ် လှလှပပ မိန်းကလေးတစ်ယောက်က ဒီလို ရောမလုပ်ငန်းကြီးတွေ အများကြီးကို စီမံခန့်ခွဲပြီး အုပ်ချုပ်နေတယ်ဆိုတာကို ကျွန်တော်ကိုယ်တွေ့ ရင်ဆိုင်နေရလို့သာ လက်ခံယုံကြည်နိုင်တာ၊ အံ့မခန်းပါပဲ တစ်ခေတ်ဆန်းရယ်"

"အလုပ်ဆိုတာ ကျွန်မရဲ့ဘဝပဲလေ ရာဇဝင်၊ အလုပ်ကို ကျွန်မ ချစ်တယ်၊ အလုပ်လုပ်နေရရင် ကျွန်မပျော်တယ်၊ အလုပ်အတွက် သိသင့်တဲ့ ပညာတွေကို ကျွန်မ ထပ်ရှာတယ်၊ အခု MBA လည်း ကျွန်မ ဆက်တက်နေတယ်၊ လုပ်ငန်းတွေကို ပိုပြီး စနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်နိုင်အောင်လို့လေ၊ ကျွန်မမှာ အချိန်ပိုမရှိလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အရမ်းများပေမယ့် ကျွန်မ ပျော်နေတယ်၊ မိတ်ဆွေတွေက ကျွန်မကို ပြောကြတယ်၊ workaholic တဲ့. . .၊ ရှိစေတော့ ကျွန်မကျေနပ်တယ်၊ အဲ . . . ကျွန်မတို့ စကားတွေလည်း အများကြီး ပြောခဲ့ပြီ၊ စားစရာ တွေလည်း ကုန်ပြီ၊ Thank you for the lovely dinner ရာဇဝင်"

"ကျွန်တော်တို့ နောက်ထပ် ဆုံကြသေးတာပေါ့နော်၊ ကျွန်တော့်ကို ဘယ်နှစ်မှတ် ပေးထားပြီလဲဆိုတာ ကျွန်တော် သိချင်သေးတယ်"

"ရှင်လား . . . 50 ထက်တောင် ကျော်နေပါပြီ"

"ဟာ . . . တကယ်လား"

"တကယ်ပေါ့ရှင် . . . ကျွန်မ ဘရိန်းက အဲဒီလို တွက်ချက်တဲ့နေရာမှာ မာစတာဘရိန်း"

"ဟား . . . ကျွန်တော် အရမ်းပျော်သွားတယ် သိလား၊ ရင်တောင်ခုန်တယ်"

"ခုန်ပေါ့ရှင် . . . ကျွန်မလည်း ရင်ခုန်တာပဲ၊ မွေးကတည်းက ရင်က ခုန်လာခဲ့ပြီးသား၊ ကဲ . . . ကျွန်မကို





ပြန်ခွင့်ပေးတော့နော်၊ ဆုံကြသေးတာပေါ့ . . ."


နှုတ်ဆက်ပြီး ကားကိုယ်စီမောင်းကာ ရပ်ကွက်တစ်ခုထဲမို့ ရှေ့ဆင့်နောက်ဆင့် အတူတူမောင်းပြီး ပြန်လာခဲ့ကြသည်။ သူ့ကားက သူမခြံဝအထိ ပါလာခဲ့ပြီးမှ နှုတ်ဆက်ကာ သူ့အိမ်ရှိရာလမ်းဘက်သို့ ချိုးကွေ့ဝင်သွားခဲ့သည်။ သူမ ပျော်ပါသည်။ ဘာမှ မပြည့်မစုံချိန်မှာ ချစ်ခဲ့ကြတာထက် အခုလို အစစအရာရာ ပြည့်စုံကြွယ်ဝနေပြီဆိုတဲ့အချိန်ကျမှ နှစ်ယောက်ဘဝတစ်ခုကို အတူတူ တည်ဆောက်ကြတာ ပိုမကောင်းဘူးလား၊ သူမတို့နှစ်ယောက်ကြားမှာ ဘာကွာဟမှုမှ မရှိဟု သူမ ထင်မိသည်။

✝



www.burmeseclassic.com

www.burmeseclassic.com



# အခန်း

# ၃

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်တစ်သက်မှာ ခုမှ

မိန်းမချောချော စမြင်ဖူးတာ —

ရုပ်ရော — စိတ်ဓါတ်ရော — ဉာဏ်ပညာပါ

လှတဲ့ မိန်းကလေးမျိုးပေါ့ အနှစ်မပါတဲ့

အခွံသက်သက် မှန်နေအောင် ချောတဲ့

မိန်းကလေးတွေကို ကျွန်တော်က

ချောတယ်လှတယ်လို့ မသတ်မှတ်ဘူးလေ —၊

ရာဇဝင်



ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချလွန်းတော့

ကိုယ်မှန်တယ်ထင်ရင် လုံးဝ အလျှော့မပေးတတ်ဘူး

နောက်မဆုတ် ဒူးမထောက်တတ်ဘူး —၊

အရာရာကို ကိုယ်ကပဲ ဦးဆောင် ချယ်လှယ်လွှမ်းမိုးချင်တယ်၊

သူတစ်ပါးကို နေရာပေး အထင်ကြီးဖို့ထက် ကိုယ်ကပဲ

ရှေ့ဆုံး ထိပ်ဆုံးက နေချင်တယ်၊ အဦးစားပေးခံ ဖြစ်ချင်တယ်၊

လူတကာရဲ့ ဖူးမွှော် အရေးပေးတာကို လိုချင်တယ်

ကဲ — အဲဒါတွေ ရှင် ဘယ်လိုလုပ်မလဲ —၊

တစ်ခေတ်သန်း



www.burmeseclassic.com

www.burmeseclassic.com

သူ့ရင်ခွင်သည် ဗျစ်သူတစ်ဓါမှ

မထားခဲ့ဖူးသော

သူမအတွက် နွေးထွေးလုံခြုံလွန်းလှကာ

ယစ်မူးစုံမင်မွှယ် အတိ။

နှစ်ကိုယ့်တစ်စိတ်

ကူးစက်ယှက်သွယ်သွားသည့်နယ်။





# အခန်း (၃)

သူမ မနက်နိုးတာနှင့် မျက်နှာသစ် သွားတိုက်ပြီး ထရက်ဆု ကောက်လဲကာ အိမ်ယာဝင်းတစ်ပတ် ပြေးနေကျအတိုင်း ထ ပြေးလာခဲ့သည်။ မနက် ခြောက်နာရီထိုးနေပြီမို့ လင်းလင်း မြမြတော့ ရှိနေပါပြီ။ ပြေးလာရင်း သူတို့အိမ်ရှေ့ကို ဖြတ်တော့ သူမ ပြုံးမိသွားသေးသည်။ မနေ့က အဖြစ်ကို ပြန်တွေးမိတိုင်း ရယ်ချင်မိသည်ကိုး။ ဖျတ်ခနဲ ခြံတံခါး ပွင့်သွားပြီး တီရှပ်နှင့် အားကစားဘောင်းဘီပွပွ ဝတ်ထားသော သူ့ကို မျှော်လင့်မထားဘဲ တွေ့လိုက်ရသည်မို့ သူမ အံ့ဩကာ ပျော်သွားသည်။



ဘုန်းနိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ် . . . ပြေးတော့မယ် ဆိုပါတော့"

"ပြေးရမှာပေါ့လေ . . . ကိုယ့်အဖော်က ပြေးနေမှတော့ ကျွန်တော် ကျန်ရစ်ခဲ့ဖို့ ဘယ်ကောင်းမလဲ"

"ဟာ ဟ . . . ကိုယ့်အဖော်တဲ့၊ ဘယ်သူက အဲဒီလို ပြောထားမိလို့လဲ၊ ကဲ . . . ကျွန်မပြေးပြီနော်၊ စကား ပြောချင်ရင် မီအောင်လိုက်ပြေးနိုင်မှ ရမယ်"

"တစ်သက်လုံးပြေးနေခဲ့တဲ့ ဘဝသမားပါဗျာ . . . မပူပါနဲ့၊ အမီလိုက်မှာပါ . . ."

သူက သူမနှင့် ထပ်ချပ်မကွာ လိုက်ပါလာခဲ့သည်။ ပြေးရင်းလည်း သူမဘက်သို့ မကြာခဏ ငဲ့စောင်း၍ လှည့်လှည့် ကြည့်ရတာ အမော။ သူမလည်း ဒီနေ့မှ ပြေးရတာ ဘယ်လို အရသာရှိမှန်းမသိ။

"ဘယ်လိုဖြစ်လို့ လှည့်လှည့်ကြည့်နေရတာလဲဟင်၊ မိန်းမ ချောချော မမြင်ဖူးဘူးလား . . ."

"ဟုတ်တယ် . . . ကျွန်တော့်တစ်သက်မှာ ခုမှ မိန်းမ ချောချော စမြင်ဖူးတာ၊ ရုပ်ရော . . . စိတ်ပါရော၊





ဉာဏ်ပညာပါ လှတဲ့ မိန်းကလေးမျိုးပေါ့၊ အနှစ်မပါတဲ့ အခွံသက်သက် မှုန်နေအောင် ချောတဲ့ မိန်းကလေးတွေ ကို ကျွန်တော်က ချောတယ်လှတယ်လို့ မသတ်မှတ်ဘူး လေ. . ."

"ဩော် , . . ကျွန်မ ဟိုးကောင်းကင်ကြီးထဲ မြောက် တက်သွားဦးမယ်၊ ဆွဲထားပေးဦး . . .၊ ကျွန်မကို အဲဒီ လောက် မြှောက်စရာမလိုပါဘူး ရာဇဝင့်ရယ်၊ ကျွန်မ မှာလည်း side effect တွေ အများကြီးပါ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချလွန်းတော့ ကိုယ်မှန်တယ်ထင်ရင် လုံးဝ အလျှော့မပေးတတ်ဘူး၊ နောက်မဆုတ် ဒူးမထောက်တတ် ဘူး၊ အရာရာကို ကိုယ်ကပဲ ဦးဆောင် ချယ်လှယ် လွှမ်းမိုးချင် တယ်၊ သူတစ်ပါးကို နေရာပေး အံ့ထင်ကြီးဖို့ထက် ကိုယ်ကပဲ ရှေ့ဆုံး ထိပ်ဆုံးက နေချင်တယ်၊ အဦးစားပေးခံ ဖြစ်ချင် တယ်၊ လူတကာရဲ့ ဖူးဖူးမှုတ် အရေးပေးတာကို လိုချင်တယ်၊ ကဲ . . . အဲဒါတွေ ရှင် ဘယ်လိုလုပ်မလဲ"

သူက ပြုံးနေကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ သည်းခံယူရမှာပေါ့ ... အလုံးစုံ perfect ဆိုတာမျိုးလည်း ကျွန်တော် မျှော်လင့်မထားပါဘူး၊ ဘယ်ပစ္စည်းမဆို အရည်အသွေးသိပ်ကောင်းလေ ဘေးထွက်ဆိုးကျိုးလည်း ပြင်းထန်လေဆိုတာ ကျွန်တော် နားလည်လက်ခံပြီးသားပါ၊ ကျွန်တော် စောင့်လာခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပြီ တစ်ခေတ်ရယ်၊ ဒါမှ ဒါပဲ ဖြစ်နေခဲ့တာ၊ ဒီတစ်ယောက်ကလွဲပြီး ကျန်တာ ဘယ်သူမှ ကျွန်တော့်ရင်ကို မတိုးနိုင်တော့ဘူးလို့ အယူသီးနေခဲ့တာ၊ တစ်ခေတ်နေရာမှာ ဘယ်သူ့ကိုမှ အစားထိုးဖို့ကို စိတ်ကူး မရှိခဲ့တာ၊ ကျွန်တော်ကလည်း ခေါင်းက ခပ်မာမာရယ်"

"ဟား ဟား ... အသားလွတ်ကြီး ကြော်ငြာဝင်နေပါလား ရှင်နဲ့ကျွန်မ ပြန်ဆုံတာ ဒီနေ့နဲ့မှ နှစ်ရက်ပဲ ရှိသေးတယ်နော် ဣန္ဒြေလေးဘာလေး ဆယ်ပါဦးတော့လား ..."

"မရတော့ဘူး တစ်ခေတ် ... ဒီဂရီက အရမ်းမြင့်တက်နေပြီ၊ တစ်ခေတ်တောင် မနေ့က အောင့်နိုင်ခဲ့လို့လား ကျွန်တော့်အိမ်ထဲ တန်းတန်းမတ်မတ် ဝင်လာပါခဲ့၊





ပြီးတော့..."

"ဟား ဟား ... အဲဒါကို အစမဖော်ကြေး၊ ကျွန်မ အရမ်းရယ်ချင်တယ်"

သူမ သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မိပါသည်။ ဒီလို စိတ်လွတ်လက်လွတ် မရယ်မောဖြစ်တာ ဘယ်လောက်တောင် ကြာလှပြီလဲ ... သူမ မမှတ်မိတော့။ နှစ်ချီနေရောပေါ့ ...။ သူမ ပြုံးရယ်လိုက်တိုင်း ပါးပြင်နှစ်ဘက်မှ ပါးချိုင့်ကလေးတွေ ခွက်ထင်သွားတတ်တာကို သူမ သိထားပြီးသား။ အဲဒါကို သူက ငေးကြည့်လို့နေခဲ့သည်။

"ကျွန်တော်ကမှ ဆယ်နှစ်ဆယ်မိုး စောင့်ခဲ့တာပါ တစ်ခေတ်ရာ၊ တစ်နေ့ တစ်ခေတ်နဲ့ ပြန်ဆုံလိမ့်မယ်လို့ကို ကျွန်တော် အသေအချာ ယုံကြည်ထားခဲ့တာပါ ..."

"အေးဆေးပေါ့ရှင် ... ဘာဖြစ်လို့ ခုမှ ဒီလောက်တွေ လောနေရတာလဲ၊ ကျွန်မ ရှင့်ကို နောက်ထပ် ဆယ်နှစ် ထပ်,မစောင့်ခိုင်းပါဘူး"

"ဟား ... မရစ်စက်နဲ့နော်၊ ကျွန်တော် ထိုင်ငိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ပြောပါဦး၊ ရှင့်ဘဝမှာ အရေးအကြီးဆုံး၊ အရေးအပါဆုံးလူ ဘယ်နှစ်ယောက်ရှိသလဲ၊ အဲဒီထဲမှာ ကျွန်မက နံပါတ်ဘယ်လောက်လဲ . . ."

"ကျွန်တော် စဉ်းစားဖို့ မလိုဘဲ ဖြေနိုင်ပါတယ်၊ ကျွန်တော့်ဘဝမှာ အရေးအပါဆုံး လူနှစ်ယောက်ပဲရှိတယ်၊ နံပါတ်တစ်က မေမေ . . . နံပါတ်နှစ်က တစ်ခေတ်ဆန်း ဒီနှစ်ယောက်ပဲ"

သူမ ပြေးနေသော ခြေလှမ်းကို တုန့်ခနဲ ရပ်ပစ်လိုက်ပြီး သူ့ကို စေ့စေ့ စိုက်ကြည့်လိုက်သည်။ ကျွန်မက နံပါတ်တစ်ဖြစ်ချင်တာ။ အဲဒီလိုပြောဖို့ သိပ်များ စောနေဦးမလား။ သူမ အဲဒီလောက် လောဘမကြီးသင့်ဘူး ထင်ပါရဲ့လေ။ သားတွေနဲ့ အမေတွေဟာ ကမ္ဘာပေါ်မှာ အချစ်ဆုံး၊ အနီးကပ်ဆုံး လူသားတွေမှလား။ သူတို့နှစ်ယောက်ကြားကို တိုးဝင်နေရာယူနိုင်ဖို့ဆိုတာ အဲဒီမိန်းမသိပ်တော်ပြီး လိမ္မာ ပါးနပ်နိုင်မှ။ သူ့မေမေဟာ ဘယ်လိုမိန်းမစားမျိုးပါလိမ့်။ သူမ သိချင်လာသည်။ သားကို ကလေးတစ်ယောက်လို နေရာတကာ လွှမ်းမိုးချုပ်ကိုင်ထားတတ်တဲ့ မိခင်မျိုး





လား။ သားချစ်တဲ့ မိန်းကလေးကို မသိစိတ်ထဲကနေ သဝန်တိုမုန်းတီးနေတတ်တဲ့ တကိုယ်ကောင်းဆန်၊ အတ္တကြီးတတ်တဲ့ အမေမျိုးလား။ သူမက တစ်ခုခုကို မြို့ချလိုက်သလို မြို့ချလိုက်ရင်း သူ့ကို ဘာမှ ထပ်မပြောမိတော့။

"ရှင့်မေမေကို ကျွန်မ တွေ့ချင်လိုက်တာ . . ."

ဟု . . . ခပ်တိုးတိုး ပြောလိုက်မိတော့ သူ့မျက်နှာက ဝင်းခနဲ လက်သွားပါသည်။

"သိပ်တွေ့ရတာပေါ့ . . . တစ်ခေတ်၊ ဘယ်နေ့ တွေ့ချင်လဲဟင်၊ ကျွန်တော် စီစဉ်ပေးပါ့မယ်"

"အင်း . . . ကျွန်မ အားတဲ့တစ်ရက် ပြောမယ်လေ"

သူမ ပြုံးမိသွားသည်။ ငါနှယ် . . . အဆင့်တွေများ ကျော်ကုန်ပြီလား။ သူ့ကိုတောင် အဖြေမပေးရသေး။ ချစ်သူတွေ မဖြစ်ရသေးဘဲ သူ့မေမေနှင့် တွေ့ချင်တာကတော့ သူမ စိတ်စောလွန်းရာ ကျနေပြီပေါ့။ ဒါပေမယ့် အဲဒါဟာ တစ်ခေတ်ဆန်းရဲ့ သဘောတပဲဟာ။ စိတ်မြန်လက်မြန်နဲ့ ဖြစ်ချင်တာရှိလာရင် ဟန့်မဆောင်၊ မချုပ်ထိန်းတတ်ဘဲ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ပြေးတွေ့တတ်တာမျိုးလေ။ အဲဒီအတွက် အောင်မြင်ခဲ့တာတွေလည်း ရှိသလို၊ ဆုံးရှုံးခဲ့တာတွေလည်း ရှိခဲ့သည်ပေါ့။ သူမက နောင်တမရတတ်သူလေ . . .။ သားတစ်ယောက်ကို မိခင်တစ်ယောက်ဟာ ဘယ်လောက်ထိ လွှမ်းမိုးချုပ်ကိုင်ထားနိုင်မလဲဆိုတာ သူမ တကယ် သိချင်လှပါသည်။ ဘာဖြစ်လို့လဲဆိုတော့ သူမက သူ့ကို တစ်ဦးတည်းမူပိုင် မောင်ပိုင်စီးချင်မိသည်ကိုး။ ပြောရမယ်ဆိုရင်ဖြင့် သူမက လောဘတော့ အလွန်ကြီးတတ်ပါသည်။

✞





နောက်ရက်တွေမှာလည်း မနက်ခင်းတိုင်း သူမတို့ ပုံမှန်ပြေးရင်း ဆုံတတ်လာသည်။ ပြေးရင်း စကားတွေ ပြောကြရင်းဆိုတော့ ခြံဝင်းတစ်ပတ် ပြေးရတာ သိပ်ကြာသည်ဟုတောင် မထင်လိုက်။ သူနှင့်သူမတောင် တော်တော်ကလေး ရင်းနှီးပြီတွယ်လာခဲ့ပြီ။ အလုပ်ချိန်တွေအတွင်းမှာတော့ သူမက သူ့ဆီက ဖုန်းလာလျှင်တောင် မဖြေတတ်။ အလုပ်ပြီးချိန်ဆို ညနေတော်တော်စောင်းလို့ မိုးပင်ချုပ်နေတတ်ပြီ။ သူ့ဆီကတော့ သတိရတိုင်း ဖုန်းခေါ်ကြည့်တာမျိုး၊ message ပို့တာမျိုးတော့ နေ့စဉ် မျှော်



www.burmeseclassic.com

www.burmeseclassic.com



ကွက်တတ်။ သူလည်း အလုပ်များသူတစ်ယောက်ပါပဲ။ သို့သော် သူက ယောက်ျားပီပီ အားရင်ဆုံဖို့ ချိန်းချင်သည်။ အနည်းဆုံးတော့ ကော်ဖီဆိုင်မှာဆုံဖို့၊ ညစာ အတူစားဖို့ အချိန်ကို မရအရ ရှာဖွေတတ်သည်။ ခက်တာက သူမက အလုပ် အလွန်များခြင်းဖြစ်သည်။ တွေ့ဆုံရမည့်ညှိသည်တွေ၊ အစည်းအဝေးတွေ၊ ဆုံးဖြတ်ချက်ချစရာတွေ၊ လုပ်ငန်းခွင်တွေထဲ ဝင်စစ်ဆေးရတာတွေ၊ ပြီးတော့ . . . MBA သင်တန်းလည်း ပြေးတက်လိုက်ရသေးသည်ဆိုတော့ ညမိုးချုပ်လျှင် သူမမှာ နွမ်းလျနေပြီ။ သူနှင့် ဖုန်းပြောရင်း အိပ်ပျော်သွားတာ ဘယ်နှကြိမ်ရှိပြီလဲ . . .။ တော်ပါသေးရဲ့ . . .။ သူက စိတ်မဆိုးတတ်၊ ပြဿနာမရှာတတ်သူမို့ . . .။ တစ်ယောက်နှင့်တစ်ယောက်ကြားမှာ စကားတွေမလိုသော နားလည်နှောင်ဖွဲ့မှု၊ သံယောဇဉ်ကလေးတွေ၊ သတိတရ ရှိတတ်တာကလေးတွေတော့ ရှိလာသည်။ သူမ ဆိုလျှင်ပဲ သူ့အတွက် လက်ဆောင်ဝယ်ပေးဖို့ အလိုလိုနေရင်းကို စဉ်းစားတတ်လာတာပဲကြည့်။ Shopping Mall သွားရင်း ယောကျ်ားအသုံးအဆောင် brand အကောင်းစားကလေးတွေတွေ့ရင် စဉ်းစားမနေဘဲ ဖျတ်ခနဲ ဆွဲယူလာ





တတ်သည်။ Gucci တို့ LV တို့ ARMANI တို့ စသော designer brand တွေထဲက လက်ကိုင်အိတ် wallet လိုဟာမျိုး၊ ခါးပတ်၊ အကျႌ၊ ဘောင်းဘီ . . . စတာကလေးတွေ လက်ဆောင် ပေးတတ်သည်။ သူက သူမအတွက် လက်ဆောင်ပေးလျှင်လည်း ပင်းမှာချည်သော scarf လှလှကလေးတွေ၊ ဖိနပ်လှလှကလေးတွေ၊ ပြီးတော့ . . . ရေမွှေးအနံ့ သင်းသင်းကလေးတွေ၊ စာအုပ်တွေ ပြန်ပေးတတ်သည်။ သူက လက်ဆောင်ပေးတိုင်း ပါကင်ပေပါလှလှနဲ့ သေချာဖဲပွင့်ကလေးတွေ၊ ဖဲကြိုးကလေးတွေနှင့် စည်းနှောင်ပြီး ပေးတတ်သူဖြစ်သည်။ အဲဒီလက်ဆောင်ကို သူ့ရှေ့မှာပဲ ဖောက်ဖွင့်စေကာ သူမ တကယ် ကြိုက်မကြိုက် သူ့ဘာသာသူ ခန့်မှန်းအကဲခတ်တတ်ပြန်သည်။ သူ့ကို လေ့လာရသလောက်တော့ သူဟာ အစွဲအလမ်း၊ အမှတ်သညာ ကြီးတတ်သူဖြစ်သည်။ သူမက တစ်ခါတစ်ရံ အမှတ်မထင် ပြောလိုက်တာလေးကို အလေးအနက် မှတ်ချင်မှတ်ထားတတ်သည်။ ပြီးတော့ ဆုံးဖြတ်စရာရှိလည်း တွေဝေနှောင့်နှေးလေ့မရှိ။ ပြတ်ပြတ်သားသား ဆုံးဖြတ်လေ့ရှိသည်။ ဒါဆိုမှဒါ တယူသန်ဆန်ကာ ခေါင်းမာဇွဲကြီးသူလည်းဖြစ်သည်။ လွန်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



တစ်လလောက်က ပြောထားတာကို သူ မမေ့လျော့တတ်။

"တစ်ခေတ် . . . မေမေနဲ့ တွေ့ချင်တယ်ဆို၊ ပြောထားတာ တစ်လရှိနေပြီ၊ ကျွန်တော် တစ်ခေတ် အဆင်ပြေမယ့် အချိန်ကို စောင့်နေတာ၊ မေမေကတောင် စိတ်ဝင်စားနေပြီ"

တဲ့ . . .။ သူ့ကို သူမ အားနာသွားမိပါသည်။ ထို့ကြောင့် အချိန်အအားဆုံး ဖြစ်နိုင်မည့်ရက်တစ်ရက်ကို စီစဉ်ပေးလိုက်ရလေသည်။ ရယ်စရာတော့ ကောင်းသား။ တရားဝင်ချစ်သူတွေတောင် မဖြစ်ရသေးဘဲ သူမက ယောက္ခမလောင်းနှင့် ကြိုတွေ့ဖို့ အလွန်သတ္တိတွေ ရှိနေခဲ့ပြန်သည်။

✞





သူ့အိမ်မှာပဲ ညစာ စီစဉ်ထားသည်တဲ့ . . .။ ပိုပြီး အံ့သြစရာကောင်းသည်က ဟင်းတွေအားလုံးကို သူ့ မေမေကိုယ်တိုင် မီးဖိုဆောင်ထဲဝင်ပြီး စီမံချက်ပြုတ်ခဲ့သည်ဆိုပဲ။ သူ ပြန်ပြောပြခြင်းဖြစ်သည်။ လူချင်းတွေ့ချိန်မှာ အလွန် မဟာဆန်ပြီး၊ ကျက်သရေရှိလွန်းသော၊ နူးညံ့သိမ်မွေ့ အေးဆေးသော်လည်း ထက်ထက်မြက်မြက် ရှိပုံရသော သူ့မေမေက သူမကို သဘောအကျကြီး ကျကာ လှိုက်လှိုက်လှဲလှဲပင် ကြိုဆိုခဲ့ပါသည်။ သို့ပေမယ့် ဖက်လှဲတကင်းကြီးလည်း မဟုတ်။ ဣန္ဒြေရရကလေး။ သမီးလေးက



www.burmeseclassic.com

www.burmeseclassic.com



ချောလိုက်တာ၊ စော်လိုက်တာ၊ သားက အမြဲ တဖွဖွပြောနေတော့ အန်တီက စိတ်ဝင်စားနေတာ . . . စတာမျိုးတွေ ဘာတွေ မလုပ်။ ချိုသာသည် . . .။ သို့သော် မနှိမ့်ချ . . .။ သိမ်မွေ့သည် . . .။ သို့သော် မပျော့ပျောင်းလွန်း။ စည်းကလေးတစ်စည်း ခြားထားသလိုမျိုး။

"တစ်ခေတ်ဆန်း ဘာတွေ ကြိုက်တတ်မလဲဆော့ အန်တီ မသိဘူးကွယ်၊ သား အကြိုက်တွေတော့ များနေလိမ့်မယ်၊ ဂဏန်းအစပ်ချက်ရယ်၊ ပုဇွန်သုပ်ရယ်၊ ငါးခူ အကြွပ်ကြော်ရယ်၊ မုန်လာဥချဉ်ရည်ရယ်လေ၊ သားက ထမင်းစားရင် အဲဒီလိုလေးမှ စားမြိန်တာ၊ ဟင်းအစပ် တစ်မျိုး၊ အသုပ်တစ်မျိုး၊ ဟင်းရည်တစ်မျိုး၊ အရွက်ကြော်တစ်မျိုး . . . အဲဒီလိုလေ"

"ကောင်းပါတယ်အန်တီ . . . ကျွန်မ အကြိုက်တွေချည်းပါပဲ၊ အန်တီ ပင်ပန်းသွားပြီနော်"

"မပင်ပန်းပါဘူးကွယ် . . . အန်တီက သားအတွက် အမြဲ ချက်ပေးနေကျပါ၊ ဟင်းချက်တာ မပင်ပန်းပါဘူး၊ ကောင်





မလေးတွေက ဘေးကနေဝိုင်းကူပေးကြပါတယ်"

"အန်တီ့အတွက် ကျွန်မ ကုမ္ပဏီထုတ် ပစ္စည်းတွေချည်း လက်ဆောင်ယူခဲ့ပါတယ်၊ အိပ်ရာခင်း၊ စားပွဲခင်း၊ လက်သုတ်ပုဝါ၊ အဝတ်ဗီရို၊ မီးအုပ်ဆောင်း အဲဒါတွေက အိမ်တွင်းပစ္စည်းတွေပေါ့၊ ဒါတွေက တခေတ်ဆန်း ရေမွှေး၊ ပေါင်ဒါ၊ သနပ်ခါး ဆိုပါတော့၊ hand wash နဲ့ hand cream တွေလည်းပါတယ်၊ အိမ်တွင်းစီး slipper ကလေးတွေလည်း ပါတယ်"

သူမက ကြိမ်ခြင်းဝိုင်းအကြီးကြီးထဲမှာ ပစ္စည်းတွေ နေစ်တကျ၊ လှလှပပ ထည့်သွင်းပြင်ဆင်ထားသော လက်ဆောင်ကြီးကို လှမ်းချပေးလိုက်သည်။

"အိုး . . . တခေတ်ဆန်းတံဆိပ် အန်တီ အရမ်းကြိုက်တယ်၊ အိမ်မှာ အဲဒါတွေပဲ သုံးတယ်၊ အခန်းသန့်ဆေးဆို အန်တီက နံ့သာဖြူပဲ ဖြန်းတယ်"

သူမ ကျေနပ်စွာ ပြုံးလိုက်မိသွားသည်။ သူ့ မေမေက ရိုးသားသားပဲ ပြောလိုက်တာပါ။ သူမက ဂုဏ်ပြုခံလိုက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



နှယ် ခံစားလိုက်ရသည်။ အဲဒီတစ်ချက်တည်းနှင့်တင် သူ့မေမေကို သူမ သဘောကျသွားခဲ့မိတာဖြစ်သည်။ ထမင်းစားကြတော့ သူ့မေမေ၏လက်ရာ ဘယ်လောက်ကောင်းမှန်း သူမ သဘောပေါက်သွားသည်။ တကယ်ကို လျှာလည်သွားစေတာပါ။ ဟင်းတွေအားလုံး အစပ်အဟပ်တည့်ကာ သူမ နှစ်နှစ်ခြိုက်ခြိုက်ပင် စားမိသွားသည်။

"ဟင်းတွေက စားလို့ကောင်းလိုက်တာ အန်တီ၊ ကျွန်မ တကယ်ပြောတာ၊ ဒီလောက်ဟင်းစပ်တည့်တာမျိုး ကျွန်မ တစ်ခါမှ မစားခဲ့ဖူးဘူး၊ ဂဏန်းဟင်း ကျွန်မ အရမ်းကြိုက်တယ်"

သူ့မေမေက ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေသည်။

"သားရော စားလို့ကောင်းရဲ့လား၊ စားလို့ မကောင်းရှာဘူးနဲ့ တူပါတယ်၊ နှစ်ပန်းကန်တောင်စားတယ်"

သူ့သားကို ကလေးလေးတစ်ယောက်ကို ချစ်စနိုးကျီစယ်ဟန်ဖြင့် လှမ်းပြောသေးသည်။ ကြည့်လိုက်ရုံနှင့်တင် သားအမိနှစ်ယောက်၏ နီးစပ်ဆက်သွယ်မှုကို ခန့်မှန်းနိုင်ပါသည်။





တော်ရုံမိန်းကလေး ထိုးဖောက်ဝင်လို့မရတဲ့ ခိုင်ကျည်စွာ နှောင်ဖွဲ့မှုမျိုး ရှိသည်။

"အချိုပွဲ ဘာစားရမှာလဲ မေမေ . . ."

"မေမေ သီးစုံကော့တေးလေး လုပ်ထားတယ်၊ သား အိုက်(စ်)ခရင်(မ်)စားဦးမလား"

"စားမှာပေါ့ မေမေ . . ."

သူက သူ့မေမေကို ပြုံး၍ကြည့်ကာ ပြောသည်။ ထမင်းဝိုင်းက နွေးနွေးထွေးထွေးပင် ပြီးဆုံးသွားသည်။ အချိုပွဲစားပြီးတော့ ညရှစ်နာရီကျော်ပြီ။

"ကျွန်မ ပြန်မှထင်တယ်နော်၊ အန်တီလည်း နားချင်ရောပေါ့။ ကျေးဇူးအများကြီးတင်ပါတယ် အန်တီ"

"နောက်လည်း ကြုံရင် ဝင်လာစားပါ သမီး၊ အန်တီ အမြဲကြိုဆိုပါတယ်"

'သမီး' ဟူသော အခေါ်အဝေါ်က သူမရင်ကို နွေးခနဲဖြစ်သွားစေတာတော့ အမှန်ပဲဖြစ်သည်။ သူမ ကား မယူလာပါ။ ခြံချင်းက သိပ်အဝေးကြီး မဟုတ်လှ။ အလာတုန်းက သူလာခေါ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ အပြန်ကျတော့ . . .

"လမ်းလျှောက်ပြန်ကြမလား တစ်ခေတ်"

ဟု . . . သူက မေးသည်။ ဘာမလျှောက်နိုင်စရာ ရှိသလဲ။ သူမ ခေါင်းညိတ်ပြလိုက်သည်။

"မေမေ . . . သား တစ်ခေတ်ကို လမ်းလျှောက်ရင်း ပြန်ပို့လိုက်ဦးမယ်"

"ကောင်းတယ်သား . . . သွား သွား"

သူတို့နှစ်ယောက် လူခြေတိတ်ဆိတ်သော လမ်းတလျှောက် ခပ်ဖြည်းဖြည်းလျှောက်လာခဲ့ကြသည်။

"ဒီနေ့လေးအတွက် ကျေးဇူးတင်ပါတယ် တစ်ခေတ်၊ မေမေ တစ်ခေတ်ကို သဘောကျနေပုံရတယ်"

"အကယ်၍ သဘောမကျခဲ့ရင်ရော ! ရှင်က နောက်ဆုတ်မှာလား"

"ကျွန်တော် ဘယ်တော့မှ နောက်မဆုတ်တတ်ပါဘူး တစ်ခေတ်၊ မေမေကလည်း ကျွန်တော့်အကြောင်း သိပြီးသားပါ။ ကျွန်တော် ဆယ်နှစ်ဆယ်မိုးလုံး အရှုးအမူး စွဲလမ်း





ခဲ့ရတဲ့ မိန်းကလေးကို ဘာအကြောင်းနဲ့မှ မခါပါဘူး"

"ရှင်က သေချာနေတယ်ပေါ့လေ . . . နေပါဦး ရှင်က ဘယ်ကိစ္စမဆို ရှင့်မေမေနဲ့ တိုင်ပင်ပြီးမှ ရှင့်မေမေကို ခွင့်တောင်းပြီးမှ လုပ်လေ့ရှိတဲ့ မေမေ့သား အလိမ္မာမျိုးလား"

"အမြဲတမ်းတော့ မဟုတ်ပါဘူး . . . ဒါပေမယ့် သိပ် အရေးကြီးတဲ့ ကိစ္စတွေမှာတော့ မေမေ့ကို တိုင်ပင် တတ်ပါတယ်၊ မေမေကလည်း ကျွန်တော်နဲ့ ပတ်သက် တာမှန်သမျှ အာလုံး အလုံးစုံ သိချင်စိတ်ဝင်စားတဲ့ အမေမျိုးလေ"

"နေရာတကာ လွှမ်းမိုးပြီး ကွန်ထရိုးလုပ်တတ်တာမျိုးလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး . . ."

သူမ မေးခွန်းနည်းနည်း ပြင်းထန်သွားခဲ့ပုံရသည်။ သူ့ဘက်က အသံတိတ်သွားခဲ့သည်။ ဒီလိုနှင့် သူမတို့ ခြံရှေ့သို့ ရောက်လာခဲ့သည်။

"ရှင် ကျွန်မကို တကယ်ချစ်တာ သေချာပြီလား ရာဇဝင်"



www.burmeseclassic.com

တစ်ခေတ်ဆန်း
နှလုံးအိမ်မှာ
ထိုးတွင်းခဲ့သော
tattoo ရာဇဝင်

www.burmeseclassic.com

"One Million Percent သေချာပြီးသားပါ"

"ကောင်းပြီလေ ... အဲဒါဆိုရင် မနက်ဖြန်ကျရင် [illegible] ရှင်နဲ့ကျွန်မ ချစ်သူတွေ ဖြစ်ပြီလေ [illegible]"

"ရက်(စ်)"

သူက ဖျတ်ခနဲ ထခုန်လိုက်ကာ လေထဲကို လက်သီးတစ်လုံး ပစ်သွင်းလျက် ဝမ်းသာအားရ အော်လိုက်သည်။ သူ အရမ်းပျော်သွားမှန်း သူ့မျက်နှာကြည့်ရုံနှင့် သိသာလွန်းပါသည်။ သူမကို အားပါးတရ ရွှန်းရွှန်းစားစားကြည့်ပြီး သူ ပြုံးနေသည်။

"ကျွန်တော် ဒီနေ့ကလေးကို ဘယ်တော့မှ မေ့တော့မှာ မဟုတ်ဘူး၊ ကျွန်တော့်အိပ်မက်ကို ကျွန်တော် တကယ် ပိုင်ဆိုင်ခွင့်ရလိုက်တဲ့နေ့မို့ပါ"

"ကျေးဇူးတင်ပါတယ် ရာဇဝင် ... ကျွန်မကို အဲဒီလောက်ချစ်လို့ပါ"

သူ့ကို လက်ပြနှုတ်ဆက်ပြီး ခြံတွင်းသို့ သူမ ဝင်လာခဲ့သည်။ အပျိုရိုင်းကလေးတစ်ယောက်လို သူမ ရင်တွေ ခုန်နေခဲ့ပါသည်။ သူက သူမ၏ လက်ကလေးတစ်ဖက်ကို တောင်း



[illegible] ကျွန်တော့်ရဲ့ တွန်းဆုတ်မနေချင်ဘဲ [illegible] လိုက်သည်။ [illegible]

[illegible] လက်ကလေးကတော့ သိပ်ပဲတက်ကူးညက်၊ တီထွင်ကွန့်မြူးနိုင်စွမ်းကောင်းလွန်းတဲ့ အရမ်းတော်တဲ့ မိန်းကလေးတစ်ယောက်ရဲ့လက်၊ ဒီလက်ကလေးကို နမ်းခွင့်ရတဲ့ ကျွန်တော့်လောက် ကံကောင်းတဲ့သူ ဒီကမ္ဘာမှာ ရှိတော့မယ် မထင်ဘူးနော်"

ဟု ... ပြောပြီး သူမ၏ လက်ချောင်းကလေးတွေကို တစ်ချက်မက်မက်ဟန်ဖြင့် နမ်းရှိုက်သောအခါ သူမ ရင်တစ်ခုလုံး လှိုင်းထန်စွာ ကြည်နူးပီတိတွေ လှိုက်တက်လာသည်။ နှလုံးသားဆီက လှိုက်မောတုန်ရင်မှုသည် သူမ တစ်ကိုယ်လုံးဆီ သွေးကြောတွေ ခက်ဖြာစီးဆင်းသွားသည့်အတိုင်း ပျံ့ဆင်းသွားသည်။ သူက သူမကို မက်မောလွန်းစွာ ငေးစိုက်ကြည့်နေ၏ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ရင်မှာ ခဏဝင်ကြည့်ပါလားဟင်"

တဲ့ . . .။ သူမက ကလေးတစ်ယောက်ကို အလို လိုက်လွန်းသော မိခင်တစ်ယောက်လိုပင် နာခံစွာပြုံးရင်း သူ့ ရင်ဘတ်ဆီမှာ ပါးပြင်ကို အပ်လိုက်သည်။ တကယ်တော့ သူက သူမထက် အရပ်တော်တော်ပိုမြင့်တာ။ ခေါင်းတစ်လုံးစာတောင် မကပါ။ မိန်းကလေးတွေထဲမှာ ကိုယ့်ကိုယ်ကိုယ် မြင့်မားလှပြီ ဆိုသော်လည်း သူနှင့်ကျတော့ သူ့ ပခုံးစွန်းကျော်ရုံသာရှိသည်။ သူ့ရင်ခွင်သည် ချစ်သူတစ်ခါမှ မထားခဲ့ဖူးသော သူမအတွက် နွေးထွေးလုံခြုံလွန်းလှကာ ယစ်မူးခုံမင်ဖွယ်အတိ။ သူက သူမကို ခပ်တင်းတင်းဖက်ထားသောကြောင့် သူမတို့ ပို၍ နီးကပ်သွား ကြသည်။ နှစ်ကိုယ့်တစ်စိတ် ကူးစက်ယှက်သွယ်သွားသည့်နှယ်။ အိုး . . . အဲဒီအတွေ့ဟာ လှိုက်မောကြည်မွေ့ဖွယ်ရှိလွန်းလိုက်တာ။

"ကျွန်တော် အရမ်းချစ်တယ် ခေတ်ရယ်၊ မခွဲချင်တော့ဘူး အတူတူ နေချင်ပြီ၊ ခေတ်ကို ကျွန်တော် အပိုင်သိမ်းပိုက်ချင် ပြီကွာ"





သူ့အသံက တုန်ရီလှိုက်မောနေသည်။ အိပ်မက် မက်နေသူတစ်ယောက်လိုမျိုး။

"ကျွန်မလည်း အတူတူပါပဲကွယ် . . ."


သူမ်က တိုးတိုးကလေး အဖြေပေးလိုက်မိလေသည်။

✞



www.burmeseclassic.com

www.burmeseclassic.com



# အခန်း
# ၄



www.burmeseclassic.com

တစ်ယောက်နဲ့တစ်ယောက် ဓလေ့ထုံးစံချင်း ဘယ်တူ

ပါ့မလဲ ခေတ်။ ကိုယ်က ခရီးထွက်ခါနီးတိုင်း မေမေ့

ခြေအစုံမှာ နဖူးအစ်ဦးခိုက်ပြီးမှ နှုတ်ဆက်တတ်တာ။

အဲဒါမှ ကိုယ့်စိတ်ထဲ လုံခြုံနွေးထွေးသွားတယ်။

မနက်တိုင်း အိမ်ကနေ ထွက်ခါနီးတိုင်း မေမေ့ကို

ကန်တော့ ဦးချပြီးမှ ထွက်တတ်တာ ကိုယ့်အကျင့်ပဲ။

အဲဒီအကျင့်ကို ကိုယ် ငယ်ငယ်လေးကတည်းက မေမေ

လေ့ကျင့်ပေးထားတာ အရိုးစွဲနေပြီ။

မြင်လို့ မရှုတော့ဘူး —။

ရာဇဝင်

မောင် အရင်က ဘာတွေပဲလုပ်ခဲ့ လုပ်ခဲ့၊

ကျင့်သားရခဲ့၊ ခေါက်ရိုးကျိုးခဲ့ အခု ကျွန်မနဲ့

အိမ်ထောင်ပြုလိုက်ပြီ။

မောင် —

လူကြီးတစ်ယောက်ဖြစ်ခဲ့ပြီ။

မောင့်ကို ကျွန်မပိုင်တယ်။

အဲဒါလောက်ပဲ ကျွန်မ ပြောချင်တယ် မောင် —။

တစ်ခေတ်ဆန်း





www.burmeseclassic.com

www.burmeseclassic.com

သူမကို သူ တကယ်ချစ်လျှင်၊

သူမကို သူ သိမှုလိုသည်။

ဓိထက်အများကြီး သူ ပိုသိဖို့

လိုအပ်သေးသည်။



## အခန်း (၄)

...ပါ၊ ပြောတော့လည်း ကြည့် . . .။ နှစ်...

...ကိုဖူးပါးချင်း ဆုပ်ထွဲမပျက်ရတာမို့၊ ခမ်းရှုရှုကလေး...

...တွေ မောင်မှုံ့ကြခြင်းဖြစ်သည်။ သူမကို သူကြည့်...

အကြည့်တို့သည် အမြဲတမ်း စိုလက်ရွှန်းမြနေတတ်သည်။ အမြဲတာ



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကလွဲရင် အချိန်ပိုမထားတတ်သော သူမတစ်ယောက် အချိန်ပိုကို တကူးတက ရှာတတ်လာပြီ။ ငါးမိနစ်ကလေးပဲရရ . . . သူ့ဆီ ဖုန်းလှမ်းဆက်တတ်သည်။ ဆယ့်ငါးမိနစ်၊ နာရီဝက်လောက် ရမည်ဆိုလျှင်တော့ နှစ်ယောက်သား တွေ့ဖို့ ချိန်းမည်။ ကော်ဖီဆိုင် ထိုင်ဖို့ အချိန်မရတောင် ကော်ဖီခွက်တွေ ဝင်ဝယ်ပြီး သူ့ဆီသို့ သူမ သွားလျှင်သွား၊ ဒါမှမဟုတ် . . . သူမဆီသို့ သူလာကာ ကားပေါ်မှာ ထိုင်သောက်ကြမည်။ ညနေစောစော ပြန်ခွင့်ရဖို့ သူမက အလုပ်တွေကို ခပ်သွက်သွက် ဖြေရှင်းတတ်လာပြီ။ အိမ်ပြန် အဝတ်အစားလဲဖို့ အချိန်မရှိရင် ရုံးမှာပဲ ရေမိုးချိုး၊ အလှပြင်ကာ (အဝတ်အစားအပိုတွေ ရုံးခန်းမှာ ထားရပြီ) အဝတ်အစားလဲပြီး သူနှင့်တွေ့ဖို့ ပြေးရပြီ။ ညနေခင်းများကို သူ့အတွက် အပြည့်အဝ ပေးထားချင်သည်။ သူကလည်း သူမအတိုင်း . . .။ နှစ်ယောက် သား အေးအေးလူလူ၊ လက်ချင်းတွဲကာ အင်းလျားကန်ဘောင်ရိုးမှာ လမ်းလျှောက်လျှင် လျှောက်မည်။ ညစာကို ဆိုင်မှာ စားရင်စား ဒါမှမဟုတ် သူ့အိမ်မှာ သူ့မေမေ၏ လက်ရာကောင်းကောင်းကို ဝင်လွေးကြမည်။ ပြီးရင် ခြံထဲမှာ အတူတူထိုင်ရင်း စကားတွေ





ပြောကြမည်။ သူက မြက်ခင်းပေါ်မှာ ဒီအတိုင်းလှဲချအိပ်ပြီး မိုးကောင်းကင်ကြီးကို မော့ကြည့်ရတာ အရသာတစ်မျိုးတဲ့။ သူမလည်း သူ့လို လိုက်အိပ်ကြည့်မိရင်း လွတ်လပ်ပေါ့ပါးစွာ ရယ်မောမိလေသည်။ သူက ဖြုန်းခနဲ သူမ မျက်နှာဆီ အုပ်မိုးလာပြီး . . .

"အတူနေချင်ပြီ ခေတ်ရယ်၊ လက်ထပ်ကြစို့ . . . will you marry me? "

ဟု . . . မြက်ခင်းပေါ်မှာ ဒူးထောက်ရင်း စိတ်လှုပ်ရှားစွာ ပြောလာသောတစ်နေ့မှာ သူမကလည်း ငြင်းဆန်စရာအကြောင်းမှ မရှိဘဲ။ ဘဝမှာ လိုလေသေးမရှိ ပြည့်စုံနေချိန်မှာ ကိုယ့်ချစ်ရသူနှင့် အတူတူနေခွင့်ရတာလောက် ကောင်းတဲ့ အစီအစဉ် ရှိနိုင်ဦးတော့မလား။ အဲဒါကြောင့် . . .

"yes"

ဟု . . . သူမက ခပ်ရှင်ရှင်ကလေး အဖြေပေးလိုက်သည်။ သူ သိပ်ပျော်သွားခဲ့သည်။

✝



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်သူမတို့ မင်္ဂလာပွဲအတွက် သူမကိုယ်တိုင် စိတ်တိုင်းကျစီစဉ်ပါသည်။ Wedding Planner ကို သူမ ဖြစ်ချင်တာတွေပြောပြီး သူမ၏ စိတ်ကူးကို အကောင်အထည်ဖော်စေသည်။ သူမ၏ မင်္ဂလာပွဲက သင်္ဘောကြီးပေါ်မှာ ...။ အခမ်းအနား အပြင်အဆင်၊ အကျွေးအမွေး၊ ဧည့်သည် List အားလုံး သူမ စိတ်ကူးထဲကအတိုင်း ပြောပြလိုက်ရုံ။ Planner က အားလုံး အကောင်အထည်ဖော်ပေးသွားလိမ့်မည်။ သူ့ဘက်ရော၊ သူမဘက်ပါ စီးပွါးရေးလုပ်ငန်းရှင်တွေချည်း များတာမို့ ဧည့်သည်



တစ်ထောင်ကျော်သည်မို့ သင်္ဘောကြီး တစ်စင်းလုံးကို ...

... သတို့သမီး၊ သတို့သား ဝတ်စုံအတွက် ...

tuxedo ဝတ်စုံ ထည့်မှာလိုက်သည်။ သူမက Ivory ရောင် ...။ သူက မီးခိုးရောင်ဖျော့ဖျော့။ မင်္ဂလာပွဲကိစ္စတွေမှာ သူ တစ်ခွန်းမှ ဝင်မစွက်ဖက်ခဲ့။ သူကိုယ်တိုင်က သူမ စိတ်တိုင်းကျသာ ဖြစ်စေချင်သည်။ သူမကိုသာ အရိပ်တကြည့်ကြည့် ...။ သူမကို လက်ထပ်ခွင့်ရသည့်အတွက် ဂုဏ်ယူကျေနပ်ပီတိ ဖြာနေဟန်။

တစ်ရက်မှာ သူနှင့်သူမ စကားတစ်ခွန်းကို ပြိုင်တူလိုလို ပြောလိုက်မိကြသည်။

"လက်ထပ်ပြီးရင် ကျွန်မတို့ ဘယ်မှာနေမှာလဲ"

"မေမေကပြောတယ် ... လက်ထပ်ပြီးရင် ကိုယ်တို့ နှစ်ယောက်နေဖို့ အခန်းကို သူစိတ်တိုင်းကျ ပြင်ဆင်ထားတယ်တဲ့၊ ကိုယ်တို့တောင် မပြသေးဘူး၊ မေမေ ကျိတ်စီစဉ်နေတာလေ၊ ခေတ် မင်္ဂလာပွဲအတွက် အတိုင်



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှုပ်နေသလို၊ မမေကလဲ ကိုယ်တို့နေဖို့ အခန်းကို ပြင်လို့မဆုံးဘူး၊ အလုပ်တွေ ရှုပ်နေတာ"

"ဘယ်လို . . . ! အို . . . နိုးဝေး . . .၊ ကျွန်မ ဘယ်မိဘနဲ့မှ အတူတူနေဖို့ စိတ်ကူးမရှိဘူးမောင်၊ ဟုတ်သားပဲ. . . မောင့်ကို အဲဒီအကြောင်း စောစောကတည်းက ကြိုပြောပြထားဖို့ ကောင်းတာ၊ မောင့်မမေကိုတော့ အားနာစရာတွေ ဖြစ်တော့မယ်၊ မောင့်အိမ်မှာလည်း ကျွန်မ လိုက်မနေဘူး၊ ကျွန်မအိမ်မှာလည်း မောင် လိုက်မနေရဘူး ကျွန်မတို့ အိမ်တစ်လုံး သီးသန့်ခွဲနေမှာ . . . ဖြစ်မှဖြစ်ရလေ . . . မောင့်မှာ ဆောက်ပြီးသား ပြင်ဆင်ထားပြီးသား အိမ်တွေ အများကြီးပါ၊ ကျွန်မစိတ်ကြိုက် တစ်အိမ် လိုက်ကြည့်မယ်၊ လိုအပ်တာလေးတွေ ကျွန်မထပ်ပြင်မယ်၊ နှစ်ယောက်တည်း ကမ္ဘာကလေးပေါ့ မောင် . . . ဟင်"

သူမက သူမဖြစ်ချင်တာကို လုံးဝ အပြတ် အဆို တင်သွင်းထားလိုက်သည်။ ဘယ့်နှယ် . . .။ တစ်ခေတ်ဆန်းဆိုတဲ့ မိန်းမလား . . . ယောက္ခမအိမ်က အခန်းတစ်ခန်းမှာ တက်နေမှာ မောင်ရယ် . . . တုံးလိုက်တဲ့ မောင့်ရဲ့ စိတ်ကူးပါလား။ အဲဒါတစ်ခုတော့ သူမစိတ်ထဲ အတော် ကသိကအောက် ဖြစ်သွားမိတာ အမှန်ပါပင်။

"ခေတ်ရယ် . . . မမေက မောင်တို့ကို သူနဲ့အတူတူ မခွဲမခွာ နေစေချင်တာ၊ မောင့်အပြစ်ပဲ . . . မောင်လည်း အဲဒါကို ခေတ်ကို ကြိုပြောပြထားရမှာ၊ မမေနဲ့ မောင် တစ်ခါမှ ခွဲမနေဖူးခဲ့ဘူး ခေတ်"

"ဩော် . . . ပြောပဲ ပြောတတ်သေးတော့ မောင်ရယ်၊ ကျွန်မကရော ကျွန်မမိဘတွေနဲ့ ခွဲနေဖူးတာကျလို့၊ ကျွန်မတို့ လူကြီးဖြစ်တာကြာလှပြီ မောင်၊ ကိုယ့် စီးပွားရေး လုပ်ငန်းတွေမှာ ကိုယ်က ခေါင်းဆောင်လုပ်နေရတဲ့ သူတွေ၊ ဘာမဟုတ်တာလေးနဲ့ ကလေးအတွေးတွေ လာတွေးပြမနေစမ်းပါနဲ့ကွယ်၊ နောက်တော့လည်း မောင့်မမေ ဒီလိုပဲ တစ်ယောက်တည်း နေတတ်သွားပါလိမ့်မယ်၊ ကျွန်မက ကျွန်မရဲ့ အိမ်မှာ ကျွန်မသာလျှင် အခရာ၊ ကိုယ့်ခြေကိုယ့်လက် ဖြစ်စေချင်တာ၊ မောင့်မမေရှိနေရင် ယောက္ခမကို နေရာ







www.burmeseclassic.com

www.burmeseclassic.com



ပေးနေရတာနဲ့ သူ့စိတ်နဲ့ကိုယ့်စိတ် မသင့်တဲ့အခါ ဖြစ်လာမယ့် ပြဿနာတွေ . . . အမလေး တွေးလိုက်ရင် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"ခေတ်ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလားကွာ"

"အဲဒီလောက် ရှေးမဆန်ချင်စမ်းပါနဲ့ မောင်ရာ၊ ကျွန်မက စိတ်မြန်လက်မြန်၊ ဇိုးဇိုးဇတ်ဇတ်သမား၊ မောင့် မေမေနဲ့ တစ်ပတ်ကလေးတောင် အတူနေနိုင်မှာ မဟုတ်ဘူး၊ အဲဒါ အပွင့်လင်းဆုံး ပြောထားတာ၊ နောက် ထပ်ပြီး စည်းရုံးနေမှာ စိုးလို့"

သူ့မျက်နှာ မကောင်းတော့တာကိုတော့ သူမ, မတတ်နိုင်ပါ။ အိမ်ထောင်တစ်ခုမှာ စအဖွင့်ကတည်းက လိုက်လျှော ပေးနေစရာ မလို။ သူမ လိုချင်တဲ့ ပုံစံအတိုင်းပဲ ဖြစ်စေချင်သည်။ သူ့ကို ချစ်ပေမယ့် မာနကလေးကိုတော့ အထိမခံချင်ပါ။

"ကောင်းပြီလေ . . . မောင့်မေမေကို နားလည်အောင် ချော့မော့ပြောပြလိုက်ပါ့မယ်၊ မေမေ စိတ်မကောင်း ဖြစ်သွားမှာတော့ သေချာတယ်"





သူမ, ပခုံးမတွန့်မိအောင် အတော်သတိထား ထိန်းချုပ်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ မင်္ဂလာပွဲက သူမ မျှော်လင့်ထားခဲ့သည့် အတိုင်းပင် . . . စည်ကားခမ်းနားစွာ အောင်မြင်ခဲ့သည်။ သဘောတစ်စင်းလုံး လူအပြည့်အလျှံ။ ဘာတစ်ခုမှ လိုလေသေး မရှိ။ သူမ ဖြစ်စေချင်တဲ့ပုံစံအတိုင်း။ ဒင်နာပါတီကိုတော့ သူမနှင့်သူ နေဖို့အတွက် သူမ စိတ်တိုင်းကျ ရွေးချယ်ထားခဲ့သော သူ့ရဲ့ လုံးချင်းအိမ်ရာတွေထဲက စိတ်ကြိုက် အတွေ့ဆုံး အိမ်တစ်အိမ်နှင့် ခြံဝင်းကလေးထဲမှာ ကျင်းပခဲ့သည် . . .။ ခြံကလေးက တကယ့် Romantic ဆန်ဆန်ကလေးပါ။ ဂျပန်မြက်ခင်းစိမ်းကလေးနှင့်





တစ်ထပ်အိမ် ဘန်ဂလိုပုံစံကလေးပါပဲ။ အတွင်း decoration ကိုတော့ သူမ စိတ်တိုင်းကျ ပြင်ဆင်ခဲ့ရသည်။ သူငယ်ချင်း မိတ်ဆွေတွေကို ဒင်နာပေးပြီးချိန်မှာ သူနှင့်သူမ ခြေကုန်လက်ပန်း ကျစွာ ကျန်ရစ်ခဲ့သည်။ နောက်တစ်ရက် ဘန်ကောက်ဘက် ဟန်းနီးမွန်းထွက်ဖို့ စီစဉ်ထားသည်။ သူ့အကြည့်တွေက သောက်ရှူး ကြယ်တွေလို ပြုံးပြက်ဝင်းလက်လို့။ သူ ပျော်နေတာ သိသာလှပါ သည်။ သူမကို သူ့ရင်ခွင်ထဲမှာ တင်းနေအောင် ထွေးပွေ့ထားရင်း စကားလေးတစ်ခွန်း သူပြောလိုက်သည်။ ရုတ်တရက် သူမ နားထဲ သေနတ်နှင့် အပစ်ခံလိုက်ရသလို ပြုန်းခနဲ တုန်လှုပ်ထိတ်လန့်သွား မိသည်။ သူက . . .

"ချစ်ခေတ်လေးရယ် . . . မောင်တို့ ကလေးယူရအောင် နော်၊ သိပ်လှပြီး ဉာဏ်ရည်ဉာဏ်သွေး သိပ်ထက်တဲ့ သမီးကလေး၊ အမေတူ သမီးကလေးပေါ့၊ ပြီးတော့ . . . ဒတ်ဒီဂဲလ်ကလေးပေါ့နော် ခေတ်"

တဲ့လေ . . .။ သူမက သူ့ရင်ခွင်ထဲကနေ ပြုန်းကနဲ ရုန်းထွက်မိရက်သားဖြစ်သွားသည်။ သူ့ကို မယုံနိုင်သော အကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တအံ့တသြ ကြည့်မိသည်။

"မောင် ဘာတွေ ပြောနေတာလဲ . . . ကျွန်မဆီက မောင် လိုချင်တာ အဲဒါလား"

ဟု . . . အလန့်တကြား မေးလိုက်သည်။ သူက သူမကို လေးလေးနက်နက် စိုက်ကြည့်နေခြင်းဖြစ်သည်။

"ဟုတ်တယ်လေ . . . ကိုယ်တို့ လက်ထပ်ပြီးပြီ၊ မိသားစုဘဝကလေးတစ်ခု တည်ဆောက်ရမယ်လေ"

"ဘုရားရေ . . . ကျွန်မအတွက် လုပ်စရာတွေ အများကြီးပဲ ရှိသေးတာ မောင် မသိဘူးလား၊ ကျွန်မ လုပ်ငန်းတွေ အများကြီးပဲ တိုးချဲ့ရဦးမယ်၊ တစ်နေ့တစ်နေ့ လုပ်စရာ အလုပ်တွေက အချိန်နဲ့အမျှ ပြည့်နေတာ၊ ဘယ်မှာလဲ ကလေးမွေးဖို့ အချိန်၊ ကလေးကို ပြုစုစောင့်ရှောက်ဖို့ အချိန် ဟင့်အင်း . . . ကျွန်မ အခုချက်ချင်း ကလေးမယူနိုင်သေးဘူး မောင်၊ ယူလို့ မဖြစ်သေးဘူး . . . နောက်လေးငါးနှစ် လောက်မှ စဉ်းစားကြတာပေါ့နော်၊ အခု မောင့်ကို ကျွန်မ လက်ထပ်တာ မောင့်ကိုချစ်လို့၊ မောင်နဲ့အတူတူ တစ်မိုး





တည်း၊ တစ်အိမ်တည်းမှာ နေချင်လို့ . . . ဒါပဲ မောင်၊ ကျွန်မကို တခြား ဘာပရက်ရှာမှ ပေးဖို့ မစဉ်းစားပါနဲ့ မောင်"

ဒါဟာ ဒုတိယအကြိမ် သူ့ဆန္ဒကို အတိုက်အခံ လုပ်ရခြင်းဖြစ်ကြောင်း သူမ မှတ်မိနေသည်။ သူက သူမကို နားမလည်နိုင်သလို ကြည့်နေဆဲ။

"ခေတ် . . . မောင်တို့ လက်ထပ်ခြင်းရဲ့ အဓိပ္ပါယ်က ဘာလဲ၊ မောင်က မိသားစုဘဝကို အရမ်း မက်မောတာနော်၊ သားတွေ သမီးတွေနဲ့ ဆူညံပျော်ရွှင်နေတဲ့ ဘဝကလေးနဲ့ နေချင်တာနော်"

သူမ သူ့ကို ပြုံးပြလိုက်သည်။

"အခုမဟုတ်သေးဘူး မောင် . . . နောက်မှ ဒီကိစ္စ နောက်တစ်ကြိမ် ထပ်မဆွေးနွေးစို့နဲ့နော် မောင်၊ အိုကေ ကျွန်မကို စိတ်မညစ်စေချင်ရင်ပေါ့"

သူ ပြုံးလိုက်သည် . . .။ သူ့အပြုံးက ပြောင်းလဲသွားမှန်း သူမ လုံးဝ ရိပ်မိလိုက်သည်။ လုံးဝ အသက်မပါတော့။



www.burmeseclassic.com

www.burmeseclassic.com



လိုက်မောဆူဝေခြင်းတွေ မရှိတော့။ ပကတိ ငြိမ်သက်သွားခြင်း။ သူ့ရဲ့ စိတ်ချမ်းသာပျော်ရွှင်ခြင်းထက် သူမ၏ဘဝ အောင်မြင်မှုက သူမအတွက် ပိုအရေးကြီးပါသည်။ အဲဒါကို သူ အရင်ကတည်းက သိခဲ့ပြီးသားဖြစ်ရမည်။ သူ လက်ထပ်ယူခဲ့သော မိန်းကလေးသည် ဘဝကို စနစ်တကျ အချိန်အပိုင်းအခြားနှင့် လိုက်ပြီး တည်ဆောက်တတ်ခဲ့သူဖြစ်ကြောင်း သူ သိပြီးသား ဖြစ်မှာပါ။ သူမကို သူ တကယ်ချစ်လျှင်၊ သူမကို သူ သိဖို့လိုသည်။ ဒီထက်အများကြီး သူ ပိုသိဖို့ လိုအပ်သေးသည်။





နောက်တစ်နေ့မှာ ဘန်ကောက်သို့ ဟန်းနီးမွန်း ထွက်ခဲ့ကြသည်။ ဒါတောင် မနက်စောစော သူ ထ,ပြီး . . .

"ကိုယ် မေမေ့ကို သွားနှုတ်ဆက်လိုက်ဦးမယ် ခေတ်၊ ခေတ်ရော လိုက်ခဲ့ဦးမလား"

တဲ့ . . .။ သူမ မျက်ခုံးတွေ ပင့်တက်သွားကာ သူ့ကို ကြည့်လိုက်သည်။

"ဘယ်လိုလုပ်ပြီး မောင့်မေမေဆီသွားဖို့ အချိန်ရတော့မှာလဲ မောင်ရဲ့၊ ပစ္စည်းတွေလည်း မထည့်ရသေးဘူးလေ၊ ဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနဲ့ လှမ်းနှုတ်ဆက်လိုက်တော့ပေါ့၊ ကျွန်မလည်း အိမ်ကို ဒီလိုပဲ လှမ်းနှုတ်ဆက်မှာ"

သူက သူမ မျက်ဝန်းထဲ တည့်တည့် အလေးအနက် ဟန်ဖြင့် စိုက်ကြည့်လာသည်။

"တစ်ယောက်နဲ့တစ်ယောက် မလေ့ထုံးစံချင်း ဘယ်တူပါ့မလဲ ခေတ်၊ ကိုယ်က ခရီးထွက်ခါနီးတိုင်း မေမေ့ ခြေအစုံမှာ နဖူးအပ်ဦးခိုက်ပြီးမှ နှုတ်ဆက်တတ်တာ၊ အဲဒါမှ ကိုယ့်စိတ်ထဲ လုံခြုံနွေးထွေးသွားတယ်၊ မနက်တိုင်း အိမ်ကနေ ထွက်ခါနီးတိုင်း မေမေ့ကို ကန်တော့ ဦးချပြီးမှ ထွက်တတ်တာ ကိုယ့်အကျင့်ပဲ၊ အဲဒီအကျင့်ကို ကိုယ် ငယ်ငယ်လေးကတည်းက မေမေ လေ့ကျင့်ပေးထားတာ အရိုးစွဲနေပြီ၊ ပြင်လို့ မရတော့ဘူး"

သူမ သက်ပြင်းတစ်ချက် ချလိုက်မိသည်။ သူမ ဘယ်လိုမှ မျှော်လင့်မထားသော ပြဿနာတစ်ခု ထောင့်ချိုးတစ်ခုကနေ လှစ်ခနဲ ဝင်ရောက်လာခဲ့သလိုပါပဲလား။

"မောင့်အသက် နှစ်ဆယ့်ခြောက်ကျော်လို့ နှစ်ဆယ့်ခုနစ်ထဲ





ရောက်နေပြီ မောင်၊ မောင် အရင်က ဘာတွေပဲလုပ်ခဲ့လုပ်ခဲ့၊ ကျင့်သားရခဲ့၊ ခေါက်ရိုးကျိုးခဲ့ အခု ကျွန်မနဲ့ အိမ်ထောင်ပြုလိုက်ပြီ၊ မောင် လူကြီးတစ်ယောက်ဖြစ်ခဲ့ပြီ၊ မောင့်ကို ကျွန်မပိုင်တယ်၊ အဲဒါလောက်ပဲ ကျွန်မ ပြောချင်တယ် မောင်၊ ဒီထက်ပိုပြီး ပြောလို့မကောင်းဘူး"

သူ သူမကို ခပ်စိမ်းစိမ်း တစ်ချက်ကြည့်သည်။ ဘာမှမပြောတော့ . . .။ သူမလည်း သူ့ကို ဘာမှ မပြောချင်တော့။ ဟန်းနီးမွန်းခရီးမှာ စိတ်အနှောင့်အယှက် မဖြစ်ချင်။ ဘာမှကြီးကျယ်သော ကိစ္စကလေးကို သူ တမင်သက်သက် လိုက်ချဲ့ထွင် ခမ်းနားအောင်လုပ်ပြီး အယူသည်းနေသည်ဟု သူမ ထင်သည်။ သူနှင့် သူမအတွက် အရေးတကြီးအချိန်မှာ သူ့ဘက်က မိခင်ငိုကာချဲ့လွန်းရာကျနေပြီ။ သူ့အမေနှင့် သူဟာ ဘယ်လောက်ပဲ နီးကပ်ချစ်ခင်လွန်းသည်ဆိုပေမယ့် သူမကို သူ ချစ်ပြီးသည့်နောက်မှာ တကဏ္ဍစီ သီးသန့်ခွဲထားဖို့လိုသည်။ အမြဲတမ်း မေမေ့သား အလိမ္မာကလေး လုပ်ပြနေဖို့ အချိန်မှ မဟုတ်တော့တာ။ ဒီလို ပုံပြင်တွေ၊ ရုပ်ရှင်တွေ၊ ဝတ္ထုတွေလည်း ငြီးငွေ့ဖွယ်ကောင်းလောက်



www.burmeseclassic.com

အောင် အပ်ကြောင်းထပ်နေခဲ့ပြီးသားပါ။

သူမက ရေချိုးခန်းဝင်ကာ ရေမိုးချိုးနေလိုက်သည်။ ရေချိုးခန်းထဲက သူမ ထွက်လာတော့ သူ မရှိတော့။ စိတ်ထဲထောင်းခနဲတော့ ဖြစ်သွားသည်။ သူ့ mobile ကို ချက်ချင်း လှမ်းနှိပ်လိုက်တော့ သူက ဘာမှ မဖြစ်သလို အသံမျိုးနှင့် အေးအေးဆေးဆေး ဖြေသည်။

"ကိုယ် မေမေ့ကို နှုတ်ဆက်ပြီး ချက်ချင်း ပြန်လာခဲ့မယ်"

တဲ့ . . .။ အဲဒီအချိန်မှာ သူ့မေမေကို သူမ ဘယ်လောက်မနာလို ဖြစ်သွားမိမှန်း ခန့်မှန်းလို့ပင် မတတ်။ စိတ်အနှောင့်အယှက်ဖြစ်သွားကာ အလျှပြင်ဆင်၊ ပစ္စည်းတွေ ထည့်သိုရင်း လေဆိပ်သို့ ဦးအောင် တစ်ယောက်တည်း ထွက်ခဲ့သည်။ သူ့ကို သူမ ကောင်းစွာ မသိခဲ့သေးပါလား။ အထူးသဖြင့် သူနှင့် သူ့မေမေ၏ ဆက်သွယ်မှု စွမ်းအင်ပမာဏကို သူမ, မခန့်မှန်းမိခဲ့ . . .။ အမေတစ်ခု၊ သားတစ်ခု ကြီးပြင်းခဲ့တဲ့ အမေနဲ့ သားတွေဟာ သိပ်ကို ခိုင်မာမြဲမြံလွန်းတဲ့ နှောင်ဖွဲ့မှုမျိုးရှိတတ်မှန်းတော့ သူမ နားလည်ပါရဲ့။ ပြီးတော့ သူ့မေမေက သားကို လိုသလို





ပြုသွင်းထိန်းချုပ်လွှမ်းမိုးထားတတ်သော မိခင်မျိုးဖြစ်သည်ဟု . . . သူမ ပို၍ နားလည်ထားသည်။ တချို့သားတွေက ချစ်သူ ဇနီးရပြီးသည့်နောင် မိခင်ကို ဘယ်လောက်ပဲ တွယ်တာချစ်ခင်ပါစေ မိန်းမဘက်တော့ အနည်းနှင့်အများ ပါသွားတတ်စမြဲ။ သူကျတော့ ခုချိန်ထိ သူ့မေမေဘက်မှာသာ ရှိနေဆဲပါလား။ လေဆိပ်သို့ သူမက Taxi ဖြင့် ထွက်ခဲ့ခြင်းဖြစ်သည်။ သူနှင့် ပတ်သက်သမျှ သူ့ပစ္စည်းတွေ ဘာတစ်ခုမှ သယ်မလာခဲ့ပေ။ သူ့ဘာသာသူ မိချင်မိ . . . မမိရင်လည်း အကြောင်းမဟုတ်။ ဘန်ကောက်ခရီးကို စီစဉ်ထားပြီးသည့်အတိုင်း သူမကတော့ ဖြစ်အောင်သွားမည့်သူ ဖြစ်သည်။ ခါတိုင်းလည်း တစ်ယောက်တည်း ကမ္ဘာပတ်နေကျ။ ဘာကိုမှ အရေးမစိုက်။ ဖုန်းကိုတောင် ပိတ်ထားလို့ မကောင်းတတ်၍ ဖွင့်ထားခဲ့ခြင်းဖြစ်သည်။ သူမ ဟန်းနီးမွန်းထွက်နေခိုက် လုပ်ငန်းကိစ္စအဝဝကို မှာစရာရှိတာမှန်သမျှ ဖုန်းဆက်မှာကြားဖို့လိုသေးသည်လေ။

ထင်သည့်အတိုင်း သူ့ဆီက ဖုန်းဝင်လာခဲ့သည်။ လေသံက ဘာမှ မဖြစ်တဲ့အတိုင်း။



www.burmeseclassic.com

www.burmeseclassic.com



“ခေတ် . . . ဘယ်မှာလဲ၊ ကိုယ် အိမ်ရောက်နေပြီ”

သေလိုက်ပေါ့ . . . ဟု သူမ အသံတိတ် ကျိန်ဆဲလိုက်မိသည်အထိ သူ့ကို စိတ်ချဉ်ပေါက်နေမိပြီ။

“လေဆိပ်ရောက်နေပြီ . . . ကျွန်မနဲ့ဆိုင်တာပဲ ကျွန်မယူလာတယ်၊ ရှင့်ဘာသာရှင် လိုအပ်တာယူပြီး လိုက်ချင်လည်း လိုက်ခဲ့၊ မလိုက်လို့လည်း ကျွန်မ ဘာမှမဖြစ်ဘူး အိုကေ . . .”

သူမ စိတ်ဆိုးနေပြီဆိုတာ သူ သိလောက်ရောပေါ့။ အစိပ္ပါယ်မရှိတာ . . .။ ဟန်းနီးမွန်းထွက်ဖို့များ အမေကို ကိုယ်တိုင်ကိုယ်ကျ သွားနှုတ်ဆက်ရသေးသတဲ့။ အကဲပိုလွန်းလိုက်တာ။ တကယ်ဆို သူ့မေမေဘက်က နောက်တစ်လှမ်း ဆုတ်ပေးဖို့ သင့်တာပေါ့။ ဘယ်အချိန်ထိ သားကို ပိုင်ဆိုင်လွှမ်းမိုးချင်သေးလို့လဲ။ လေယာဉ်ထွက်ခါနီးကျမှ သူ အပြေးအလွှားရောက်ချလာသည်။ သူမက သူ့ဘက် တစ်ချက်ကလေးမှ လှည့်မှမကြည့်။ ဒီတိုက်ပွဲကို ခုချိန်ကတည်းက အရှုံးပေးထားလို့ မဖြစ်။ ရှေ့လျှောက် တိုက်ရဦးမည့်ပွဲတွေကို သူမ ကြိုမြင်ထားနှင့်ပြီ။





တစ်လမ်းလုံး သူက သူမကို ချော့မော့နှစ်သိမ့်လာသည်။ သို့သော် သူမှားပါတယ်လို့ တစ်ခွန်းမှ မပြော။ တောင်းပန်စကားလည်း လုံးဝမဆို။ ထိုကိစ္စကို ပြန်မလှန်ဘဲ သူမကိုသာ သီးသန့် ချော့နေခြင်းဖြစ်သည်။

“ခေတ်ချစ် . . . မျက်နှာထားကြီး တင်းမနေနဲ့လေကွာ၊ သူများတွေ ကြည့်ကုန်ပြီ၊ ကိုယ့်ကို ပြုံးပြရင် ကိုယ် အရမ်းပျော်မှာကွာ . . . နော် ချစ်လေး”

“ရှင် လဲသေလိုက် . . . ကျွန်မကို ဘာစကားမှ လာမပြောနဲ့တော့၊ ရှင့်ကို တော်တော် အမြင်ကတ်တာ သိလား၊ အကဲပိုလွန်းတယ် . . . တကတည်း”

“ကိုယ်သေလို့ ဘယ်ဖြစ်ဦးမလဲ ခေတ်ရယ်၊ မနေ့ကမှ အကောင်းစားမိန်းမချောချောကလေး ပူပူနွေးနွေးရထားတာ၊ ကိုယ်သေသွားရင် ချစ်ခေတ်လေးတစ်ယောက်တည်း ပျင်းကျန်ရစ်မှာပေါ့၊ ပြီးတော့ နာမည်ဆိုးကြီး ရသွားတော့မှာ၊ မုဆိုးမတဲ့ ဘယ်လောက် သာယာနာပျော်ဖွယ်မရှိတဲ့ နာမည်လဲလို့၊ မုဆိုးမ, မဖြစ်ချင်ပါနဲ့ဦးကွာ . . .



www.burmeseclassic.com

www.burmeseclassic.com

နော်"

သူမ သူ့ကို မျက်စောင်းထိုးပစ်လိုက်သည်။ သူ့အပြုံး၊ သူ့ အချော့အောက်မှာ သူမ စိတ်တွေ နည်းနည်းတော့ အရည်ပျော်စ,ပြုလာခဲ့ပြီ။ ဒီထက်ပိုပြီးတော့လည်း အကြာကြီး စိတ်မဆိုးချင်ပါဘူးလေ။ ဒီအချိန်ကလေးဟာ သူမတို့နှစ်ယောက် ဘဝခရီးရဲ့ အစပထမဆုံး ကာလ။ ပျော်ရွှင်ချမ်းမြေ့ခြင်းတို့ကိုသာ အလိုရှိပါသည်။ Suvarnabhumi လေဆိပ်ရောက်သည်နှင့် သူမ လုံးဝ ပကတိ စိတ်ကြည်လင်လျက်ရှိပြီ။ သူက သူမ၏ ပခုံးကလေးကို ခပ်တင်းတင်းပွေ့ဖက်လို့ သူမက သူ့ရဲ့ခါးကို ပြန်လည်ပွေ့ဖက်ထားမိသည်။ ဇနီးမောင်နှံဟူသော ရင်းနှီးချစ်ခင်မှုသည် သူမတို့နှစ်ယောက်အကြား ကူးလူးဆက်သွယ်ပေးလျက်ရှိသည်။





စီစဉ်ထားသည့်အတိုင်း Phuket Beachfront Villas မှာတည်းပြီး Phuket Beach မှာ အေးအေးဆေးဆေး နေကြသည်။ သုံးရက်လုံးလုံး ပင်လယ်ထဲ ဆင်းလိုက်၊ ကမ်းခြေမှာ လမ်းလျှောက်လိုက်၊ ဟိုတယ်မှာ ပင်လယ်စာတွေ စားလိုက်ဖြင့် နှစ်ယောက်သား သီးသန့်ကမ္ဘာကလေးကို ဖန်ဆင်းကြသည်။ နေ့နေ့ညည နှစ်ယောက်သား တပူးတွဲတွဲ စကားတွေ အများကြီး ပြောဖြစ်ကြသည်။ ကိုယ့်အကြောင်း သူ့အကြောင်းတွေ ရှေးဟောင်း နှောင်းဖြစ်တွေ ရယ်မောစရာ ဟာသတွေ အနာဂတ်အတွက်



www.burmeseclassic.com

www.burmeseclassic.com





စိတ်ကူးထားတာတွေ ပြောလို့မဆုံးနိုင်အောင်ပင် များပြားလှသည်။ နှစ်ယောက်သား ပို၍ ရင်းနှီးနီးကပ်လာသလိုလည်း ရှိသည်။ ဖူးခက်မှာ အပန်းဖြေပြီးတော့ ဘန်ကောက်သို့ ပြန်လာကြသည်။ ဘန်ကောက်မှာ သုံးရက် ထပ်နေကြသည်။ လည်ချင်ပတ်ချင်တဲ့နေ ရာမှန်သမျှ လျှောက်သွား၊ ညဆို နာမည်ကြီး Restaurant တွေမှာ အေးအေးဆေးဆေး စားရင်း ဘန်ကောက်ညအလှကို ခံစားရ သည်။ ရုပ်ရှင်ကြည့်သည် . . .။ ဟန်းနီးမွန်း တစ်ပတ်တာသည် ဘယ်လို ကုန်ဆုံးသွားလိုက်မှန်း မသိရ။ အရင်က အလုပ်ကိစ္စနှင့် ဈေးဝယ်ထွက်တာလောက်ပဲရှိကာ အခုလောက် သူနှင့်အတူ စိုးစိ လင်လင် လျှောက်သွားရတာမျိုး မရှိ။ ဘန်ကောက်တစ်မြို့လုံး လည်း ဘယ်မှ မနှံ့။ အခု သူနှင့်ကျမှပဲ ဇိမ်ကျကျ အနှိပ်လည်း ခံလိုက်သေးသည်။ တိုးရစ်(စ်)နှစ်ယောက်လို သွားချင်ရာ လျှောက် သွားခဲ့ကြခြင်းဖြစ်သည်။ အဲဒီအချိန်မှာ အလုပ်ကိစ္စ တွေမှန်သမျှကို နှစ်ယောက်စလုံး မေ့ထားကြသည်။ စိတ် အနှောင့်အယှက် ဖြစ်စရာ တွေ၊ မနှစ်သက်စရာတွေ အားလုံးကိုလည်း မသိချင်ယောင် ဆောင် ထားခဲ့သည်။ မနက်မိုးလင်းတိုင်း သူ့မေမေဆီ သူ ဖုန်းဆက်တာ ကိုလည်း သူမ စိတ်ကောင်းဝင်နေချိန်မို့ လျစ်လျူရှုထားပေးနိုင် ခဲ့သည်။ သူတို့မှာ ဒီသားအမိနှစ်ယောက်တည်း မျှဝေခံစားပေးစရာ ရှိတာပဲလေ . . . ဟု နားလည်ဖို့ ကြိုးစားပေးလိုက်သည်။ သူမနှင့် သူမ၏ ဖေဖေ၊ မေမေတို့၏ ဆက်ဆံရေးပုံစံချင်း လုံးဝ မတူပါ။ သူမက အသက် ဆယ့်ရှစ်နှစ်ပြည့်ပြီးကတည်းက ကိုယ့်ကိုယ်ကိုယ် သူလားမြောက်ပြီး သော လူကြီးတစ်ယောက်လိုပင် ဆက်ဆံခဲ့သည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ် လွတ်လပ်စွာ ရပ်တည်သည်။ မိဘကို ချစ်သော်လည်း သိပ်နီးကပ်မှီခွဲ့စွာ မနေတတ်။ ဖေဖေကိုယ်တိုင် ကလည်း သူမကို ရင့်ကျက်သော၊ အောင်မြင်သော လေးစားစရာ မိန်းကလေးတစ်ယောက် အဖြစ်သာ ဆက်ဆံတတ်သည်။ ကိုယ့် သမီးကို ကလေးလေး တစ်ယောက်လို ဘယ်တုန်းကမှ မဆက်ဆံခဲ့။ ဘယ်တုန်းကမှ မလွှမ်းမိုး၊ မချုပ်ထိန်းခဲ့။ အရာရာကို သူမဘာသာ သူမကိုယ် သူမ ဦးဆောင်ဆုံးဖြတ်စေခဲ့သည်။ အဲဒီတော့ သူ့မေမေနှင့် သူ၏ ဆက်ဆံရေးသည် သူမနှင့် သူမ မိဘတွေ၏ ဆက်ဆံရေးနှင့် လုံးဝ ဆန့်ကျင်ဖက် ကွဲပြားဆန့်ကျင်လွန်းနေ ခဲ့သည်။ သူမကတော့ ဟန်းနီးမွန်းခရီးကနေ မိဘဆီ ဖုန်းလှမ်းဆက်





www.burmeseclassic.com

www.burmeseclassic.com



စရာ ဘာအကြောင်းမှ မရှိ . . . ဟု ခံယူထားသူ ပီပီ တကယ်ကို လုံးဝ ဖုန်းမဆက်ပါ။ သူ ဆက်နေသည်ကိုသာ လှောင်ပြုံး ခနဲ့ပြုံး ကလေးနှင့် လှမ်းကြည့်နေလိုက်သည်။ သူကတော့ သူ့မေမေဆီ ဖုန်းဆက်ရတာကို၊ ရှက်စရာဟု လုံးဝ မထင်တဲ့အတိုင်း။ သူ့မျက်နှာ ဆီမှာ ဖြူစင်ရိုးသားမှုကို ထင်းလင်းစွာ တွေ့မြင်နေရသည်။ 'ဟုတ်ကဲ့ပါ မေမေ' ဆိုတာချည်း ကို မကြားချင့်အဆုံး ထပ်တလဲလဲ ပြောနေသဖြင့် တစ်ဘက်က သူ့မေမေချည်းပဲ မှာတမ်းတွေခြွေနေ တာပါလား . . . ဟု အံ့သြစွာ နားလည်ရသည်။ သူ့မေမေက သူ့သားကို ခုချိန်ထိ ကလေးလေး ထင်နေတုန်းပါလား။

"မောင့်မေမေက မောင့်ကို တော်တော် control လုပ်ထား သလား၊ အရမ်း influence လုပ်ထားတာတော့ သေချာ တယ်"

သူမက မနေနိုင်မထိုင်နိုင် မေးမိတော့ သူက ပြုံး၍ ဖြေရှင်းပါသည်။

"ကိုယ်က မေမေ့ကို ငယ်ငယ်ကတည်းက အရမ်း ကြောက်ရ တယ် ခေတ်ရဲ့၊ မေမေက ကိုယ့်ကို မျက်လုံးနဲ့ မျက်နှာပေး





အထာနဲ့ စကားပြောတတ်တယ်၊ သူ မကြိုက်ရင်၊ စိတ်ဆိုးရင် ကိုယ့်ကို နာအောင်မရိုက်ဘူး၊ တစ်သက်မမေ့တော့အောင်၊ မှတ်လောက်သားလောက်အောင် အပြစ်ပေးတတ်တယ်၊ ဒီအသက်အရွယ်ထိ မေမေ ကိုယ့်ကို အပြစ်ပေးချင်ရင် ပေးတုန်းပဲ၊ အနည်းဆုံးတော့ အကြာကြီး မတ်တပ်ရပ်ခိုင်း တတ်တယ် . . . စကားပြောခွင့် မပေးဘူး"

သူမက မဲ့ပြုံးကလေး ပြုံးမိသည်။ သူမ၏ ခင်ပွန်း ဖြစ်လာပြီးနောက်မှာတော့ သူ့မေမေ သူ့ကို အပြစ်ပေးခွင့်ရ တော့မည် မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ သူမ၏ ခင်ပွန်း ဖြစ်နေသောကြောင့် ဖြစ်သည်။

✝



www.burmeseclassic.com

www.burmeseclassic.com



"ဒီညတော့ မမေက အိမ်မှာ ညစာ လာစားပါတဲ့ ခေတ်၊ ရုံးကပြန်လာရင် အိမ်ကို တန်းပြီး ပြန်လာနော်"

ဟု . . . သူက ဖုန်းလှမ်းဆက်သည်။ ဟန်းနီးမွန်းက ပြန်လာပြီး သူလည်း သူ့အလုပ်သူသွား၊ သူမလည်း သူမ အလုပ်တွေနှင့် သူမ ရှုပ်ယှက်တွေခတ်နေခဲ့သည်။ သူ့မမေဆီသို့ သူမ မရောက်ဖြစ်ပေမယ့် သူကတော့ နေ့တိုင်း ရောက်နေသည်ဆိုတာ သူမ ရိပ်မိပြီးသား ဖြစ်သည်။ ဘယ်လိုလုပ်ပြီး မသွားနဲ့ဟု သူမ တားလို့ရမလဲ။ သူတို့သားအမိ၏ ချစ်ခြင်းကို ခွဲသူလည်း မဖြစ်ချင်ပါ။ ညစာကို သူမကို သူ့မမေ ဖိတ်မကျွေးလည်း သူကတော့ သူ့မမေအိမ်မှာ သူ့မမေနှင့်အတူ ညစာ စားပြီးမှ အိမ်မှာ သူမနှင့်အတူ ညစာ ထပ်စားဖြစ်မှန်းလည်း





သူမက ရိပ်မိပြီးသား။ မရိပ်မိဘဲ နေပါ့မလား။ သူမက အဲဒီလောက် တုံးသေးပါ။ ဟိုးအရင်ချစ်သူတွေ ဘဝတုန်းက ညစာ စားကြလျှင် သူ အားပါးတရ စားလေ့ရှိတာကို သူမက မမေ့သေးပါ။ အခု သူ့ပုံစံက ဆာဆာလောင်လောင်မှ မဟုတ်တော့ဘဲ။ ကြွေနေရရ ဟန်လုပ်ပြီး စားနေတာ အသိသာကြီး။ "မောင် တစ်နေရာရာ ဆနေ ညစာ စားခဲ့သလား"ဟု သူမ မမေးချင်ပါ။ မေးလိုက်လျှင် . . .

"ဟုတ်တယ် ခေတ် . . . မမေ့အိမ်က စားခဲ့တယ်"

ဟု . . . သူ ဖြေလိုက်လျှင် သူမ ဒေါသထွက်ရတော့မည်။ သူမ, မမေးဘဲ သူ မဖြေတာကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေသည်။ ဒီကိစ္စ ဒီအခြေအနေမှာ သူ့မမေဘက်က ခြေတစ်လှမ်း၊ နှစ်လှမ်းစာလောက် နောက်ဆုတ်ဖို့သင့်ပြီဟု သူမ ထင်သည်။ သားကို အဲဒီထက်ပိုပြီး ပိုင်စိုးမထားသင့်ပါ။ အတိုင်းအတာ တစ်ခုထိတော့ စောင့်ကြည့်ဖို့ သူမ ဆုံးဖြတ်ထားခဲ့ပါသည်။

ထုံးစံအတိုင်း သူ့မမေကိုယ်တိုင် ချက်ပြုတ်ထားသော ညစာသည် အရသာရှိရှိ၊ ဟင်းအစပ်အဟပ် တည့်လှပြီး



www.burmeseclassic.com

www.burmeseclassic.com





စားလို့အလွန်ကောင်းပါသည်။ ပုဇွန်တုပ်ဆီပြန်ဟင်း၊ ပြည်ကြီးငါးသုပ်၊ ကညွတ်နဲ့ ပုဇွန်ကြော်၊ သီးစုံချဉ်ရည်ဟင်းနှင့် ဘာလချောင်ကြော်ဖြစ်သည်။ တို့စရာအသီးအရွက်အစုံအလင် . . .၊ သူက အားပါးတရစားလို့ . . .။ အိမ်မှာ ကောင်မလေး အဆင်သင့်ချက်ထားပေးသော ထမင်းဟင်းတွေဆိုလျှင်တော့ တို့ကနန်းဆိတ်ကနန်းမျှသာ။

"သား . . . ဖြည်းဖြည်းစား၊ မေမေ့သား စားလို့ မကောင်းဘူးနဲ့ တူပါရဲ့"

သားစားသည်ကို ပြုံး၍ ငေးကြည့်ရင်း သူ့မေမေက သူ့သားကို ကလေးတစ်ယောက်လို ကျောကို လှမ်းပွတ်ပေးသည်။

"စားလို့ကောင်းရဲ့လား သမီး . . ."

သမီးတဲ့ . . .။ သူ့မေမေက အဲဒီလို သူမကို သမီးဟုခေါ်လိုက်တိုင်း သူမရင်ထဲ လှုပ်လှုပ်ခတ်ခတ် ရှိသွားမိသည်ကိုတော့ သူမ ဘာနဲ့မှ ဖုံးကွယ်လို့ဝှက်ထား၍မရပါ။

"ကောင်းပါတယ် အန်တီ . . .၊ ဒါကြောင့် မောင်တစ်ယောက် အန်တီ့အိမ်မှာ နေ့တိုင်း ထမင်းဝင်စားပြီးမှ အိမ်ပြန်လာတယ်ထင်ပါရဲ့၊ အိမ်ကျရင် သူ ဘာမှ သိပ်မစားတော့ဘူးလေ"

သူမက ထိုစကားကို ပြုံး၍ ပြောလိုက်သည်။ သူက သူခိုးလူမိခံလိုက်ရသလို သူမဆီ ဖျတ်ခနဲ လှမ်းကြည့်သည်။ သူ့မေမေက ခပ်တိုးတိုး ရယ်နေသည်။ သူ့မေမေကို သူမက 'မေမေ'ဟု ခေါ်ဖို့ မကြိုးစားပါ။ သူကတော့ သူမ၏ မိဘတွေကို 'အဖေ အမေ'ဟု ခေါ်တတ်ပါသည်။ သူမက မတောင်းဆိုဘဲနှင့် သူ့ဘာသာ အလိုက်တသိ ခေါ်ပေးခဲ့ခြင်းအတွက် သူ့ကို ကျေးဇူးတင်ရပါသည်။ သူမကိုလည်း သူ့ဘက်က တောင်းဆိုခဲ့ခြင်း မရှိပါ။ သူမကလည်း စိတ်ထဲက မပါသေးဘဲနဲ့ မခေါ်ချင်သောကြောင့်ကို မခေါ်ပါ။

"သားက အဲဒီအတိုင်းပဲ . . .၊ အမေ လက်ရာကို သိပ်ခင်တွယ်တာပဲ"

"သူ အိမ်ထောင်ပြုပြီးပြီ အန်တီ၊ သူ ကလေးမှ မဟုတ်တော့တာ၊ အန်တီက သူ့ကို ဘယ်အချိန်ထိ လိုက်ပြီး





www.burmeseclassic.com

www.burmeseclassic.com





ချက်ကျွေးနေနိုင်မှာလဲနော်"

သူမ အလိမ္မာကလေးနှင့် သူတို့သားအမိနှစ်ယောက်လုံးကို သတိပေးလိုက်သည်။

"အန်တီကတော့ တစ်သက်လုံး ချက်ကျွေးနိုင်ပါတယ်ကွယ်၊ သားကိုချစ်တော့ သားကြိုက်တာလေးတွေ ချက်ကျွေးရတာဟာ အန်တီ့အတွက် ဘာနဲ့မှ မလဲနိုင်တဲ့ စိတ်ချမ်းသာမှုပါပဲ"

သူ့မေမေက ခဏရပ်လိုက်ပြီး သူမကို အကဲခတ်သလို ငေးကြည့်လိုက်သေးသည်။ သူက တစ်ခွန်းမှ ဝင်မပါ့ပါ။

"သားဟာ ကလေးမဟုတ်တော့မှန်း အန်တီ သိတာပေါ့ကွယ်၊ ဒါပေမယ့် မိခင်တစ်ယောက်ရဲ့မေတ္တာဟာ သားသမီးတွေအပေါ်မှာ အမြဲတမ်း နုနယ်ပျိုမျစ်စွာပဲ စီးဆင်းနေတာပါ၊ သူ တော်မှန်း . . . သူ ရင့်ကျက်မှန်း၊ အိမ်ထောင်ရှင်ယောက်ျားကောင်းတစ်ယောက် ဖြစ်နေပြီမှန်း အန်တီသိပါတယ်၊ ဒါပေမယ့် အဲဒါတွေက အန်တီ့ရင်ထဲက မေတ္တာတရားတွေကို ပြောင်းလဲသွားအောင် ကလေးလေးတစ်ယောက်လို အရိပ်တကြည့်ကြည့် ဂရုစိုက်နေကျ အကျင့်တွေကို ပြောင်းလဲသွားအောင် မစွမ်းဆောင်နိုင်ပါဘူး"

သူ့မေမေ၏ စကားသံက တည်တည်ငြိမ်ငြိမ်ပါ။ သူမနားလည်အောင်၊ စိတ်ရှည်လက်ရှည် ရှင်းပြနေဟန်မျိုး။ သူမသဘောပေါက်သလိုလိုတော့ ရှိပါရဲ့။ လက်မခံနိုင်တာပဲ ဆိုးသည်။

"ဪ . . . သမီးကို အန်တီ လက်ဆောင်ကလေးတစ်ခု ပေးလိုက်ချင်သေးတာ၊ အန်တီ့အခန်းထဲ ခဏ လိုက်ခဲ့ပါလား ခေတ်"

"ကျွန်တော် အချိုပွဲပြင်ရင်း စောင့်နေမယ် မေမေ"

ဟု သူကပြောရင်း သူမကို ပြုံး၍ကြည့်သည်။ သူ့မျက်နှာပေါ်မှာ ကျေနပ်နှစ်သိမ့်ပြုံးကို တွေ့ရပါသည်။ သူမက သူ့ကို တစ်ချက်ကြည့်ကာ မျက်ခုံးကလေး ပင့်ပြခဲ့ပြီး သူ့မေမေနှင့် လိုက်ခဲ့သည်။ အပေါ်ထပ်ရှိ အခန်းတစ်ခုဆီသို့ သူ့မေမေက ခေါ်သွားခဲ့သည်။ အခန်းတံခါးကို ဖွင့်လိုက်သည်နှင့် ဒါဟာ သူမနှင့်မောင့်အတွက် သူ့မေမေ ပြင်ဆင်ပေးထားသော အခန်းမှန်း ချက်ချင်း ခံစားလိုက်ရသည်။ အခန်းတစ်ခုလုံးကို ဆင်စွယ်နှစ်ရောင်





www.burmeseclassic.com

www.burmeseclassic.com



ဖျော့ဖျော့ကလေး ဆေးခြယ်ထားပြီး တစ်ခန်းလုံး "တစ်ခေတ်ဆန်း" ၏ လက်ရာများနှင့် အလှဆင်ထားသည်။ ခန်းဆီးလိုက်ကာတွေက နွယ်ခက် အခွေ အခွေ ကလေးတွေပါသော ကော်ဖီဖျော့ဖျော့ပေါ်မှာ အညိုခက်ကလေးတွေ၊ ကျွန်းကနုတ်ခက်တွေနှင့် လည်သာကို တွဲစပ်ထားသော ကုတင်ခေါင်းရင်း Headboard က ခမ်းနားလွန်းသည်။ အဲဒီကုတင်ပေါ်မှာ အိပ်ရာဖုံးက သူမ, မှတ်မိနေသော နှင်းဆီပွင့်တွေပါသော ပိုးစနီညိုနှင့် ခရင်(မ်)တွဲဖက်ထားသည့် အိပ်ရာဖုံး . . .။ နံဘေးမှာ မတ်တပ်မီးအုပ်ဆောင်းမြင့်မြင့် နှစ်တိုင်။ ပြီးတော့ သူမအတွက် ကျွန်းရောင်လက်နေသော မှန်တင်ခုံတစ်ခု . . .။

"သမီးတို့အတွက် အန်တီ ပြင်ပေးထားခဲ့တာလေ"

သူမ နည်းနည်းတော့ အားနာသွားမိသည်။ ဒါပေမယ့် တစ်ညတစ်လေတော့ လာအိပ်လို့ရသားပဲလေ။

"သမီးအတွက် အန်တီပေးချင်တဲ့ လက်ဆောင်ကလေး သမီး. . . ဖွင့်ကြည့်ပါ"

ကျွန်းရောင်ပြောင်လက်နေသော ဗူးကလေး တစ်ခု





သူ့မေမေက လှမ်းပေးသည်။ သူမက အသာလှမ်းယူရင်း ဖွင့်ကြည့်လိုက်သည်။ ဩော် . . . ရွှေအိုရောင်လက်နေသော ပုလဲအလုံးခပ်ကြီးကြီး ပုတီးကလေး။

"ဒါ tahitian Pearl လေ သမီး၊ သား ပထမဆုံးရတဲ့ ပိုက်ဆံနဲ့ အမေကို လက်ဆောင်ပေးခဲ့တာ၊ ဘန်ကောက်ကနေ ဝယ်လာတာလေ၊ ဈေးအရမ်းကြီးပေမယ့် သူက အမှတ်တရဆိုပြီး ဝယ်လာတာ၊ အန်တီက မဝတ်ရက်ပါဘူး၊ ဒီလိုပဲ သိမ်းထားတာများတယ်၊ သမီးကို မင်္ဂလာဦး အမှတ်တရ ပေးဖို့ အန်တီ စဉ်းစားတော့ ဒါလေးကိုပဲ သတိရတယ်၊ သမီးက ပွဲလမ်းသဘင်တွေလည်း တက်နေရတော့လေ"

"ကျေးဇူးတင်ပါတယ် အန်တီ . . . အရမ်းလှတာပဲ အန်တီရယ်၊ ကျွန်မ ပုလဲဆို အရမ်းကြိုက်တယ်၊ tahitian Pearl တွေဆို ဝယ်ပြီးတော့ကို စုတာ၊ ကျွန်မမှာ အဖြူရယ်၊ ရွှေရောင်ရယ်၊ မီးခိုးရယ်၊ အနက်ရယ်၊ ရောင်စုံပါတဲ့ ပုလဲတွေပဲရှိတယ်"

သူ့မေမေက သူမ၏ လည်တိုင်ကြော့ကြော့မှာ ပုလဲ



www.burmeseclassic.com

www.burmeseclassic.com





ကလေးကို ဆင်ပေး၏။ သူမ ပြုံးနေမိသည်။ ပုလဲတွေကို သူမ သိပ်ကြိုက်တာ အန်တီ ဘယ်လိုလုပ် သိသလဲ။ မောင်တောင် သိရဲ့လား။ သူမကိုတော့ ပုလဲ လက်ဆောင်တစ်ခါမှ မပေးဖူးသေးပေါင်။ ဩော် . . . သတိရတုန်း အန်တီ့ဆီမှာ သူမ တောင်းဆိုစရာ တစ်ခု ရှိသေးတယ်။

"အန်တီ့ဆီမှာ ကျွန်မတစ်ခု တောင်းရဦးမယ် . . ."

"ဘာများလဲ သမီး . . ."

"အန်တီ့လက်ရာ ဟင်း recipe တွေအားလုံး ကျွန်မကို ပေးနိုင်မလားဟင်၊ မောင် စားလေ့ရှိတဲ့ သူ့အကြိုက် ဟင်းအစပ်တွေပေါ့"

"ဘာလဲ . . . သမီးက သားကို လက်စွမ်းပြ ချက်ကျွေးတော့မယ် ဆိုပါတော့"

သူမ ခေါင်းခါမိမလို ဖြစ်ပြီးမှ ခေါင်းညိတ်ပြလိုက်ရသည်။ ဘယ်ကလာ . . .။ သူမလို အလုပ်များတဲ့ မိန်းမတစ်ယောက်က ယောကျ်ားအတွက် ချက်ပြုတ်ကျွေးမွေးဖို့ ဘယ်မှာ အချိန်ရှိနိုင်ပါ့မလဲ။ အိမ်က ကောင်မလေးကို အဲဒီအတိုင်း နေ့တိုင်း ချက်ခိုင်းဖို့လို့ ရိုးရိုးသားသား ဖွင့်ပြောလိုက်ရင် ဘယ်ဖြစ်ပါ့မလဲ။

"စိတ်ချ သမီး၊ အန်တီ ဒိုင်ယာရီကလေးနဲ့ သေသေချာချာ ပြန်ရေးပေးမယ်၊ တစ်ပတ်စာ menu တစ်ခုလိုပေါ့၊ ပြီးတော့ menu ထဲက ဟင်းရဲ့ Recipe တွေအားလုံးပေါ့၊ အန်တီ့ကို တစ်ပတ်လောက်တော့ အချိန်ပေးနော်"

"အို . . . ရပါတယ် အန်တီ၊ အဲဒါဆို အန်တီ့ကို အရမ်း ကျေးဇူးတင်မိမှာပဲ"

"သမီးလိုချင်တာကိုတောင် အန်တီက ကျေးဇူးတင်ရဦးမှာပါ၊ သမီးကို အန်တီ တစ်ခု တောင်းဆိုချင်တယ်ကွယ်၊ အန်တီ့အတွက် အခွင့်အရေးတစ်ခုဆိုပါတော့၊ သမီးကသာ လိုက်လျောနိုင်ရင် အန်တီ သိပ်ကို ကျေးဇူးတင်မိမှာ"

"ဘာများလဲ အန်တီ . . ."

သူမ အန်တီ့ကို အကဲခတ်သလို စူးစူးစိုက်စိုက် ကြည့်ရင်း မေးလိုက်သည်။ အန်တီ့ မျက်ဝန်းတွေက တကယ်ပဲ တောင်းခံသော မျက်ဝန်းတွေ ဖြစ်လာသည်။ နူးညံ့သိမ်မွေ့စွာ တောင်းခံသော မျက်ဝန်းများ။ တောင်းပန် တိုးလျှိုးခြင်းမျိုး မဟုတ်။





www.burmeseclassic.com

www.burmeseclassic.com





"ဖြစ်နိုင်ရင် သားနဲ့သမီး အန်တီ့အိမ်မှာ လာနေပေးစေချင်တယ်ကွယ်၊ တကယ်တော့လည်း ဒီအိမ်ဟာ သားရဲ့အိမ်ပါ။ သားရှာခဲ့တဲ့ အိမ်၊ သား စိတ်တိုင်းကျ ဆောက်ခဲ့တဲ့ အိမ်ပါ။ အန်တီက သားနဲ့သမီးနဲ့ ဒီအိမ်မှာ သိုင်းသိုင်းဝိုင်းဝိုင်း ရှိစေချင်တယ်၊ သားနဲ့လည်း မခွဲနိုင်တာပါတာပေါ့၊ တစ်သက်လုံး တစ်ခါမှ မခွဲခဲ့ဖူးလေ . . .၊ ဒီအိမ်ကြီးမှာ အန်တီတစ်ယောက်တည်း နေရစ်ခဲ့ရလိမ့်မယ်လို့ အန်တီ တစ်ခါမှ မတွေးခဲ့ဖူးဘူး"

အန်တီ့အသံထဲမှာ အထီးကျန်ဆန်ခြင်းတွေ ရှိက်ခတ်လျက်ရှိသည်။ သူမရင်ထဲ နင့်ခနဲတော့ ဖြစ်သွားမိသည်။ သူတို့သား အမိရဲ့ ချစ်ခြင်းဟာ သူမ ထင်ထားတာထက်တောင် မြဲမြဲအား ကောင်းနေခဲ့တာပါလား။ သူမ ပင့်သက်တစ်ချက် ရှိုက်လိုက်မိသည်။ လောကမှာ ကိုယ်မလုပ်ချင်သော အရာတစ်ခုကို သူတစ်ပါး စိတ်ချမ်းသာဖို့အတွက်၊ ကြိတ်မှိတ်အောင့်အည်းပြီး လုပ်ပေးလိုက်ရတာမျိုးကို သူမ ဝန်အလေးဆုံး။ အဲဒီအတွက် ယဉ်ယဉ်ကျေးကျေး ငြင်းတတ်ဖို့လည်း သူမ သင်ကြားတတ်မြောက်ခဲ့ပြီးသား။ သူမ အားမနာတတ်ပါ။

"ဆောရီးပဲ အန်တီ၊ ကျွန်မ အန်တီ့ကို ငြင်းရတာ တကယ်ပဲ စိတ်မကောင်းပါဘူး၊ ကျွန်မ လက်ထပ်ပြီ ဆိုကတည်းက ဘယ်မိဘအိမ်မှာမှ မနေဘဲ ကိုယ့်အိမ်ထောင်ကလေး သီးသန့် လွတ်လွတ်လပ်လပ်ပဲ နေချင်တာပါ၊ ကျွန်မရဲ့ အိမ်မှာ ကျွန်မပဲ အိမ်ရှင်မ ဖြစ်ချင်တယ်လေ၊ အန်တီ့ကို အရမ်းအားနာပါတယ်၊ မဖြစ်နိုင်လို့ပါ အန်တီ . . ."

သူမ၏ အငြင်းအတွက် အန်တီ့ မျက်နှာ ပြောင်းလဲသွားပါသည်။ ချက်ချင်းတည်သွားသော မျက်နှာထား၊ တင်းတင်းစေ့ လိုက်သော နှုတ်ခမ်းနှစ်လွှာတို့ကို သူမက အသေအချာမြင်ရသည်။

"သားမှာ Sleeping Walking . . . ဆိုတဲ့ အိပ်မက်ထဲမှာ ယောင်ပြီး လမ်းထ,လျှောက်တတ်တဲ့ အကျင့်ရှိတာ သမီး သိထားသလား၊ အမိက,ကတော့ အဲဒါကို အန်တီ စိတ်မချတာပါ . . .၊ ညညဆို သူ့ကို အန်တီ မကြာခဏ ထ,ထ ကြည့်ရတယ်၊ သူ ပျောက်သွားရင် လိုက်ရှာရတာ အမော၊ အဲဒါကို သား ပြောပြထားသလား"





www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်တော့ သူမ တကယ် အံ့သြသွားပါသည်။ ဟင့်အင်း . . .။ မောင် အဲဒီအကြောင်း သူမကို တစ်ခါမှ ပြောမပြခဲ့ပါဘူး။ ရယ်စရာ ဟာသ အတွေ့အကြုံတစ်ခု အဖြစ်နဲ့တောင် သူ ပြောမပြခဲ့။

"ဟင့်အင်း . . . သူ ကျွန်မကို ပြောမပြခဲ့ဖူးဘူး အန်တီ တကယ်ပဲလား . . .၊ အိပ်မက်ထဲ လမ်းထလျှောက်တတ်တဲ့ သူတွေကို ကျွန်မ တစ်ခါမှ မကြုံဖူးခဲ့သေးဘူး၊ သူ ထလျှောက်တဲ့အခါ ကျွန်မ လိုက်ကြည့်ရမယ်၊ အဲဒီ အတွက် တော့ စိတ်မပူပါနဲ့ အန်တီ၊ ကျွန်မ သူ့ကို ဂရုစိုက်ပါ့မယ်"

"အန်တီ . . . ညည သူ့အကြောင်း တွေးလိုက်ရင် စိတ်တွေပူပြီး ပြန်အိပ်လို့ မပျော်တော့ဘူး၊ တစ်အိမ်တည်းမှာ ရှိရင် အန်တီ ဂရုစိုက်လို့၊ ကာကွယ်လို့ ရတယ်လေ၊ အန်တီနဲ့ ကွယ်ရာမှာဆိုတော့ စိတ်မချဘူး၊ တစ်ခုခု ဖြစ်မှာ စိုးရိမ်တယ်"

"စိတ်ချပါ အန်တီ . . . သူ ကလေးလေး မဟုတ်တော့ပါဘူး"





အန်တီက သူမကို ခပ်စူးစူးတစ်ချက် စိုက်ကြည့်လျှင် သူမက နှစ်သိမ့်ပြုံးကလေးပြုံးပြရင်း ထ,ရပ်လိုက်သည်။ ဒီလောက်ဆို တော်လောက်ရောပေါ့။ မဟုတ်ဘူးလား . . .။

"ပုလဲလည်ဆွဲအတွက် ကျေးဇူးတင်ပါတယ် . . ."

"you're more than welcome သမီး"

သူမနှင့်အန်တီ့အကြားသို့ အေးစက်သော စည်းတစ်စည်း ခြားဝင်လာသလို သူမ ခံစားလိုက်ရသည်။ သူမ ငြင်းလိုက်တာကို အန်တီ ကျေနပ်မှာ မဟုတ်ပါ။ သူမကလည်း ခုချိန်ထိ သားကို ကလေးလေးတစ်ယောက်လို စိတ်မချနိုင် ဖြစ်နေသေးသော အန်တီ့ကို အံ့သြမိဆဲ . . .။ အိပ်မက်ထဲ ယောင်ပြီး လမ်းလျှောက်တတ်တာများ ဘာဆန်းသလဲ။ ပြီးတော့ ဘာများ ပူပန်သောကရောက်နေစရာရှိသလဲ . . .။ သူမအတွက်တော့ ဒါဟာ အတွေ့အကြုံ အသစ်အဆန်းတစ်ခု ဖြစ်သည်။ အိပ်ပျော်နေရင်းတနေ လမ်းထလျှောက်ပြီး သူ ဘာတွေ လျှောက်လုပ်မလဲ ဆိုတာကိုလည်း သူမက တကယ် စိတ်ဝင်စားသည်။

အန်တီ့အိမ်အပြန်လမ်းမှာ သူက သူမလည်ပင်းတိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆီက ရွှေအိုရောင် ပုလဲလည်ဆွဲကလေးကို အရိပ်တကြည့်ကြည့် လှမ်းလှမ်းကြည့်နေတာမို့ သူမကပင် . . .

“ဒါ အန်တီပေးလိုက်တာလေ၊ မောင် ပထမဆုံးရတဲ့ ငွေတွေနဲ့ သူ့ကို အမှတ်တရ ဝယ်ကန်တော့ခဲ့တာလို့ ပြောတယ်”

သူ့မျက်လုံးတွေ နူးညံ့စွာ ပြုံးသွားကြသည်။

“ဟုတ်တယ် ခေတ် . . . ကိုယ့်ရဲ့ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း စ,လုပ်တဲ့အချိန်က အမြတ်ငွေတွေနဲ့ မေမေ့ကို ပထမဆုံး ဝယ်ကန်တော့ခဲ့တာ၊ ဘန်ကောက် ကရတနာဆိုင်ကြီး တစ်ဆိုင်ကနေ ရခဲ့တာလေ၊ ရှားရှားပါးပါး၊ တဟီသျှန်ပုလဲပေါ့၊ မေမေက ပုလဲ အရမ်းကြိုက်တာ၊ အပြင်ထွက်ရင် ပုလဲကလေး ဝတ်လိုက်ရမှ ကျက်သရေရှိ တင့်တယ်သွားသလို ခံစားရတယ်တဲ့”

“ဒီပုလဲကို ကျွန်မကို လက်ဆောင်ပေးခဲ့တာဆိုတော့ နည်းတဲ့ မေတ္တာတော့ မဟုတ်ဘူးနော်၊ အန်တီက ကျွန်မ တို့ကို သူနဲ့အတူ လာနေဖို့ ခေါ်တာပါ၊ ကျွန်မလည်း အားနာပါးနာ





နဲ့ပဲ ငြင်းလိုက်ရတယ်၊ မောင့်မှာ Sleep Walking ဆိုတဲ့ Sleeping disorder ရှိတယ်ဆို၊ မောင် ကျွန်မကို ဘာဖြစ်လို့ ပြောမထားတာလဲ”

“အမြဲတမ်းကြီး မဟုတ်ပါဘူးကွာ၊ မေမေပဲ သိတာ၊ ကိုယ် ရှက်လို့ ဘယ်သူ့ကိုမှ ပြောမပြပါဘူး”

“ကောင်းပါလေ့ . . . ဒါ ဘာရှက်စရာရှိလို့လဲ၊ အိပ်မက်ထဲယောင်ပြီး လမ်းထလျှောက်တဲ့လူတွေ ရှိတာပဲ”

“မေမေက ကိုယ့်ကို အဲဒါအတွက် ဘယ်တော့မှ စိတ်မချဘူး၊ ကိုယ် ခရီးတွေဘာတွေ ညအိပ်ညနေသွားရင် ကောင်လေးတစ်ယောက် အမြဲ ထည့်ပေးတတ်တယ်၊ အဲဒီကောင်လေးကို တစ်နေ့လုံး အိပ်ခိုင်းပြီး ညဆို ကိုယ့်ကို စောင့်ကြည့်ခိုင်းတယ်၊ ကိုယ်တစ်ယောက်တည်း လျှောက်ထွက်သွားမှာ စိုးလို့လေ”

သူမ ပြုံးရုံသာ ပြုံးနေမိသည်။ သူ့မေမေ အဖြစ်သည်းလွန်းတယ်ဟု ခံစားလိုက်မိသောကြောင့်ဖြစ်သည်။

✝



www.burmeseclassic.com

www.burmeseclassic.com

# အခန်း

# ၅



www.burmeseclassic.com

www.burmeseclassic.com

မင်းကို သိပ်တော်ပြီး ထက်တဲ့ မိန်းမတစ်ယောက်လို့

ငါ အထင်ကြီးခဲ့တာ။

ဒီလောက် စိတ်သဘောထား သေးသိမ်ပြီး

ရိုင်းတာတ်မှန်းသိရင် ငါ လက်မထပ်ပါဘူး။

ငါ မှားပါတယ်။

မင်းကိုမှ ငါ လက်ထပ်ခဲ့မိတာ — ငါ့အမှားပါ။

မင်းကိုယ်မင်းအတွက်ကလွဲပြီး တခြား

ဘာကိုမှ မကြည့်တတ်တဲ့ အတ္တကြီးကြီး မာနကြီးကြီး

မိန်းမကို၊ ငါ မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး

ချစ်ခဲ့မိတာ ငါ့ရဲ့ မဟာအမှားပါ —။

ရာဇဝင်



မောင် ..။ ရှင်ပြန်လာခဲ့စမ်းပါ။ ကျွန်မကို ဒီပုံစံအတိုင်း

ချန်ထားရစ်ခဲ့လို့ မရဘူးမှတ်။ ကျွန်မရဲ့ မာနတွေကို အကျိုးကျိုး

အကြေကြေဖြစ်အောင် ခြေမွပစ်ထားခဲ့လို့ လုံးဝမရဘူး . သိလား

ကျွန်မဟာ ယောက်ျားတစ်ယောက် စွန့်ပစ်ချန်ထားခဲ့တာ ကို ဒီအတိုင်း

ငုံ့ခံလိုက်ရမယ့် ခပ်တုံးတုံး ခပ်ညံ့ညံ့ မိန်းမတစ် ယောက် မဟုတ်ဘူး —။

မောင် — ကျွန်မ မောင့်ကို ချစ်တယ်။ ဒါပေမယ့် မောင်ပြန်လာပါလို့

ကျွန်မ ဘယ်တော့မှ တောင်းပန်ခယလိမ့်မယ် မထင်နဲ့ —။

တစ်ခေတ်သီ



www.burmeseclassic.com

www.burmeseclassic.com

အမှန်တရားနှစ်ခု

ထိပ်တိုက်တွေ့ကြသော

တိုက်ပွဲမျိုးကတော့

မျှော်လင့်ထားတာထက်

ပို၍ပြီး ပြင်းထန်လိမ့်မည်။





# အခန်း (၅)

သူ အလုပ်ပြီးချိန်လောက်ကို မှန်းပြီး သူမ ဖုန်းခေါ်လိုက်သည်။

"မောင် ဘယ်ရောက်နေလဲ . . ."

"လမ်းမှာ ခေတ် . . . ခေတ်ရော ရုံးမှာပဲလား"

"အင်း . . . ခုချက်ချင်း အိမ်ပြန်ခဲ့နော်၊ မောင့်ကို surprise လုပ်စရာရှိလို့"

သူ ခဏ အသံတိတ်သွားပြီးမှ 'အိုကေ' ဟု ဆိုကာ ဖုန်းချသွားသည်။ သူမ သိတာပေါ့။ သူ ဘယ်သွားနေသလဲဆိုတာ။ သူမသာ ဆက်တာမဦးလျှင် သူ သူ့မေမေအိမ် ရောက်နေလောက်ပြီ။ နေ့တိုင်း သူ့မေမေအိမ်ဝင်ပြီး ညစာ စားပြီးမှ အိမ်ပြန်လာတတ်သော ထိုဓလေ့ကို သူမက လုပစ္စာ ဖျက်သိမ်းဖို့ ဆုံးဖြတ်ထား





www.burmeseclassic.com

www.burmeseclassic.com



ပြီးသား။ သူ့မေမေဆီက Recipe ဒိုင်ယာရီကလေးကို သူမကိုယ်တိုင် အန်တီ့ဆီကနေ သွားယူလာခဲ့ပြီး အိမ်က ကောင်မလေးကို ပေးထားခဲ့ပြီ။ တနင်္လာနေ့ မီနူးအတိုင်း ချက်ဖို့ Recipe အတိုင်း ကွက်တိချက်ဖို့ မှာကြားထားပြီးသား။ သူမအိမ်သို့ ကားမောင်းနေရင်း ပြုံးမိသည်။ မိခင်နှင့် သား၏ ချစ်ခြင်းကို ခွဲတာတော့ မဟုတ်ပါဘူးလေ။ သူ့ဆီကနေ သူမက များများပိုပြီး လိုချင်တာမို့ပါ။ သူ့ရဲ့ ချစ်ခင်မှု၊ စွဲလမ်းမှု၊ အရေးထားမှု၊ တန်ဖိုးထားမှု၊ ဂရုစိုက်မှုနဲ့ ရှေ့တန်းတင်မှုကိုသာ သူမ လိုချင်တာပါ။

အိမ်သို့ သူမက အရင် ပြန်ရောက်သည်။ မီးဖိုချောင်ထဲ တန်းဝင်လာခဲ့ပြီး ကောင်မလေး ချက်ပြုတ်ထားသောဟင်းတွေကို တစ်အိုးချင်း လိုက်မြည်းကြည့်သည်။ အန်တီ့လက်ရာအတိုင်း တော်တော် နီးနီးစပ်စပ်ကို တူပါသည်။ ဆိတ်ကလီစာဟင်းချဉ်ပေါင်ကြော်စပ်စပ်၊ ကုလားပဲဟင်းချိုနဲ့ ငါးပိရည်တို့စရာ၊ ပြီးတော့ . . . မှိုကန်စွန်းရွက်ကြော်ကို စားခါနီးမှ ပူပူနွေးနွေးကြော်ပေးမှာတဲ့။ အသုပ်က ငါးဖယ်သုပ်။

"ကောင်းလိုက်တာဟယ် . . . နင့်အစ်ကိုလေးစားတော့မယ်ဆိုတာနဲ့ ပူပူနွေးနွေးဖြစ်အောင် ပြန်နွေးပြီး အဆင်သင့်ပြင်ထားတော့နော်၊ တို့ ရေသွားချိုးဦးမယ်"

ဟု . . . မှာခဲ့ပြီး ခပ်သွက်သွက် ရေမိုးချိုးကာ အဝတ်အစား လဲထားသည်။ ခဏနေတော့ သူ ပြန်ရောက်လာသည်။ သူ့မေးဖျားဆီ တစ်ချက်နမ်းကာ နှုတ်ဆက်လိုက်ပြီး . . .

"ကဲ . . . မောင် ရေသောက်မလား၊ Lemonade သောက်မလား၊ ပြီးရင် ရေမိုးချိုး အဝတ်အစားလဲပြီး ထမင်းစားခန်းထဲ ဆင်းလာခဲ့၊ မြန်မြန်လာနော်၊ ကျွန်မ ဗိုက်ဆာနေပြီ . . . သိလား"

သူက သူမကို ဘယ်မှာလဲ surprise ဆိုတဲ့ အကြည့်မျိုးနှင့် ကြည့်နေတာမို့ . . .

"သိချင်ရင် မြန်မြန်ရေမိုးချိုးပြီး ဆင်းလာခဲ့ပေါ့"

ဟု . . . ပြုံးစိစိကလေး ပြောလိုက်ကာ သူမ ထွက်လာခဲ့သည်။ ဧည့်ခန်းထဲမှာ Satellite ကြည့်ရင်း သူ့ကို စောင့်သည်။ ကောင်မလေးကို အသင့် ခင်းကျင်းပြင်ဆင်ထားခိုင်းလိုက်ပြီ။ သူ ရေမိုးချိုးပြီး ဆင်းလာတော့ သူ့ခါးကို နောက်ကနေ တွန်းလာကာ





www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲသို့ ခေါ်လာခဲ့သည်။

"တမ်း . . . တမ်"

စားပွဲပေါ်ရှိ ဟင်းတွေဆီ လက်ကလေးဝေ့ဝဲပြလိုက်ရင်း သူမက သူ့ကို surprise လုပ်သည့်ဟန် ပြုံးပြုံးကလေး အော်လိုက်သည်။

"ဟာ . . . ဘာတွေလဲ၊ ဟင်းတွေက အပျံစား ရှယ်တွေပါလား၊ ဒါလား surprise၊ ဘယ်ဆိုင်ကနေ ချိုင့်ဆွဲလာတာလဲ ခေတ်၊ ကိုယ့်မိန်းမကလေးအကြောင်း ကိုယ်သိပြီးသား၊ ဒါလောက် ဖွယ်ဖွယ်ရာရာတွေတော့ ခေတ်ကိုယ်တိုင် အပင်ပန်းခံပြီး ချက်မှာ မဟုတ်ဘူးလေ . . . Right? . . ."

သူမ နှုတ်ခမ်းစူသွားကာ သူ့ကို မျက်စောင်းခဲလိုက်သည်။ အမှန်အတိုင်းပြောတာဖြစ်သော်ငြားလည်း သူမက မခံချင်ပြန်။

"ဒီရုပ်ကိုကြည့်လေ . . . ချက်ရင်းပြုတ်ရင်း အချိန်ကုန်ခံမယ့်ရုပ်လားလို့၊ အံ့သြသြ . . . မအံ့သြသြ ဒါ sur-





prise ပဲ . . . စားကြည့်ဦး"

သူက သက်ပြင်းတစ်ချက် အသာခိုးချလို့ ထမင်းစားပွဲမှာ ထိုင်လိုက်သည်။ သူမက သူ့ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးသည်။ သူက စားကြည့်ပြီး . . .

"ကောင်းလှချည်လား၊ ဒါ မေမေ့လက်ရာပဲ . . .၊ ဟား ဒီဟင်းအစပ်အဟပ်ကအစ မေမေ့အစပ်အဟပ်တွေ၊ ခေတ် ဘယ်ကရလာတာလဲ၊ မေမေ ရောက်နေတာတော့ မဟုတ်ပါဘူးနော်"

သူက မျက်လုံးတွေ တဖျပ်ဖျပ် တောက်ပသွားပြီး ခေါင်းကို ချာချာလည်ကာ ဘေးဘီဝဲယာဆီ ရှာဖွေကြည့် လိုက်သေးသည်။ သူမက နှုတ်ခမ်းကလေး ကွေးညွှတ်အောင် သရော်ပြုံးကလေးပြုံးပြီး . . .

"မောင်လေး . . . မှန်ပါတယ်ကွယ်၊ ဒါ အန်တီ့ recipe အတိုင်း နွယ်နွယ့်ကို ချက်ခိုင်းထားတာပါ၊ စားလို့ ကောင်းတယ်မှုလား၊ နောက်ဆို အန်တီ့လက်ရာအတိုင်း နေ့တိုင်း နွယ်နွယ် ချက်ကျွေးလိမ့်မယ်၊ မောင့်တာဝန်က ကျွန်မနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



ညစာ ပုံမှန်ပြန်စားဖို့ပဲ၊ အိုကေတဲ့ယ်မှလား . . .”

“မေမေ တစ်ယောက်တည်း ဖြစ်နေတော့မှာပဲ ခေတ်ရယ်၊ ကိုယ်က မေမေ တစ်ယောက်တည်း lonely ဖြစ်နေမှာစိုးလို့ ညနေတိုင်း အလုပ်ကပြန်ရင် မေမေ့အိမ်ဝင်ပြီး မေမေနဲ့ ထမင်းလက်ဆုံစားပေးနေကျ၊ မေမေနဲ့ စောစောစားထား ပေးပြီး ခေတ်နဲ့ တစ်ခါ အိမ်ပြန်ရောက်တော့ အတူစားပေး တယ်လေ”

“အဲဒါကိုက အဓိပ္ပာယ်မရှိတာလေ မောင်ရဲ့၊ ညစာကို တစ်နပ်ပဲစား၊ ကိုယ့်မိန်းမနဲ့ လက်ဆုံပြန်စား၊ ဒါ သဘာဝကျပြီး သား . . .၊ မောင်လုပ်ပုံက ဟုတ်ကို မဟုတ်တာ၊ အမေကို အဲဒီလောက်ကြီး သိတတ်နေဖို့ မလိုပါဘူး၊ အန်တီလည်း နောက်တော့ သူ့ဘာသာသူ တစ်ယောက်တည်း နေသားကျ သွားမှာပေါ့”

သူမဆီ လှမ်းကြည့်လိုက်သော သူ့မျက်ဝန်းတွေက အေးစက်ခေါင်းမာသော အကြည့်တွေပါသည်။

“မေမေနဲ့ ကိုယ်က နှစ်ယောက်တစ်ဘဝလို့တောင် ပြော





လို့ရအောင် အရမ်း close ဖြစ်တယ် ခေတ်၊ အဲဒါကို ခေတ် နားလည်ပေးဖို့လိုတယ်၊ ရဲဘော်ရဲဘက်တွေဆိုလည်း မမှား ဘူး . . . မေမေ မပါဘဲ၊ မေမေ လမ်းမပြဘဲ ကိုယ့်ရဲ့ စိတ်ဓာတ်တွေ အမြဲ အားရှိမြင့်မားနေအောင် မေမေ မမြှင့်တင်ပေးဘဲ ဒီဘဝမျိုး ကိုယ် ရောက်အောင်လုပ်နိုင်မှာ မဟုတ်ဘူး၊ ကိုယ့်ရဲ့ အောင်မြင်မှုတွေမှာ မေမေ့တွန်းအားနဲ့ စွမ်းအင်က ၈၀ ရာခိုင်နှုန်းလောက်ကို ပါတယ် ခေတ်၊ မေမေ့ကို ကိုယ် ဘယ်လိုလုပ်ပြီး ဘေးဖယ်ထားလို့ရမလဲ၊ ခေတ် ဘာကို ကြိုးစားနေတာလဲ၊ ကိုယ့်နှလုံးသားမှာ မေမေက တစ်ကဏ္ဍ၊ ခေတ်က တစ်ကဏ္ဍ သီးသန့်စီ ထားပြီး သားပါ”

“မဖြစ်နိုင်ဘူး . . . တစ်ကဏ္ဍမကပါဘူး၊ မောင် လုပ် နေတာတွေက တစ်ခါတစ်ခါ အစွန်းရောက်နေတယ်၊ သဘာဝ မကျဘူး”

“ဘာ သဘာဝမကျလို့လဲ ခေတ်၊ မိခင်တိုင်းကို သားတွေက ချစ်မြတ်နိုးတာ၊ ကိုးကွယ်တာ သဘာဝ ကျပြီးသားပါ၊



www.burmeseclassic.com

www.burmeseclassic.com



မေမေက ကိုယ့်အတွက် သူရဲကောင်းတစ်ယောက်ပဲ၊ ခေတ် စိတ်ဆင်းရဲ မခံပါနဲ့ . . .၊ စိတ်ချမ်းသာခြင်း၊ စိတ်မချမ်း သာခြင်းဆိုတာ ကိုယ့်ဘာသာပဲ ကိုယ်လုပ်ယူတာနော်၊ တခြား ဘယ်သူကမှ ကိုယ့်ကို လာမလုပ်နိုင်ဘူး၊ ကိုယ့်စိတ် က ဖြစ်နေတာ"

သူက ထမင်းဟင်းတွေကို ခပ်သွက်သွက် လက် စသတ်လိုက်သည်။ သူမရင်ထဲ ဖင်းကျပ်လာသည်။

"ကိုယ် မေမေ့ဆီ သွားလိုက်ဦးမယ် ခေတ်၊ မေမေ မျှော် နေလိမ့်မယ်၊ ခေတ် လိုက်ခဲ့ဦးမလား"

"မလိုက်ချင်ဘူး မောင်၊ ရှင်နဲ့ အေးအေးဆေးဆေး စကား ပြောလို့ မရဘူးလား၊ ကျွန်မ Mamma Mia Blue Ray တစ်ခွေ ဝယ်လာတာ၊ အတူကြည့်မလို့"

အိမ်မှာ Home Cinema ကလေး တပ်ဆင်ထား သောကြောင့် သူနှင့်အတူ အေးအေးလူလူ ရုပ်ရှင် ကြည့်ချင်သေး သည်။ ဘယ့်နှယ်ကြောင့် သူ့အမေက ဝင်ရှုပ်နေရတာပါလိမ့်. . . ဟု စိတ်ထဲက မနာလိုသလို၊ မကျေနပ်သလို စိတ်ခုလာသည်။





"ကိုယ် စောစော ပြန်ခဲ့မယ်လေ၊ အတူကြည့်တာပေါ့နော်"

ဟု . . . နှုတ်ဆက်ပြီး သူမ မတားနိုင်ခင် သူ ထွက်သွားခဲ့ပြီ။ သူမ တောက်တစ်ချက် ခတ်လိုက်မိသည်။ မိခင် တစ်ယောက်ဟာ သားရဲ့ အိမ်ထောင်ရေးမှာ ဘယ်လောက်အထိ ဝင်ရောက်ပတ်သက်လွှမ်းမိုးခွင့်ရှိပါသလဲ။ သူ့မေမေကို သူမ မကျေနပ်တော့ပါ။

✞



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာကနေ ပြုန်းခနဲ တရေးလန့်နိုးလာချိန်မှာ တစ်ခုခု လစ်ဟာနေသော ခံစားချက်ကို အရင်ရမိသည်။ ဘာရယ်မဟုတ် နံဘေးကို စမ်းကြည့်မိတော့ သူ ရှိမနေပါ။ ခေါင်းရင်းဘေးက ညအိပ်မီးကလေးကို ဖွင့်ကြည့်မိတော့ တကယ်ပဲ သူ မရှိ။ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားကာ သူမ ဝုန်းခနဲ ထထိုင်လိုက်မိသည်။ နာရီကို လှမ်းကြည့်တော့ တစ်ချက်ကျော်နေပြီ။ ဒီသန်းခေါင်ယံအချိန်ကြီး သူ ဘယ်ထ,ထွက်သွားသနည်း။ ပုဝါတစ်ထည် ကောက်ခြုံလိုက်ပြီး အခန်းထဲကနေ ထွက်လာကာ





ဧည့်ခန်း၊ စာကြည့်ခန်း၊ ရုပ်ရှင်ခန်းတွေဆီ အရင်ရှာသည်။ မတွေ့...။ ပေါ်တီကိုမှာ ရပ်ထားသော သူ့ကားလည်း မရှိ။ ခြံတံခါးကြီးလည်း ပွင့်ရက်သား။ အိုး ... သူ အိပ်မက်ထဲ ယောင်ယမ်းပြီး တကယ်ထွက်သွားခဲ့တာလား။ သူမ ခေါင်းနပမ်းကြီးသွားသည်။ ကားပေါ် ခပ်သွက်သွက်တက်ပြီး မောင်းထွက်ခဲ့သည်။ သူ့နောက်ကို လိုက်ဖို့အတွက် သူ ဘယ်ကို သွားနိုင်သလဲ ဟု ... တွေးလိုက်မိတော့ ချက်ချင်း အဖြေထွက်သည်။ သူ့မေမေအိမ်ကိုပဲ သွားမှာပေါ့ ...။ ဒီလောက် မိခင်ကို စွဲလမ်းနိုင်လွန်းတဲ့သားလေ။

သူမ နှုတ်ခမ်းတစ်ချက် ကိုက်မိကာ သူ့ကို လက်ထပ်လိုက်မိတာ မှားပြီလားဆိုသော အတွေးကို ပထမဆုံးအကြိမ် တွေးမိလေသည်။ မိခင်အပေါ် သိပ် စွဲလမ်းတွယ်တာလွန်းသော သားတစ်ယောက်ဟာ ဇနီးတစ်ယောက်အတွက် ခင်ပွန်းကောင်း တစ်ယောက် ဖြစ်နိုင်ပါ့မလား။ သူ့မေမေဟာ သူ့ရဲ့ စံပြသူရဲကောင်း Role Model တစ်ယောက်၊ Hero တစ်ယောက်ပါ ... ဟု သူကိုယ်တိုင်က ဖွင့်ဟဝန်ခံထားခဲ့ပြီးသား။ အဲဒီအတွက် သူ့မေမေကို



www.burmeseclassic.com

www.burmeseclassic.com





သူမ အကြီးအကျယ် မနာလို ဝန်တိုမိသွားတာကို သူ မသိ။ သူမေမေနှင့်သူမ မပြိုင်ဆိုင်သင့်မှန်း သိရက်နှင့်ကို သူမ အနိုင်ရချင်သည်။ သူ့ကို သူ့မေမေထက် ပိုပြီး လွှမ်းမိုးပိုင်စိုးချင်သည်။ အဲဒီလို မဖြစ်လေ သူမ သူ့မေမေကို ပိုပြီး မနာလိုဖြစ်မိလေ။ အခုလည်း ကြည့် . . .။ ညကြီး သန်းခေါင်အချိန် အိပ်မက်ထဲ ယောင်ပြီးတော့တောင် အမေဆီ ပြန်တဲ့သား။ ဘယ်လောက် မုန်းစရာကောင်းလိုက်သလဲလို့။

ထင်ထားသည့်အတိုင်းပင် သူ့မေမေ၏ခြံရှေ့မှာ သူ့ကားရပ်လျက်သား . . .။ ကားထဲမှာ သူ မရှိ။ သူ ဘယ်ရောက်သွားနိုင်မလဲ။ မတတ်နိုင်။ ဘယ်သူ့ကိုမှ အားမနာနိုင်အဲ လူခေါ်ဘဲလ်ကို ဖိနှိပ်ပစ်လိုက်သည်။ ကောင်လေး ပြေးထွက်လာပြီး အိပ်မှုန်စုံမွှားနှင့် တံခါးလာဖွင့်ပေးသည်။

"မမလေး . . . အိမ်နောက်ကနေပဲ ဝင်သွားလိုက်တော့နော်၊ စောစောက အစ်ကိုလေးလည်း အဲဒီအတိုင်းပဲ ဝင်သွားတယ်"

ဟု . . . ပြောပြီး ပြန်ထွက်သွားသည်။ တစ်အိမ်လုံး မှောင်အတိကျ တိတ်ဆိတ်လို့။ သူမက ဘာလုပ်ရမှာလဲ။ သူ့ကိုနှိုးပြီး အိမ်ပြန်ခေါ်သွားဖို့ လိုက်လာခဲ့တာ မဟုတ်လား။ အမှောင်ထဲမှာပင် စမ်းတဝါးဝါးနှင့် အပေါ်ထပ်သို့ တက်လာမိသော ကိုယ့်အဖြစ်ကိုယ် ရယ်လည်း ရယ်ချင်၊ စိတ်လည်းပျက်နေသည်။ သူမ ပြန်ပြီး အိပ်ချင်နေပြီ။ မျက်လုံးတွေလည်း စပ်လို့။ သူနှင့်သူမအတွက် ပြင်ပေးထားသော အခန်းဆီ တန်းတန်းမတ်မတ် ဝင်လာခဲ့မိသည်။ ကိုယ်တော်ချောက နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတာများ ဟောက်သံများပင် ထွက်လို့ . . .။ ပထမတော့ သူ့နံဘေးမှာ အသာတိုးဝင်ပြီး ဝင်ခွေအိပ်ပစ်လိုက်ဖို့ စိတ်ကူးသေးသည်။ သို့သော် ဒါမျိုး ဘယ်နှကြိမ်လောက် သူ ထပ်ထပ်လုပ်နေမယ်ဆိုတာ မသိ။ သူမဘက်က အလျှော့ပေးပြီး အိပ်ပေးလိုက်လျှင် နောက်ဆို သူက ပိုပြီးတော့ အတင့်ရဲတော့မည်။ နဂိုကမှ မိခင်နှင့် ခွဲမနေချင်သူမဟုတ်လား။ သူ့ကို ခပ်ဆတ်ဆတ် လှုပ်နှိုးလိုက်သည်။

"မောင် မောင် . . . ထစမ်း . . . ထ . . . ထ"

သူမအသံက ခပ်အုပ်အုပ်ပေမယ့် ကျယ်သည့်သ





www.burmeseclassic.com

www.burmeseclassic.com





လောက်တော့ ကျယ်သည်။ သူ ဖျတ်ခနဲ လန့်နိုးလာသည်။

"ဟင် . . . ဘာလဲ ခေတ်၊ ဘာဖြစ်လို့လဲ . . . အိပ်လေ"

ဟု . . . သူက ကမူးရှူးထိုးပြောသည်။

"မောင် ရှင်တကယ် နိုးရဲ့လား၊ ရှင် ဘယ်ရောက်နေသလဲရော သိရဲ့လား၊ ဒါ ရှင့်မေမေအိမ်၊ ဒီအထိ ရှင်ကားမောင်းလာတာတောင် မနိုးဘူး . . . ဟုတ်လား။ ဟုတ်မှ ဟုတ်ရဲ့လားရှင်၊ ယုံနိုင်စရာတောင် မရှိဘူး၊ ထ အိမ်ပြန်ကြမယ်၊ ကျွန်မမှာ စိုးရိမ်လိုက်ရတာ"

"မေမေ့အိမ်ကို ကိုယ် ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ၊ ဘယ်နှနာရီရှိပြီလဲဟင်၊ ဒီမှာပဲ ဆက်အိပ်လိုက်ရအောင် ခေတ်ရယ်၊ ကိုယ် အရမ်း အိပ်ချင်လို့ပါ"

"အခုတစ်ခါ အိပ်လိုက်ရင် နောက် အခေါက်ခေါက် အခါခါ ရှင် ဒီလိုပဲ လုပ်တော့မယ်၊ မရဘူး မောင်ရေ၊ ထ . . . အိမ်ပဲ ပြန်မယ်"

"ခေတ်ကလဲကွာ . . . တစ်ခါတစ်လေ အိပ်တာပဲ၊ ဘာမှ မဖြစ်ပါဘူး၊ မနက်ကျမှ စောစောပြန်ကြတာပေါ့၊ လာ . . . ကိုယ့်ရင်ထဲ လာအိပ် . . . လာ၊ လိမ္မာပါတယ်ကွာ"

သူမ အလျှော့ပေးလိုက်တော့မည့်ဟန်ပြင်ဆဲ တံခါးဆီမှ တံခါးခေါက်သံသဲ့သဲ့ ထွက်လာကာ အခန်းဝမှာ သူ့မေမေ ပေါ်လာသည်။

"ဩော် . . . သမီးလိုက်လာတာကိုး၊ ထင်တော့ ထင်သား၊ စောစောကမှ သားရောက်လာတာနဲ့ သူ့ကို မနှိုးရက်တာနဲ့ ဒီမှာ သိပ်ထားလိုက်တာ၊ စကားသံတွေကြားတာနဲ့ အန်တီ ထ,လာတာ၊ သန်းခေါင်ကျော်နေပြီ၊ ဒီမှာပဲ ဆက်အိပ်လိုက်တော့လေ၊ မနက်ကျမှ ပြန်ကြပေါ့ကွယ်"

သူ့မေမေကို အရှုံးမပေးချင်စိတ်၊ အာခံ တော်လှန်ချင်စိတ်၊ အရွဲ့တိုက်လိုစိတ်က ဖြုန်းခနဲ ရုန်းကြွလာသည်။ တစ်သက်လုံး သားကို စိုးမိုးချုပ်ကိုင်လာခဲ့တဲ့ မိခင်တစ်ယောက်ဟာ ချွေးမကိုတော့ လွှမ်းမိုးလို့ မရနိုင်ဘူးဆိုတာ သူ့မေမေကို သိစေချင်သည်။ သူမမှာ အဆိပ်ကလေးတော့ ရှိသည်။ တစ်ခုခုကို အပြိုင်အဆိုင် အရယူရတော့မည်ဆိုလျှင် စစ်ကြေညာတတ်သော အကျင့်။





www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မ အိမ်မှာပဲ ပြန်အိပ်မှဖြစ်မယ် အန်တီ၊ သူများ အိမ်မှာ ကျွန်မ မအိပ်တတ်ဘူး။ Hotel မှာ အိပ်ရင်တောင် အိပ်ဆေး သောက်ပြီးအိပ်မှ အိပ်ပျော်တာ၊ နို့မို့ဆို တစ်ညလုံး တရေးမှ ကို မရတော့တာ”

“အန်တီ့မှာ အိပ်ဆေးရှိပါတယ် . . .”

သူမ သူ့မေမေဆီ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

“သားက အရမ်းအိပ်ချင်နေတာ၊ ဒီပုံစံနဲ့ ပြန်ဖို့ အန်တီ စိတ်မချဘူးသမီး၊ ဒါ ခေါင်းမာနေရမယ့်အချိန် မဟုတ်ဘူးလေ၊ လုပ်သင့်တာကို လုပ်ရမှာပေါ့၊ ကဲ ကဲ . . . ဒီမှာပဲ အိပ်လိုက်ကြ၊ အန်တီ ဆေးလာပို့ပေးမယ်၊ ဟုတ်ပြီလား”

သူမ နှုတ်ခမ်းတွေ တင်းတင်းစေ့သွားသည်။ သူမကို ဒီလို တစ်ချက်လွှတ်အမိန့် လာချလို့ ဘယ်ရပါ့မလဲ။ အခုလည်း မရ။ နောင်လည်း ဘယ်တော့မှ မရစေရ။

“ရာဇဝင် . . . ရှင် အခုထပြီး ကျွန်မနဲ့ လိုက်ခဲ့မလား၊ မလိုက်ခဲ့ဘူးလား၊ ဒါပဲပြော . . .၊ ကျွန်မ ရှင့်မေမေနဲ့ ထိပ်တိုက် ဆုံရမလား၊ ရှင် ဝင်ဖြေရှင်းမလား ပြော၊ ကျွန်မ ဒီမှာ လုံးဝ မအိပ်ဘူး၊ ဆုံးဖြတ်ထားပြီးသား”

“ခေတ် ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့ အဲဒီလောက် ကဲကဲ ဆတ်နေတာလဲ၊ အဓိပ္ပာယ်မရှိဘူးကွာ၊ ဘာမဟုတ်တာ ကလေးကို ပြဿနာလုပ်နေတယ်”

“ရှင့်အတွက် ဘာမှ ပြဿနာမဟုတ်ပေမယ့် ကျွန်မအတွက် ဟုတ်တယ် ရာဇဝင်၊ ရှင် ဒီမှာ ဒီညနေခဲ့ရင် နောက် ဘယ်တော့မှ ကျွန်မရဲ့အိမ်ကို ပြန်လာဖို့ မစဉ်းစားနဲ့တော့”

သူမ သူ့ကို စိန်ခေါ်ခဲ့ပြီး အခန်းထဲကနေ ထွက်လာခဲ့သည်။ သူ့မေမေ အခန်းထဲကနေ ထွက်မလာခင် သူမ ခပ်သွက်သွက် ပြေးဆင်းလာခဲ့သည်။ ခြံတံခါးကိုဖွင့်ထွက်ပြီး ကားစက်နှိုးကာ, သူ လိုက်လာမလားဟု ခဏစောင့်နေလိုက်သေးသည်။ တကယ်တော့ သူမ လွန်ဆွဲလိုက်မိတာပါ။ သူ့ မေမေနှင့် သူမ ဘယ်သူ့ဘက်မှာများ သူ ရှိနေမလဲဟု စိန်ခေါ်လိုက်မိတာ။ ဆယ်မိနစ်လောက် စောင့်နေ တဲ့အထိ သူ လုံးဝ ပေါ်မလာသောအခါ သူမ တောက်တစ်ချက် ခတ်မိပြီး ကားကို အရှိန်ပြင်းပြင်း ဆောင့်မောင်းထွက်လာခဲ့ တော့သည်။ ရင်ထဲမှာ အခံရခက်စွာ နှလုံးသားက ခပ်ကြမ်းကြမ်း







www.burmeseclassic.com

www.burmeseclassic.com



ခုန်ပေါက်နေသည်။ ဒီပြဿနာကလေးဟာ ဘာမှမဟုတ်ဘူး ထင်ရပေမယ့် သူမအတွက်တော့ ဒါဟာ ပြိုင်ပွဲတစ်ပွဲ၊ စိန် ခေါ်ပွဲတစ်ပွဲဖြစ်သည်။ အိမ်ပြန်ရောက်ပြီး တော်တော်ကြာတဲ့ အထိ သူမ ပြန်အိပ်လို့မရ။ သူ လုံးဝ ပြန်လိုက်မလာ။ ဖုန်းကလေးပင် လှမ်းဆက်ဖော်မရ။ ဒါ သူ့အမေစကားကို သူ မလွန်ဆန်တဲ့ သဘောပေါ့။ သူမကို ဆန့်ကျင်တဲ့ သဘောပေါ့။ ဒါဆိုရင် ဘာကြောင့်များ သူမတို့ လက်ထပ်ခဲ့ကြသေးလဲ။

မနက်မိုးလင်းမှ သူ ပြန်လာသည်။ သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်လာခဲ့ပြီးသား ဖြစ်သည်။ သူ့ကို သူမ စကားတစ်ခွန်းမှ မပြော။ သူ့မျက်နှာကို တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ ကိုယ်လုပ်စရာရှိတာလုပ်ပြီး ရုံးသို့ ထွက်ခဲ့သည်။ သူက သူမှား ပါတယ်လို့ တစ်ချက်ကလေးမှ မတောင်းပန်သလို၊ သူမ စိတ်ဆိုး နေတာကိုလည်း ချော့မော့နှစ်သိမ့်ခြင်း မရှိ။ ပကတိ အေးအေး ဆေးဆေး ဘာမှ မဖြစ်သော မျက်နှာထား။ ထိုပုံစံက သူမကို ပိုပြီး အခံရခက်စေကာ ဒေါသထွက်စေသည်။ တစ်နေ့လုံးလည်း သူ ဖုန်းမဆက်။ အဲဒါ ဘာသဘောလဲ။ သူမကို တိုက်ပွဲဝင်နေတဲ့ သဘောလား။ သူမကလည်း သူ့ဆီ လုံးဝမဆက်။ ညနေရုံးဆင်းလို့ အိမ်ပြန်လာသည့်တိုင် သူ ပြန်ရောက်မလာ။ နွယ်နွယ်က ဒိုင်ယာရီ ထဲက မှီနူးအတိုင်းချက်ထားသည်။ သေချာပါသည်။ သူ သူ့အမေ အိမ်မှာပဲ သွားပြီး ထမင်းလက်ဆုံ အတူစားနေတော့မှာ။ ထမင်းစား ပွဲမှာ သူ့ရဲ့ အတွေ့အကြုံတွေ ပြန်ပြောပြရင်း နွေးနွေးထွေးထွေး ရယ်မောပျော်ရွှင်နေမည့် . . . သူတို့ သားအမိနှစ်ယောက်ကို မြင်ယောင်စဉ်မှာ သူမတစ်ယောက်တည်း ထမင်းစားပွဲမှာ ထိုင် ငေါင်နေရသော အဖြစ်ကို သူမ ခါးသီးနာကျင်လာသည်။ သူဟာ ကလေးတစ်ယောက်လည်း မဟုတ်တော့။ အိမ်ထောင်ကျပြီးသော အိမ်ထောင်ရှင်ယောကျ်ားတစ်ယောက်ဟာ မိခင်နှင့် ညနေတိုင်း ထမင်းလက်ဆုံသွားစားနေဖို့ လိုအပ်ပါသလား။ အဲဒါကိုရော သူ့မိခင်က တရားမျှတသည်ဟု ခံယူထားပါသလား။ ဒီလိုပဲ အိပ်မက်ထဲ ယောင်ယမ်းပြီး မိခင်ဆီ ပြန်ပြန်ပြေးသွားမည့်ညပေါင်း ဘယ်နှစ်ညကို သူမ သည်းခံရမှာပါလိမ့်။ သူ့ မိခင်ဟာ သူမဘက်ကို တစ်ချက်ကလေးမှ ငဲ့ညှာတွေးမပေးတော့ဘူးလား။ သားကို ခုချိန်ထိ ချုပ်ကိုင်ထားနိုင်တာကို ကျေနပ်သာယာနေတာလား။ သူမ







www.burmeseclassic.com

www.burmeseclassic.com



တော်တော် စိတ်ပျက်နေမိပြီ။ သူမျှားကို ပြောပြရင် နားလည်မှာ မဟုတ်။ ဒါလေးများ ဘာစဖွဲ့ ချဲ့ကားနေတာပါလိမ့်ဟု ထင်မည်။ ညရှစ်နာရီမှာ သူ အိမ်ပြန်ရောက်လာသည်။

“ခေတ် . . . ရုပ်ရှင်ကြည့်မယ်ဆို၊ ကြည့်ရအောင်လေ”

ဟု . . . သူနှင့် သူမအကြား ဘာမှ ဖြစ်မထားသလို အေးအေးဆေးဆေး လှမ်းပြောသည်။ သူမမှာဖြင့် ဒေါသက အထွတ်အထိပ် ရောက်နေပြီ။ သူ့ကို စိမ်းစိမ်းရှုရှု စိုက်ကြည့်လိုက်မိသည်။

“မနက်ဖြန် မေမေ့ မွေးနေ့လေ ခေတ် . . . မေမေ ခြောက်ဆယ့်လေး ပြည့်ပြီ၊ အဲဒါ မနက်အစောကြီး ဘုရားသွားချင်လို့တဲ့၊ ခေတ်ကိုပါ မေမေက ခေါ်ခိုင်းလိုက်တယ်၊ မနက်လေးနာရီလောက် မေမေ့ကို သွားခေါ်ရမယ် . . . ခေတ်ပါလိုက်ခဲ့နော်”

တဲ့ . . .။ သူမ ဘာမှ မပြောရသေးခင် သူက အင်မတန် နူးညံ့ချိုသာသော အသံကလေးနှင့် သူ ဖြစ်ချင်တာကို ဦးအောင်ပြောထားလိုက်နှင့်ပြီ . . .။





“ဆောရီးပဲ ရာဇဝင် . . . ကျွန်မ မလုပ်နိုင်ဘူး၊ အိပ်ရေးပျက်မခံနိုင်ဘူး၊ နေစမ်းပါဦး . . . ရှင့်ကို ပြောထားမယ်၊ ညနေ အလုပ်ကနေ ပြန်လာတိုင်း ကျွန်မ အိမ်ကို တန်းပြန်လာတာကိုပဲ လိုချင်တယ်၊ ဒီအိမ်မှာ ကျွန်မနဲ့အတူ ညစာ လက်ဆုံစားတာကိုပဲ ဖြစ်စေချင်တယ်၊ အဲဒါကို ရှင် လုပ်ပေးနိုင်မလား”

“ခေတ် ကိုယ့်ကို အဲဒီလို ရစ်နေမယ့်အစား ခေတ်ပါလိုက်ပြီး ညစာ အတူစားပြီးမှ ပြန်လာလို့ မရဘူးလား၊ မေမေတစ်ယောက်တည်း အထီးကျန်ဖြစ်နေမှာစိုးလို့ ကိုယ်သွားပေးနေရတာပါလို့ ခေတ့်ကို ပြောခဲ့ပြီးသားလေ၊ အဲဒါကို ပြဿနာမရှာချင်စမ်းပါနဲ့ ခေတ်ရယ်၊ ဒါ မေမေနဲ့ကိုယ် ငယ်ငယ်ကလေးကတည်းက ကျင့်သားရနေခဲ့ပြီးသား အကျင့်တစ်ခုပါ”

“ဒါပေမယ့် ရှင် အခု အိမ်ထောင်ကျနေပြီ၊ ရှင့်ဇနီးမယားနဲ့ အတူ ထမင်းလက်ဆုံစားဖို့က ပိုအရေးမကြီးဘူးလား၊ ရှင့်အမေကို သိပ် ဖူးဖူးမှုတ်ပြီး ရှေ့တန်းတင် ကိုးကွယ်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



နေတာကို ရှင် ဆင်ခြင်သင့်ပြီ၊ ဒီပုံအတိုင်းဆို ကျွန်မတို့ အိမ်ထောင်ရေးမှာ ဘာမဟုတ်တာလေးနဲ့ အက်ကြောင်း တစ်ခု ထင်လာလိမ့်မယ်၊ ရှင့်အတွက် အရေးမကြီးဘူး ထင်ရပေမယ့် ကျွန်မအတွက် အရေးကြီးချင်ကြီးမယ် . . .၊ ရှင်ဟာ ကျွန်မရဲ့ ခင်ပွန်းဖြစ်နေတဲ့အတွက် ကျွန်မရဲ့ စိတ်ခံစားမှုကို ရှင် အလေးထားပေးရမယ်"

"ကိုယ် အလေးထားပြီးသားပါ ခေတ် . . . ဒါပေမယ့် ခေတ်က မေမေ့ကို အလိုလိုနေရင်း Jealous ဖြစ်နေတာ မျိုးတော့ ကိုယ် ဘာမှ မတတ်နိုင်ဘူးလေ"

"ရှင် ဘာစကားပြောလိုက်တယ် . . ."

သူမက ရုတ်တရက် ခံပြင်းသွားကာ သူ့ကို သွားစေ့ သံဖြင့် ပြန်မေးလိုက်သည်။

"ဟုတ်တယ်လေ . . . ကိုယ် အမှန်အတိုင်း ပြောတာ၊ ခေတ် ကိုယ့်ဘာသာကိုယ်လည်း ပြန်ဆန်းစစ်ပါဦး၊ ခေတ်ဘက်က တစ်ဖက်သတ်ကြီးဖြစ်နေတာ ဘာအဓိပ္ပာယ် ရှိသလဲလို့ ခေတ် မေမေ့ကို လိုက်ပြိုင်နေတာ ဘာအကျိုး ရှိလို့လဲ"





ဘုရားရေ . . .။ သူ့ဘက်ကလည်း တစ်ချက် လေးမှုကို မလျှော့ပါလား။ သူကတောင် သူမကို စွဲချက်တွေ တွေ တင်နေသေးသည်။

"လိုက်ပြိုင်နေတာ . . . ဟုတ်လား၊ ရှင် ဘာဖြစ်လို့ အဲဒီ အသုံးအနှုန်းကို သုံးရတာလဲ၊ ရှင် ကျွန်မဘက်ကိုရော ထည့်တွေးမိရဲ့လား၊ ကျွန်မက ရှင့်ကို မိန်းမတစ်ယောက်နဲ့ ခွဲဝေမျှပြီး ချစ်နေရတယ်၊ အဲဒီမိန်းမဟာ ရှင့်အမေဖြစ်နေ တယ်၊ ရှင် ဘာဖြစ်လို့ ကျွန်မကို လက်ထပ်ခဲ့သေးလဲ၊ ကျွန်မကိုမှ မဟုတ်ဘူး၊ ဘယ်မိန်းမကိုမှ ရှင် လက်ထပ်ဖို့ မကောင်းဘူး၊ ရှင့်ဘာသာရှင် အမေရဲ့ သားအလိမ္မာ အချစ်တော်ကလေးပဲ တစ်သက်လုံး လုပ်နေသင့်တယ် . . . သိရဲ့လား"

သူမသည် ဒေါသတကြီး ဝံပုလွေတစ်ကောင်လို အော်ဟစ်ပစ်လိုက်သည်။ သူ့မျက်နှာမှာ လျှပ်စီးလက်သွားသလို ဖွေးစူးရှရှ အလင်းရောင်တန်းတစ်မျိုး ဖြာထွက်သွားသလို ဆင်လိုက်ရသည်။ သူက သူမကို ဒေါသတကြီး လက်ရွယ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးမှ ချာခနဲ လှည့်ကာ နံရံကို လက်သီးဖြင့် ထိုးပစ်လိုက်သည်။

"မင်းရဲ့စကား ရင့်သီးလွန်းတယ် ခေတ်၊ မင်း မေမေ့ကို ... ရော ကိုယ့်ကိုပါ စော်ကားတယ်၊ မင်းကို သိပ်တော်ပြီး ... ထက်တဲ့ မိန်းမတစ်ယောက်လို့ ငါ အထင်ကြီးခဲ့တာ ... ဒီလောက် စိတ်သဘောထား သေးသိမ်ပြီး ရိုင်းတတ်မှန်း ... သိရင် ငါ လက်မထပ်ပါဘူး၊ ငါ မှားပါတယ်၊ မင်းကိုမှ ... လက်ထပ်ခဲ့မိတာ ငါ့အမှားပါ၊ မင်းကိုယ်မင်းအတွက် ... ကလွဲပြီး တခြား ဘာကိုမှ မကြည့်တတ်တဲ့ အတ္တကြီး ... မာနကြီးကြီး မိန်းမကိုမှ ငါ မြတ်မြတ်နိုးနိုး တန်ဖိုးထား ... ပြီး ချစ်ခဲ့မိတာ ငါ့ရဲ့ မဟာအမှားပါ . . .၊ မင်းကို ... မမုန်းခင်၊ မနာကြည်းခင် ငါတို့ တစ်ခုခု စဉ်းစားကြတာ ... မင်း မှတ်ထား . . .၊ ငါ့ဘဝမှာ ငါ့အမေဟာ ငါ့ရဲ့ ကိုးကွယ် ... ရာပဲ၊ ငါ မင်းကို ဘယ်လောက်ချစ်ချစ်၊ ငါ ကိုးကွယ် ... ငါ့အမေကို ပြိုင်ဘက်တစ်ယောက်လို၊ ရန်သူတစ်ယောက် ... သတ်မှတ်နေရင်တော့ မင်းနဲ့ငါ တစ်နေ့ ရန်သူ ...





ဖြစ်လာမှာပဲ . . .၊ အဲဒီတော့ ငါ သွားတော့မယ်၊ မင်း စဉ်းစားပါ။ ကိုယ်တို့ လမ်းခွဲကြမလား၊ မေမေ့ကို စော်ကားခဲ့တဲ့အတွက် မင်းကိုယ်တိုင် လာပြီး ရှိခိုးတောင်းပန်မလား၊ မင်းကြိုက်တာရွေးပါ။ ကိုယ်ကတော့ ခုချိန်ထိ မင်းကို ချစ်နေတုန်းပဲ၊ ဒါပေမယ့် တစ်ချိန်မှာ ကိုယ့်အချစ်တွေ ဆုံးခန်းတိုင်သွားလိမ့်မယ်"

သူက ပြောချင်တာပြောပြီး ဝုန်းခနဲ ထွက်သွားသည်။ ပထမတော့ သူမ ကြောင်နေသည်။ ဒေါသအလျောက် အဆိပ်ပါသော စကားလုံးလက်နက်တွေနှင့် သူ့ကို တိုက်ခိုက်ခဲ့မှန်းတော့ သိသည်။ သူ ဆတ်ဆတ်ခါနာကျင်သွားစေဖို့လည်း ရည်ရွယ်ခဲ့သည်။ သူ တကယ်နာသွားခဲ့ပြီး သူမကို အဲဒီလို စွန့်ပစ်လိုက်လိမ့်မယ်လို့ကို ထင်မထားခဲ့တာပါ။ သူမကို သူ စွန့်လွှတ်လိုက်ပုံက ရွယ်ကူမြန်ဆန်လွန်းသည်။ စွဲစွဲလမ်းလမ်း သံယောဇဉ်တွယ်တာခဲ့တာ မဟုတ်တဲ့အတိုင်း။ သူမ လက်သီးနှစ်ဘက် ကျစ်ကျစ်ဆုပ်ကာ ... တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် မခံချင်စိတ်ဒေါသဖြင့် ... မ်းယိုင်နေခဲ့သည်။ ကြည့်စမ်း . . . သူ ငါ့ကို အမှိုက်တစ်စ ...



www.burmeseclassic.com

www.burmeseclassic.com



စွန့်ပစ်သွားခဲ့ပြီ။ ဘယ်လောက် နာကျင်ခံရခက်လိုက်သလဲ။

"ရာဇဝင် . . ."

သူမ အသံကုန်ဟစ်ပြီး ကျိုးအော်ပစ်လိုက်မိသည်။ ဒေါသနှင့် နာကျင်မှုတွေသည် တခဏတွင်းချင်းမှာပင် သူမ တစ်ကိုယ်လုံးကို ဝါးမြိုစုပ်ယူပစ်လိုက်သည်။ နာကျင်စရာ နေရာလပ် မကျန်တော့သော အစိုင်အခဲကြီးတစ်ခုဖြစ်လျက် ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ မောင် . . .။ ရှင်ပြန်လာခဲ့စမ်းပါ။ ကျွန်မကို ဒီပုံစံအတိုင်း ချန်ထားရစ်ခဲ့လို့ မရဘူးမှတ်။ ကျွန်မရဲ့ မာနတွေကို အကျိုးကျိုး အကြေကြေဖြစ်အောင် ခြေမွပစ်ထားခဲ့လို့ လုံးဝမရဘူး . . . သိလား။ ကျွန်မဟာ ယောကျ်ားတစ်ယောက် စွန့်ပစ်ချန်ထားခဲ့တာကို ဒီအတိုင်း ငုံ့ခံလိုက်ရမယ့် ခပ်တုံးတုံး၊ ခပ်ညံ့ညံ့ မိန်းမတစ်ယောက် မဟုတ်ဘူး . . .။

သူမ အံတင်းတင်းကြိတ်လျက် မျက်ရည်တွေကို ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်လိုက်သည်။ အံကြိတ်ထားလွန်းသဖြင့် သူမ၏ ပါးစောင်ထဲမှ အတွင်းသားတွေမှာ ဒဏ်ရာတွေ ရကုန်သည်။ နှလုံးသားဆီက ဒဏ်ရာတွေက ပိုပြင်းထန်ပါတယ်လေ။



အားခပ်ကြမ်းကြမ်းမောင်းထွက်သွားသံကို ကြားလိုက်ရပြီး အားလုံး တိတ်ဆိတ်ကျန်ရစ်ခဲ့သည်။ သူ ထွက်သွားခဲ့ပြီ။ ဒီအိမ်ကို ဘယ်တော့မှ သူ ပြန်လာတော့မှာ မဟုတ်။ သူမ နှလုံးသားတစ်ခုလုံးကို စုတ်ပြတ်သတ်ကြေမွသွားအောင် သူ နင်းဖြတ်ကြိတ်ခြေလျက် ထွက်သွားခဲ့ပြီ။ မငိုပါဘူးဟု . . . တင်းထားသည့်ကြားမှ မျက်ရည်တွေ ပါးပြင်နှစ်ဘက်ဆီသို့ အတားအဆီးမဲ့စွာ ပြိုကျလိမ့်ဆင်းလာတော့သည်။ ဆုံးရှုံးရပြီမှန်း သိချိန်ကျမှ အဲဒီလူကို သူမ ဘယ်လောက် တပ်မက်စွဲလမ်းစွာ ချစ်မြတ်နိုးမက်မောလွန်းနေခဲ့မှန်း သိခွင့်ရသည်။ သူ့ကို သူမ သိပ်ချစ်လွန်းနေခဲ့သည်။ မိခင်နှင့်တောင်မှုဝေပြီး မချစ်နိုင်လောက်အောင် သူ့ကို သူမတစ်ယောက်တည်း မူပိုင် လွှမ်းမိုးပိုင်စိုးထားချင်ခဲ့တာပါ။ ဒါဟာ သူမ အမှားလား။ သူမက လောဘကြီးသူတစ်ယောက်ဖြစ်သည်။ ဘာပဲလုပ်လုပ် သူမသာလျှင် အကောင်းဆုံး၊ ထိပ်ဆုံးကို လိုချင်၊ ရချင်သူဖြစ်သည်။ သူ့ကိုလည်း လောဘကြီးစွာ သူမ ချစ်ခဲ့မိခြင်းဖြစ်သည်။

သူမ ဘာလုပ်ရမှာလဲ။ လက်ထပ်ခဲ့ကြတာဖြင့် ဘယ်လောက်မှတောင် မကြာသေး။ ကွဲကြရမည်ဆိုလျှင် သူမ





www.burmeseclassic.com

www.burmeseclassic.com





အတွက်တော့ နာလန်မထူနိုင်အောင် အလဲထိုးခံလိုက်ရခြင်းပဲ ဖြစ်လိမ့်မည်။ ဟင့်အင်း . . .။ သူ့ကို ကွာရှင်းလို့ မဖြစ်။ ဘယ်လိုမှ မဖြစ်။ အဲဒါကို သူမသာလျှင် အသိဆုံးဖြစ်သည်။ သူမက ဘဝမှာ သူမ လိုချင်တာကို ပြတ်ပြတ်သားသား သိတတ်သူ။ လိုချင်ရက်နှင့် စွန့်လွှတ်ဖို့ မဖြစ် . . .။ အဲဒါဆိုလျှင် သူမက အရှုံးပေးပြီး မာန တွေ ခဝါချပြီး သူ့မေမေကို သွားရှိခိုး တောင်းပန်ရမှာလား။ ဟင့်အင်း. . .။ ဝေးပါသေးသည်။ သူ့မေမေကို သူမ မတောင်းပန် ချင်။ သူမစကားက ခါးသီးပြင်းထန်ခဲ့ပေမယ့် အမှန်တရားပဲဉစ္စာ။ သားကို မိခင်တစ်ယောက်က ဒီလောက် ချုပ်ကိုင်လွှမ်းမိုး၊ ပိုင်စိုး ထားမှတော့ ဒီအိမ်ထောင်ရေး ဘယ်လိုလုပ်ပြီး ခိုင်မြဲနိုင်ပါတော့ မလဲ။ ဒါကို သူ့အမေ နားလည်သဘောပေါက်ဖို့လိုသည်။ ခုတော့ လက်ဝှေ့ကြိုးဝိုင်းထဲကလူလို ကိုယ့်လက်သီးနှင့် ကိုယ်ပြန်ပြီး အရိုက်ထိခံရသူလို ပွဲမစခင်ကတည်းက သူမက [illegible]နှင့်နေခဲ့ပြီ။


တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မှ အထီးကျန် ခြင်းဆိုသော ဝေဒနာက ရက်ရက်စက်စက် ဖိစီးနှိပ်စက်လာခဲ့ သည်။ သူ့ကို ပြန်လိုချင်လာသည်။ အဆုံးရှုံးခဲ့လို့ မဖြစ်။ သူ့ကို သိပ်ချစ်သည်။ သို့သော် . . . သူမ၏ မာနကိုလည်း ထိပါး မခံချင်။ အရှုံးမပေးချင် ဒူးမထောက်ချင်။ အထူးသဖြင့် သူ့ မေမေ၏ လွှမ်းမိုးမှုအောက်သို့ သူမ အရှုံးပေးပြီး မဝင်ချင်ပါ။ သူ့ဘက်က တော့ သူမှန်တယ်ထင်လိမ့်မည်။ သူမဘက်ကလည်း သူမ, မမှားဟု ခံယူထားခဲ့ပြီးသား။ အမှန်တစ်ခုနှင့် အမှားတစ်ခုတို့ ထိပ်တိုက် တွေ့ဆုံမိကြသော တိုက်ပွဲမျိုးမှာတော့ အမှားဘက်က အလျှော့ပေး နောက်ဆုတ်လို့ရကောင်း ရနိုင်လိမ့်မည်။ သို့သော် . . . အမှန် တရားနှစ်ခု ထိပ်တိုက်တွေ့ကြသော တိုက်ပွဲမျိုးကတော့ မျှော်လင့် ထားတာထက် ပိုပြီး ပြင်းထန်လိမ့်မည်။ မောင် . . . ကျွန်မ မောင့် ကိုချစ်တယ်။ ပြန်လည်း လာစေချင်တယ်။ ဒါပေမယ့် မောင်ပြန် လာပါလို့ ကျွန်မ ဘယ်တော့မှ တောင်းပန်ခယလိမ့်မယ် မထင် နဲ့ . . .။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း
# ၄

www.burmeseclassic.com

www.burmeseclassic.com

ကိုယ် လက်မှတ်ထိုးဖို့အတွက်တော့
အချိန်ယူရလိမ့်ဦးမယ်။
လက်မှတ်ထိုးဖြစ်သွားခဲ့ရင်တော့
မင်းဆီတစ်စောင် ပို့ပေးတာပေါ့ ---။
မင်းမှာ အဲဒီလောက်
ခက်ထန်မာကြောတဲ့
နှလုံးသားရှိမှန်း သိခွင့်ရလိုက်တဲ့အတွက်
အလေးပြုပါတယ် ---
မင်းကို မေ့ဖို့ ကိုယ် ကြိုးစားရဦးမယ် ---။

ရာဇဝင်



သူမှာ မာနရှိသလို ကျွန်မမှာလည်း
မာနရှိပြီးသားပါ။
သူ ခေါင်းမာတတ်သလို
ကျွန်မလည်း ခေါင်းမာတဲ့သူပါ။
သူ ချစ်တတ်သလို ကျွန်မလည်း
ချစ်တတ်ပါတယ်၊
သူ အလျှော့မပေးတတ်သလို ကျွန်မလည်း
အလျှော့မပေးတတ်ဘူးဆိုတာ
ကျွန်မအကြောင်း
သူ ကောင်းကောင်းသိပါတယ်၊
ကျွန်မလည်း
စိတ်မချမ်းသာပါဘူး။ ဒါပေမယ့်
တစ်ပတ်အတွင်း ကွာရှင်းစာချုပ် ပို့ပေးလိုက်မယ်လို့
သူ့ကို ပြောလိုက်ပါ ---။

တစ်ခေတ်



www.burmeseclassic.com

www.burmeseclassic.com

မာနက နှလုံးသား၏

လိုအင်ဆန္ဒနှင့်

တောင့်တမှုကို

အခွံမာမာတစ်ခုသဖွယ်

ဖုံးအုပ်ပစ်လိုက်တော့သည်။





# အခန်း (၆)

တကယ်တော့ သူမတို့ ဇာတ်လမ်းသည် အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ခဲ့သလို ဖြစ်သည်။ ပြဿနာကလည်း ဘယ်လောက်မှ ကြီးကျယ်ခမ်းနားလှတာမဟုတ်။ သူမဘက်ကလည်း အလျှော့မပေးချင်ခဲ့။ သူ့ဘက်ကလည်း မလျှော့ခဲ့ချေ။ သူ့ကို တစ်နေ့တစ်နေ့ ပြန်လာမလား . . . ဟု တိတ်တိတ်ကလေး မျှော်လင့်စောင့်စားနေခဲ့သော ရက်တွေ ကြာလာသောအခါ သူမ၏ မာနက နှလုံးသား၏ လိုအင်ဆန္ဒနှင့် တောင့်တမှုကို အခွံမာမာတစ်ခုသဖွယ် ဖုံးအုပ်ပစ်လိုက်တော့သည်။ နှလုံးသားကို ငဲ့ကွက်ဖို့ထက် မာနမြင့်သော



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချင်လာခဲ့သည်။ သူမ ဘာများ မှားခဲ့လို့လဲ။ သူမ မမှားတဲ့ ကိစ္စအတွက် သူ့မေမေဆီ ခေါင်းငုံ့ပြီး တောင်းပန်တိုးလျှိုးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါ။ သူ့ကို ပြန်လာစေချင်ခဲ့သည်။ သူ့ကို တမ်းတမိနေဆဲ။ ချစ်နေသေးဆဲ . . .။ သူသာ လာပြီး ချော့မော့ နှစ်သိမ့်လိုက်လျှင် သူမလည်း ဆက်ပြီး တင်းခံထားနိုင်စွမ်း ရှိမှာမဟုတ်။ သူမတို့ ပြန်ညှိကြဖို့ အချိန်မလွန်သေး။ သူ့ဘက်က မိခင်ကို ချစ်လွန်းတာကိုတော့ နည်းနည်းလျှော့ဖို့ လိုသည်ပေါ့။ သူ့မေမေဘက်ကလည်း သားဖြစ်သူကို ဒီထက် ပိုင်စိုးချုပ်ကိုင်မှုကို လျှော့ပြီး လွတ်မြောက်ခွင့်ပေးရမည်။ သူမဘက်ကလည်း လိုက်လျောသင့်တာကလေးတွေ လိုက်လျောပေးဖို့ အဆင်သင့် . . .။ အချိန်အကြာကြီး ဆယ်နှစ်ဆယ်မိုးတောင် ပျောက်ကွယ်သွားပြီးမှ သူ သူမဆီ ပြန်ရောက်လာခဲ့သေးတာပဲ . . .။ အခုဆို သူ ထွက်သွားတာ နှစ်ပတ်တိတိ ရှိခဲ့ပြီ။ ဖုန်းကလေးတစ်ချက် ဆက်ဖော်မရ။ အိမ်ပြန်လာဖို့ဆိုတာ အဝေးကြီးမှာ။ သူ့ရဲ့ စစ်ကြေညာချက်အတိုင်း သူမအလာကို သူ ရှုးမိုက်စွာ စောင့်နေခဲ့ဟန်တူသည်။

ဒီနှစ်ပတ်အတွင်းမှာ သူမ စိတ်တွေ လေလွင့်လွန်း





သည်။ စိတ်က ငြိမ်သက်ခြင်းမရှိ။ အလုပ်တွေသာ ဖိလုပ်နေရပေမယ့် စိတ်နှင့်လူက တခြားစီမှာ။ သူ့ကို လွမ်းခြင်းနှင့် နာခြင်းသည် ဆတူ ပူးပေါင်းကာ သူမကို နှိပ်စက်ကလူပြုသည်။ ညညတွေ အိပ်မပျော်နိုင်ဘဲ အိပ်ဆေးကျွရတာ ဘယ်နှစ်ညရှိပြီလဲ။ လူက မလန်းဆန်းနိုင် . . .။ သူ့ဆီ ဖုန်းခေါ်ဖို့ အကြိမ်ကြိမ် ကြိုးစားမိသည်။ မအောင်မြင်ဘဲ မာနကသာ အနိုင်ယူသွားတတ်မြဲ။ သူကတောင် မဆက်ဘဲ နေနိုင်သေးတာ . . . သူမက စပြီး ဘာအတွက် ဆက်ရမှာလဲ။ ဆက်ပြီး သူ ပြန်လာဖို့ တောင်းပန်ရမှာလား။ ဒါမှမဟုတ် အဆိပ်ပါတဲ့ စကားလုံးတွေနဲ့ သူ့ကို နာအောင် ပြောရဦးမှာလား။ သူ့မေမေကရော ဘာလုပ်နေတာလဲ။ သူ့သားကို ပြန်ရလို့ နှစ်သိမ့်ကျေနပ်နေတာလား။ တွေးမိရင် ရင်ထဲက တဆစ်ဆစ် နာကျင်လာသည်။

သို့သော် သူမ၏စိတ်တွေ ပြင်းထန်စူးရှလွန်းလို့ပဲလားမသိ။ တစ်ရက်တော့ ဖုန်းမြည်လာသည်။ နံပါတ်က သူ့အိမ်ဖုန်းနံပါတ် . . .။ သူမ ထိတ်ခနဲ ပျော်သွားကာ ဖုန်းချက်ချင်း ထူးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟယ်လို . . ."

"သမီးလား . . . အန်တီပါ"

မျှော်လင့်မထားသော သူမမေမေအသံကြောင့် သူမ မျက်နှာပေါ်မှာ အပြုံးကလေး ပြန်လည်ပျောက်ကွယ်သွားသည်။ လူက သတိအနေအထားဖြင့် တောင့်မတ်သွားရသည်။ ကျွန်မနဲ့ မောင့်အကြားမှာ အန်တီ တံတိုင်းတစ်ခုလို ဝင်ရပ်နေခဲ့တာ သိရဲ့လားဟင် . . .။

"ဟုတ်ကဲ့ ပြောပါ အန်တီ . . ."

"နေကောင်းရဲ့လား သမီး"

"ဒီလိုပါပဲ အန်တီ . . . အန်တီ ပြောစရာများ ရှိလို့လား"

"ရှိတယ်ဆိုပါတော့ သမီးရယ် . . . အခု သားမရှိတုန်း သမီးဆီ ဆက်ရတာ၊ အန်တီဆက်တာ သား မသိဘူး။ ဘယ်လိုဖြစ်ကြတာလဲကွယ် . . .၊ အန်တီကတော့ သားကို ကြည့်ပြီး စိတ်မချမ်းသာဘူး၊ သူ စိတ်ဆင်းရဲနေတယ်ဆိုတာ အန်တီ သိတယ်၊ ဒါပေမယ့် သားက တစ်ခါတစ်လေကျရင် အံ့ဩလောက်အောင် ခေါင်းမာတယ်၊ မာနကြီးတယ်၊ သူ





မှန်တယ်ထင်ရင် လုံးဝ အလျှော့မပေးတော့ဘူး၊ သမီးနဲ့ ဖြစ်ခဲ့တဲ့ ပြဿနာအသေးစိတ်ကို သားက အန်တီ့ကို ပြန်ပြောပြပါတယ်၊ သမီးဘက်က လာတောင်းပန်မှ သူ စိတ်လျှော့မယ့်သဘောရှိတယ်၊ အန်တီ သူ့အကြောင်းကို သိတယ် သမီး၊ သူ့ကိုထိရင် သူ ဒီလောက် ဖြစ်မှာမဟုတ်ဘူး၊ အမေကိုထိလို့ သူ ဒီလောက်တင်းမာနေတာ၊ ဒါပေမယ့် သူ့မာနအောက်မှာ သိပ်ထိရှလွယ်တဲ့ နှလုံးသားက ရှိနေတယ်၊ သူ သမီးအလာကို အရမ်း မျှော်လင့်တောင့်တနေတယ်ဆိုတာ အန်တီသိတာပေါ့ သမီး၊ သမီးရယ် အန်တီ ပြောချင်တာက ဖြစ်နိုင်ရင် သမီးဘက်က လျှော့ပေးလိုက်ပါလားကွယ်၊ သူ သမီးကို သိပ်ချစ်ရှာတာပါ"

အမှန်တရားပေမယ့် သူမရင်ထဲ ခါးသက်သွားလိုက်တာ။ ဘုရားရေ . . .။ ဘယ်လောက် အတ္တကြီးလိုက်တဲ့ မိခင်တစ်ယောက်ပါလိမ့်။ သူ့သား စိတ်ဆင်းရဲ ခံစားနေရတာကို မကြည့်ရက်လို့ သူမကို လှမ်းပြီး negotiate လုပ်နေတာပါလား။ သူမက မာနတွေ ခဝါချပြီး သူ့ဆီအောက်ကျို့စွာသွားပြီး သူ့မေမေကို



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကန်တော့ တောင်းပန်ရမယ်။ အဲဒီအတွက် တစ်သက်လုံး ဦးကျိုးခံလိုက်ရတော့မယ်။ သူမ နာကျင်ခံခက်လွန်းစွာ ပြုံးလိုက်မိသည်။ ပြီးတော့ လုံးဝ ရည်ရွယ်မထားဘဲ အဆိပ်ပါသော စကားတစ်ခွန်းဖြင့် သူ့မေမေကို အနိုင်ယူဖို့ ကြိုးစားလိုက်မိသည်။

"ဆောရီးပါ အန်တီ . . . သူ့မှာ မာနရှိသလို ကျွန်မမှာလည်း မာနရှိပြီးသားပါ။ သူ ခေါင်းမာတတ်သလို ကျွန်မလည်း ခေါင်းမာတဲ့သူပါ။ သူ ချစ်တတ်သလို ကျွန်မလည်း ချစ်တတ်ပါတယ်၊ သူ အလျှော့မပေးတတ်သလို ကျွန်မလည်း အလျှော့မပေးတတ်ဘူးဆိုတာ၊ ကျွန်မအကြောင်း သူ ကောင်းကောင်းသိပါတယ်၊ ကျွန်မလည်း စိတ်မချမ်းသာပါဘူး၊ ဒါပေမယ့် တစ်ပတ်အတွင်း ကွာရှင်းစာချုပ် ပို့ပေးလိုက်မယ်လို့ သူ့ကို ပြောလိုက်ပါ အန်တီ"

သူမအသံက အေးစက်ခက်မာကာ အက်သံပါနေခဲ့သည်။ သူ့မေမေဆီက သက်ပြင်းချသံကို ကြားရသည်။

"နှစ်ယောက်စလုံး နောင်တရနေရမယ့်အဖြစ်ကို ဘာဖြစ်လို့ ဖန်တီးချင်ရသလဲကွယ်၊ အန်တီက ဘေးကနေ ကြည့်တော့





ပိုမြင်ရတယ်၊ ကိုယ့်စကားတစ်ခွန်းမှာ အဆိပ်ပါရင် အဲဒီအဆိပ်ဟာ ကိုယ့်ကိုရော၊ ကိုယ်ချစ်တဲ့လူကိုပါ ထိခိုက်စေတယ်ဆိုရင် မပြောမိအောင် ထိန်းချုပ်တာ အကောင်းဆုံးပဲ သမီး၊ သူ ဘာကို နာသလဲဆိုတာ သမီးသိရက်နဲ့ သူ့ကို တမင်နာအောင်တော့ မပြောသင့်ဘူး ပေါ့ကွယ်၊ နှစ်ယောက်စလုံးအတွက် အကျိုးမှ မရှိတာ၊ ခါးသီးတဲ့ရလာဒ်တွေပဲ ဖြစ်လာတော့မှာ"

"တကယ်ဆိုရင် ကျွန်မကို လျှော့ပေးဖို့ထက် သူ့ကို လျှော့ပေးဖို့ အန်တီပြောသင့်တာပါ၊ ကျွန်မကတော့ ကျွန်မ မမှားတဲ့အတွက် မလျှော့နိုင်ဘူး အန်တီ"

သူမ ဖုန်းကို ပိတ်ပစ်လိုက်မိသည်။ ကြာရင် ဒီ့ထက်ဆိုးဆိုးရွားရွားတွေ သူမ ပြောမိတော့မည်။ အန်တီ ဘာဖြစ်လို့ နှစ်ဦးနှစ်ဘက် မျှမျှတတ တွေးမပေးရတာလဲ။ ခုချိန်ထိ သားဘက်ကိုတော့ ကာကွယ်ထားပြီး သူမရဲ့ ခံစားချက်ကို လုံးဝ ထည့်မတွက်ရတာလဲ။ သမီးချင်း စာနာရအောင်လည်း အန်တီ့မှာ သမီးမှ မရှိဘဲ။ ဒီသားကိုပဲ မျက်စိမှိတ်ပြီး ပုံအောချစ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းကို ပြောပြီးပြီဆိုလျှင် ပြောသည့်အတိုင်း ဖြစ်အောင်လုပ်တတ်တာ သူမအကျင့် ဖြစ်သည်။ ကွာရှင်းဖို့ စိတ်ကူးလုံးဝ မရှိပါဘဲနှင့် သူ့မေမေကို မခံချင်စိတ်၊ ပုန်ကန်အရွဲ့တိုက်လိုစိတ်ဖြင့်ပင် သူ့ဆီသို့ တစ်ပတ်အတွင်း ကွာရှင်းစာချုပ် ရောက်အောင် ပို့ပေးဖို့ လုံးပမ်းဖြစ်သွားတာက သူမ၏ ဒုတိယအရှုံးဖြစ်သည်။ သူမ အရှုံးကိုတော့ဖြင့် သူ သိအောင် မကြေညာလိုပါ။

ကွာရှင်းစာချုပ်နှစ်စောင်မှာ သူမဘက်က လက်မှတ်ထိုးပေးလိုက်ပြီး သူ့ဆီ ပို့ပေးလိုက်ပြီ။ သူ့ဆီက ချက်ချင်း ဖုန်းဝင်လာခဲ့သည်။ ခုချိန်ထိ သူမ မျှော်လင့်မိနေဆဲ . . .။

"မင်း တကယ်ပဲ ကွာရှင်းဖို့ ဆုံးဖြတ်လိုက်ပြီလား ခေတ်"

သူ့အသံက တိုးလျလျပေမယ့် အမာဓာတ်ကတော့ မလျော့။

"မေးနေဖို့တောင် မလိုဘူး . . ."

"ကိုယ် လက်မှတ်ထိုးဖို့အတွက်တော့ အချိန်ယူရလိမ့်ဦးမယ်၊ လက်မှတ်ထိုးဖြစ်သွားခဲ့ရင်တော့ မင်းဆီတစ်စောင် ပို့ပေး





တာပေါ့၊ မင်းမှာ အဲဒီလောက် ခက်ထန်မာကြောတဲ့ နှလုံးသားရှိမှန်း သိခွင့်ရလိုက်တဲ့အတွက် အလေးပြုပါတယ်၊ မင်းကို မေ့ဖို့ ကိုယ် ကြိုးစားရဦးမယ်"

"ရှင် ပို့ပို့၊ မပို့ပို့ ကျွန်မ ဂရုမစိုက်တော့ဘူး၊ ရှင် သိထားဖို့က ကျွန်မရဲ့ သဘောထားကို သိချင်ရင် ရှင့်ကိုယ်ရှင် မှန်ထဲပြန်ကြည့်လိုက်၊ အဲဒီအတိုင်းပဲ အဖြေထွက်လိမ့်မယ်၊ ဒါပဲ . . . တဲ . . . ရှင် ဘာပြောဦးမလဲ"

"ပြောစရာမရှိတော့ဘူး၊ မင်း အရမ်း ရက်စက်တယ်၊ ငါ့အသည်းကို ခွဲတယ်၊ မင်းကို ငါ နာတယ်ကွာ၊ ဘယ်တော့မှ မမေ့ဘူး"

အဲဒါ သူ နောက်ဆုံးပြောသွားသော စကားဖြစ်သည်။ အဲဒီနောက်ပိုင်းကစပြီး သူ့အသံကိုလည်း မကြားရတော့။ သူနှင့်သူမ ပို၍ပို၍သာ ဝေးသွားကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ အစားများလို့ အစာမကြေတာဟုပဲ ထင်မိခဲ့သည်။ လူက နုံးချိချိနှင့် ရင်ထဲမှာ တလှပ်လှပ်။ ခေါင်းထဲမှာလည်း မူးနောက်ရီဝေကာ ပျို့အန်ချင်နေသည်။ ဘေစင်ဆီသွားပြီး အန်တော့လည်း လေတွေသာ အန်နေသည်။ ခုတလော အလုပ်တွေပိကာ အိပ်ရေးတွေလည်း ပျက်တာများပြီး ... အားနည်းနေတာဟု ထင်မိသည်။ ညနေ အလုပ်ကအပြန် ဆေးခန်းဝင်ပြလိုက်သည်။ တစ်ခုခု ဖြစ်နေမှာစိုးရိမ်မိသောကြောင့် ဖြစ်သည်။ သူမ သက်တမ်းတလျှောက်မှာ ဖျားတာနာတာကလည်း





သိပ်မရှိခဲ့။ ဆရာဝန်နှင့်လည်း ပြလေ့မရှိခဲ့။ ဆရာဝန်မက ...

"အိမ်ထောင်ရှိလား ..."

ဟု မေးတော့ သူမ ဘာဖြေရမှန်းမသိစွာ နာကျင်သွားရသေးသည်။

"ကွဲသွားပြီ ဒေါက်တာ ..."

ဟုသာ ခပ်တိုးတိုး ပြောလိုက်မိရင်း လူက ပို၍ နုံးချိဖျော့တော့သွားသည်။

"ဘယ်လောက်ကြာပြီလဲ ..."

"ဟင် ... ဘာကိုပြောတာလဲ၊ နှစ်လလောက်ရှိပြီ ဒေါက်တာ"

ဒီဒေါက်တာနှယ် မဆီမဆိုင် ဘာတွေ မေးနေပါလိမ့်ဟု စိတ်တိုချင်လာသည်။

"နောက်ဆုံး ဓမ္မတာလာတဲ့ရက်ကို မှတ်မိလား LMP"

အဲဒီတော့မှ သူမရင်တွေ ထိတ်ခနဲ ဖြစ်ကာ ခေါင်းထဲ မိုက်ခနဲ ပြာနှမ်းသွားသည်။ ဟုတ်ပါရဲ့ ...။ သူမ အဲဒါကို မေ့နေခဲ့တာပါလား။ အင်မတန် တိကျသော သူမက LMP ဟုခေါ်သော



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတို့သဘာဝ ပုံမှန်လာသောရက်ကို ဒိုင်ယာရီထဲမှာ စနစ်တကျ မှတ်ထားခဲ့တာပါ။ မှတ်မှတ်ရရ သူ အိမ်ကနေ ထွက်သွားချိန်ကစပြီး သူမ မလာသေးတာဆိုတော့ နှစ်လကျော် သွားပြီပေါ့။ သနေ့ တားဆေးရော သူမ ပုံမှန်သောက်မိရဲ့လား။ တစ်ရက်တစ်လေများ မေ့လျော့သွားခဲ့မိသလား။ သူမ နှလုံးသားသည် ဆွဲအခါခံရသလို တဒိန်းဒိန်း လှုပ်ရှားလာသည်။

"အို . . . ဟုတ်ပါရဲ့၊ ကျွန်မ အဲဒါမလာတာ နှစ်လကျော် သွားခဲ့ပြီ ဒေါက်တာ"

"ဒါဆိုရင် Pregnancy Test Kit ကလေးနဲ့ စမ်းကြည့် လိုက်ရအောင်၊ ကိုယ်ဝန်ရှိမရှိ သိရအောင်လို့လေ"

ဘုရား . . . ဘုရား။ အဲဒါ သူမ လုံးဝ ထည့်တွက် မထားသော ပြဿနာတစ်ခုပါလား။ သူနှင့် သူမကြားမှာ အားလုံး ပြီးပြတ်သွားခဲ့ပြီလို့ ထင်ထားခဲ့တာ။ ဆရာဝန်က သူမကို ဆီးစစ် ခိုင်းသည်။ Pregnancy Test Kit ကလေးမှာ ထင်းခနဲ ပေါ်လွင်နေ တာက (+) ဆိုတဲ့ အမှတ်အသား။

"သေချာတာပေါ့ . . .၊ ညီမလေးမှာ ကိုယ်ဝန်ရှိနေတာ





LMP နဲ့ တွက်ရင် နှစ်လကျော်ပြီပေါ့"

ဟု . . . ဆရာဝန်မ,ကလေးက သူမကို စာနာ ထောက်ထားသော မျက်နှာကလေးဖြင့် ပြောသည်။ သူမ ဘာ လုပ်ရမလဲ။ အမှန်အတိုင်း ဝန်ခံရလျှင် ကလေးကို မလိုချင်ခဲ့။ ခုအချိန်မှာ ပိုပြီးတော့တောင် မလိုချင်။ ဒါဟာ တကယ့်ကို accident။ သူမ ငိုချင်ပြင်းပြသွားသည်။ သူမဆီမှာ သူ့ရင်သွေးကလေး ကျန်ရစ်ခဲ့တယ်ဆိုတာသာ သူသိရင် သူမဆီ အပြေး ပြန်လာခဲ့မှာ လား။ အားလုံးကို ခဝါချ၊ ချေဖျက်ပြီးတော့လေ။ သူမအတွက် မျှော်လင့်ချက်ရောင်ခြည်ကလေးတစ်ခုလား။ ကလေးလေးတမ် ယောက်အတွက် သူမ အရာရာကို sacrifice လုပ်လိုက်ရတော့မှာ လား။ သူမဘဝမှာ လုပ်စရာတွေ အများကြီး ရှိသေးသည်။ ဒီရင် သွေးလေးကို ပြုစုပျိုးထောင်ပေးဖို့ သူမရဲ့ အချိန်တွေ စိတ်ပိုင်း ဆိုင်ရာ ခံစားမှုတွေ အများကြီးပဲ ပေးဆပ်လိုက်ရတော့မှာလား။ သူမ ရင်မောဆို့ကြပ်လာသည်။ ငိုချင်လိုက်တာ။ ဘဝမှာ ဘယ်တုန်း ကမှ အခုအချိန်လောက် အားငယ်အထီးကျန်ခြင်း ဝေဒနာမျိုး မခံစားဖူးခဲ့ပါ။ ပထမဆုံး ပြေးပြီး သတိရမိသည်မှာ မေမေ့ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မာနတွေနှင့် ဆုံးဖြတ်ခဲ့မိလို့ အိမ်ထောင်တစ်ခု အလွယ်တကူ ပြိုပျက်အက်ကွဲသွားခဲ့သည့်အတွက် ဖေဖေရော၊ မေမေပါ စိတ်ထိခိုက်နာကျင်လို့ မဆုံးခဲ့။ သူမ၏ ခေါင်းမာ ပြတ်သားမှုကို တရားချလို့လည်း မရနိုင်ခဲ့ . . .။ ဖြစ်သွားတော့လည်း နှစ်သိမ့်အားပေးဖေးမရုံကလွဲပြီး မိဘတွေလည်း ဘာမှ မတတ်နိုင်ခဲ့ကြ။ အခုတော့ သမီးဗိုက်ထဲမှာ ရင်သွေးကလေး ရှိနေပြီတဲ့ မေမေ။ ဒါဟာ သူ ချန်ရစ်ခဲ့တဲ့ tattoo ကလေးတစ်ခုလား။ သူမ သွေးရူးသွေးတန်းဖြင့် မေမေ့အိမ်သို့ ပြန်ပြေးခဲ့မိသည်။ မေမေ့ရင်ခွင်မှာ အားပါးတရ မှီဝင်ပြီး ငိုရှိုက်ပစ်လိုက်ဦးမည်။





လူနှစ်ယောက်များ ဝေးချင်တော့လည်း တစ်မြို့တည်းနေတာတောင် မတွေ့မဆုံဖြစ်ကြပါ။ တစ်ယောက်ယောက်က တကူးတက တမင်တကာ တိုက်ဆိုင်အောင် ဖန်တီးမှပဲ တွေ့ဖြစ်မှာလေ။ သူမက သူနှင့် သူ့မေမေ ရှိနေသော သုမင်္ဂလာ အိမ်ရာဝင်းထဲရှိ မေမေ့အိမ်သို့ မပြန်ဘဲ သူနှင့်အတူ နေခဲ့သော အိမ်ကလေးမှာပဲ ဆက်နေဖြစ်သည်။ ကိုယ်ဝန်ရှိလာခြင်းသည် သူမအတွက်တော့ အလွန်ထူးဆန်းသော စိန်ခေါ်မှုတစ်ခုပင် ဖြစ်တော့သည်။ သူ့ကို အသိခံမလား၊ လုံးဝ အသိမပေးဘဲ ဒီကလေးကို မွေးမလားဆိုတာ သူမ စဉ်းစားနေသည်။ လနည်းနည်းရင့်လာလျှင် လုံးဝ လူတွေနှင့် အတွေ့မခံတော့ဘဲ တစ်နေရာရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှောင်နေပြီးမှ မွေးလိုက်ချင်သည်။ ပြင်ဦးလွင်သွားပြီး မွေးဖို့ ဆုံးဖြတ်ထားသည်။

တွေ့မယ့်တွေ့တော့လည်း အင်မတန် တိုက်ဆိုင်လွန်းသောအဖြစ်တစ်ခုနှင့် . . .။ သူမရဲ့ cousin တစ်ယောက် ဩစတေးလျကနေ မြန်မာပြည်ကို အလည်အပတ် ရောက်လာသည်။ cousin က Tom boy ကလေး။ သူ့ကိုကြည့်လိုက်လျှင် အရပ်အမြင့်ကြီးနှင့် ဆံပင်တိုတို အညိုရောင်ကလေးတွေနှင့် ယောကျ်ားချောချောကလေးတစ်ယောက်လိုပဲ နေသားတကျ ဖြစ်နေတဲ့ပုံ။ သူမနှင့်က အသက်ချင်း မတိမ်း မယိမ်းရွယ်တူတန်းတူ . . . ပြီးတော့ ငယ်ငယ်ကတည်းက ကစားဖော်တွေမို့ အလွန်ရင်းနှီးကျွမ်းဝင်လှသည်။ ဘာပဲဖြစ်ဖြစ် ကိုယ်ဝန်ကြောင့် သူမစိတ်တွေ အားငယ်လှုပ်ရှားနေချိန်မှာ သူရောက်လာသည့်အတွက်တော့ သူမ စိတ်ဓာတ် အပြောင်းအလဲ ဖြစ်သွားခဲ့တာ အမှန်ပါ။ သူက မြန်မာပြည်မှာ သုံးပတ်လောက်ထိနေဖို့ စိတ်ကူးထားသည်။ သူမကိုလည်း သိပ်ချစ်ခင်တွယ်တာသူမို့ သူမ့အိမ်မှာ အတူ လာနေပေးမည်ဟု ဆိုသည်။ သူလာနေသော သုံးပတ်အတွင်းမှာ သူမစိတ်သက်သာရာရမှာ၊ ပျော်ရွှင်ကြည်နူးရမှာ အသေအချာမို့ သူမကလည်း welcome ပေါ့ . . .။

"မလေးရာ . . . နင် ကိုယ်ဝန်ရှိနေတာ မြင်ရတော့ ငါ အရမ်းသနားတာပဲ၊ မိန်းမတစ်ယောက် ကလေးတစ်ယောက်ကို ကိုးလလောက် ကိုယ်ဝန်လွယ်ထားပြီး ဗိုက်ထဲကနေ ကလေးလေးတစ်ယောက်ကို သက်စွန့်ဆံဖျား မွေးထုတ်ရတာ တကယ့် စွန့်စားခန်းပဲနော်၊ ငါတော့ မိန်းမ မဖြစ်ချင်ဘူးဟာ၊ ကလေးလည်း မမွေးရဲဘူး . . . ကြောက်တယ်"

"အဲဒီလို မပြောနဲ့ ရွှေညီ၊ နင့်မေမေ အန်တီလေးသာ နင့်လို စိတ်ဓါတ်မျိုးရှိရင် နင်တောင် လူဖြစ်မလာဘူးနော်၊ မိခင်ဘဝဆိုတာ ရခဲဘိမျှဟဲ့ . . ."

"ဒါပေမယ့် နင်က ယောကျ်ာနဲ့ကွဲနေပြီဆို၊ သူနဲ့ကွဲပြီးမှ သူ့ကလေးကို ဘယ်လိုလုပ်ပြီး မွေးရမလဲ"

နောက်ပြီး သိပ်မကြာခင်မှာပဲ ရွှေညီလာ့ကို သူမက အကြောင်းစုံ ရင်ဖွင့်ထားခဲ့ပြီးသားမို့ သူ အားလုံး သိနေပြီ။ သူမမှာ ခုအချိန် အလိုအပ်ဆုံးဟာ ရင်ဖွင့်ဖော် တီးတိုးမျှဝေခံစားဖော်တစ်







www.burmeseclassic.com

www.burmeseclassic.com





ယောက် မဟုတ်လား။

"သူနဲ့ ကွဲတာက တစ်ကဏ္ဍလေးပဲ၊ သူ့ကလေး ရှိနေ
လိမ့်မယ်လို့ ငါမှ ကြိုမသိနိုင်ခဲ့တာ၊ ကလေးကိုတော့ ငါ
မွေးရမှာပေါ့၊ ငါ့ရင်သွေးပဲဥစ္စာ၊ ပြီးတော့ ငါ့ဘဝ တလျှောက်
လုံး သူ မပါလည်း ငါဆက်ပြီး လက်တွဲသွားရမယ့် ငါ့ရဲ့
နှစ်ကိုယ့်တစိတ် အဖော်ကလေးလည်း ဖြစ်လာမှာပေါ့၊ သား
လေးပဲဖြစ်ဖြစ်၊ သမီးလေးပဲဖြစ်ဖြစ် ငါ သူ့ကို Ideal ကလေး
ဖြစ်အောင် စိတ်တိုင်းကျ ပုံသွင်းထုဆစ်မယ် သိလား၊ အဲဒါက
ငါ့ဘဝအတွက် အရေးအကြီးဆုံး အခန်းကဏ္ဍတစ်ခု
ဖြစ်လာပြီ၊ ကလေးလေးကို မွေးတောင် မမွေးရသေးဘူး
ငါ အရမ်း ချစ်နေနှင့်မိတာ သိပ်ဆန်းတာပဲ သိလား၊ အဲဒါ
မိခင်မေတ္တာလို့ ခေါ်မလား မသိဘူး၊ သူနဲ့ ယူပြီးစ,က သူက
ကလေး အရမ်းလိုချင်တာ၊ မိသားစုဘဝကလေးပေါ့၊ သူက
အဲဒါကို လိုချင်တာ၊ ငါက ကလေးတစ်ယောက်အတွက် ငါ့
ဘဝနဲ့ ငါ့ရဲ့ အချိန်တွေကို မမြှုပ်နှံနိုင်လို့ မယူနိုင်သေး
ဘူးလို့ကို အပြတ်ငြင်းခဲ့တာ၊ သူက အဲဒါကိုလည်း ကျေနပ်ပုံ

မရဘူး . . .၊ သူက မကျေနပ်တာကို ချက်ချင်း ဖွင့်ထုတ်
ပေါက်ကွဲပစ်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး၊ မြိုသိပ်ပြီး
သိမ်းဆည်းထားတတ်တဲ့လူ၊ ပြီးတော့မှ . . . ဘာမဟုတ်တာ
ကလေးနဲ့ မယုံနိုင်လောက်အောင် တုံ့ပြန်ခဲ့တာ"

"မလေး . . . ငါ တစ်ခုတော့ ဝေဖန်ရမလား၊ နင် စိတ်မဆိုး
ဘူး ဆိုရင်ပေါ့"

"ဝေဖန်စမ်းပါ . . . စိတ်တိုင်းကျသာ ဝေဖန်၊ ငါ ဘာ
ဖြစ်နေသလဲ၊ ငါ မှားတယ်လို့ နင် ထင်သလား ရွှေညီ"

"နင် မှားတယ်၊ မှန်တယ်လို့ ငါ ဝေဖန်ချင်တာ မဟုတ်
ဘူး မလေး၊ နင် သူ့ကို အရမ်းချစ်နေတုန်းပဲလို့ ငါ ခံစား
မိလို့ . . ."

သူမ လိုက်မောနာကျင်စွာ လွမ်းမောသွားတော့
သည်။ ဖြစ်ရလေ . . .။ ဘယ်တုန်းကများ သူ့ကို မုန်းခဲ့မိသေး
လို့လဲ။ ခုချိန်ထိ ချစ်နေဆဲ . . .။ သူပြန်အလာကို မျှော်လင့်
တမ်းတနေဆဲပဲဟာ။

"ဟုတ်တယ်လေ . . . ငါ သူ့ကို အရမ်းချစ်တယ်၊ သူက





www.burmeseclassic.com

www.burmeseclassic.com



ငါ့ထက် သူ့အမေကို ပိုတွယ်တာတယ်၊ ပိုချစ်တယ်၊ ပို အလေးထားတယ်၊ ငါ့ဆီကနေ သူထွက်သွားတဲ့နေ့က စပြီး တစ်နေ့ သူ ပြန်အလာကို ငါ မမျှော်လင့်မိတဲ့နေ့ရယ်လို့ မရှိခဲ့သေးဘူး မွေးညီ၊ ညတိုင်း ငါ သူ့ကို မျှော်မိတယ်"

"ဒါနဲ့များ မလေးရယ် ... နင် ဘာလို့ သူ့ကို အကွဲခံ ခဲ့သလဲ၊ သူ့ကို ချစ်တယ်ဆိုတာ နင် စိတ်ချမ်းသာဖို့ မဟုတ်ဘူးလား၊ ဘာဖြစ်လို့ မထားသင့်တဲ့ မာနတွေထား ပြီး ကိုယ့်ကိုယ်ကို စိတ်ဆင်းရဲအောင် နှိပ်စက်နေမလဲ"

"ထားလိုက်ပါတော့ ...၊ မထားသင့်တဲ့ မာနလို့ပဲ၊ ဒါပေမယ့် သူပြန်လာတာကိုပဲ ငါလိုချင်တယ်၊ ငါ သူ့ဆီ မသွားနိုင်ဘူး၊ သူတောင်းဆိုသလို သူ့အမေကို ငါ ရှိခိုးပြီး မတောင်းပန်နိုင်ဘူး"

"မလေးရယ် ... နင်တော့ တော်တော် သနားဖို့ ကောင်းနေပြီနော်၊ လူတစ်ယောက် စိတ်ချမ်းသာတယ်၊ စိတ်မချမ်းသာဘူးဆိုတာ တခြားသူနဲ့ မဆိုင်ဘူး၊ ကိုယ် ကိုယ်တိုင်ကပဲ လုပ်နိုင်တာ၊ ကိုယ့်စိတ်ကပဲ ဖန်တီးတာ၊ နင် စိတ်ချမ်းသာအောင် နင်ကိုယ်တိုင်ပဲ ဖန်တီးနိုင်တာပါ၊ တခြားသူက လုပ်မပေးနိုင်ဘူး၊ နင်ချစ်တဲ့သူတစ်ယောက် နင့်ကိုလည်းချစ်တဲ့သူတစ်ယောက်က နင်နဲ့အတူ ဘဝ တလျှောက်လုံး ပျော်ရွှင်စရာတွေ၊ နာကျင်စရာတွေ၊ အောင်မြင်မှုတွေ၊ အခက်အခဲတွေကို တစ်သက်လုံး မျှဝေခံစားပေးဖို့အတွက် နင့်ဘက်က ဘာမှ အရင်းအနှီးကြီးကြီး စိုက်ထုတ်ပေးဆပ်ရတာ မဟုတ်ပါဘူး၊ ဒီလောက်အဖိုးတန်တဲ့ 'ချစ်သူ' ဆိုတဲ့ လူတစ်ယောက်ကို နင် အလွယ်တကူ ရခဲ့ရက်သားနဲ့ ဘာဖြစ်လို့ ဆုံးရှုံးပစ်လိုက်ရတာလဲ၊ နင် စဉ်းစားကြည့်လေ၊ နင်ပြောခဲ့တဲ့ စကား ... နင် သူ့ကို မိန်းမတစ်ယောက်နဲ့ ခွဲဝေမျှပြီး ချစ်နေရတယ်၊ အဲဒီမိန်းမ ဟာ သူ့အမေဖြစ်နေတယ်ဆိုတဲ့ စကားဟာ အဓိပ္ပာယ်တွေ အများကြီး ထွက်တယ်လေ၊ သူက ဒါကို နာသွားတာ၊ သူရော သူ့အမေပါ စော်ကားခံရတယ်လို့ ယူဆသွားတာ၊ အဲဒီစကား အတွက် နင် သူ့အမေကို ဘာဖြစ်လို့ မတောင်းပန်နိုင်ရတာ လဲ ... မလေး၊ ငါ စဉ်းစားလို့ကို မရဘူး"







www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အမှန်တရားလေ၊ တခြား ငါ ဘာကိုမှ ရှည်ရှည်ဝေးဝေး ပြောခဲ့တာလည်း မဟုတ်ဘူး၊ ငါ့ရင်ထဲရှိတဲ့အတိုင်း ငါ ခံစားရတဲ့အတိုင်းပဲ ပြောခဲ့တာ၊ စော်ကားတယ်လို့ သူ ထင်ရင်လည်း ငါ မတတ်နိုင်ဘူး၊ ငါကတော့ ငါ မမှားဘဲ မတောင်းပန်နိုင်ဘူး"

"ဪ . . . မလေးရယ်၊ ခက်လိုက်တာ . . . တော်ပြီ ငါ ဘာမှ ဆက်မပြောတော့ဘူး၊ နင့်အစား ငါ ရင် မောလွန်းလို့"

"ဒီခြိသော့ရော အိမ်တံခါးသော့ရော သူ့လက်ထဲမှာ ရှိနေတာပဲ ရွှေညီ၊ အချိန်မရွေး သူ ပြန်လာလို့ ရသားပဲ၊ ဘာဖြစ်လို့ ငါ့အလာကို သူ စောင့်နေရသလဲ၊ အို တော်ပါပြီ . . . ငါလည်း ဆက်မပြောချင်တော့ပါဘူး၊ တွေးမိတိုင်း ရင်နာလွန်းလို့ပါ၊ အထူးသဖြင့် ခုလို အချိန်မျိုးမှာ ငါ သူ့ကို ဘယ်လောက် လိုအပ်တမ်းတနေမှန်း သူ မခံစားမိဘူးလား၊ ချစ်သူတွေဆိုတာ တကယ် သိပ်ချစ်နေရင် တစ်ယောက်နဲ့ တစ်ယောက် စိတ်ချင်းဆက်သွယ်လို့ ရပါတယ်၊ သူ့အတွက်





သူ့အမေကသာ အစစအရာရာ အရေးကြီးနေတာကို ငါ ရင်နာတာ . . . မခံစားနိုင်တာ"

ရွှေညီလာက သူမနှင့်အတူ တစ်ခုတင်တည်းမှာ ပဲ လာအိပ်ပေးသည်။ တစ်ညလုံး အေးအေးဆေးဆေး စကား ပြောနိုင်သည်။ စကားပြောနေကြပုံကိုလည်းကြည့် . . .။ ရွှေညီ့ လက်မောင်းတစ်ဘက်ပေါ်မှာ သူမက ခေါင်းတင်ပြီး သူ့ရင်ခွင်ထဲ မှာ အိပ်နေခဲ့တာ။ ရွှေညီက သူမ ဆံပင်ကလေးတွေကို ဆော့ကစား လို့။ စကားကောင်းနေချိန်မို့ ခြံဝမှ ကားသံကိုလည်း မကြားလိုက်။ အိမ်ရှေ့တံခါးဖွင့်သံကိုလည်း မကြားမိ။ ခပ်ဖွဖွ တက်လာသော ခြေသံကို ပိုလို့တောင် မကြားမိသေးပါ။ ညအိပ်မီး အလင်းရောင် ပြာလဲ့လဲ့ကလေးအောက်မှာ သူမနှင့်ရွှေညီက အေးအေးဆေးဆေး။ သက်တောင့်သက်သာ။ အချိန်ကလည်း ညတစ်နာရီတောင် ကျော်နေခဲ့ပြီလေ။ အခန်းတံခါး ဖျတ်ခနဲပွင့်လာပြီး အခန်းဝမှာ လူတစ်ယောက် လာရပ်တာကို ချက်ချင်း မမြင်မိ။

"တောက် . . . မင်း မင်းက ဖြစ်ချင်တိုင်း ဖြစ်နေတာ ကိုး၊ မင်းကွာ . . . လုပ်ရက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအသံကို ပီပီသသ ကြားရတော့မှ သူမရော ရွှေညီပါ ဝုန်းခနဲ ခုန်ထ,လိုက်မိကြသည်။ သူက မုန်တိုင်းတစ်စင်းလိုပင် ဝုန်းခနဲ ခုန်ထွက်သွားခဲ့ပြီ . . .။ သူမကတော့ အသက်ရှူဖို့တောင် မေ့လျော့နေလောက်အောင်ပင် အံ့အားတွေသင့်၊ ဆို့နင့်မင်သက်လို့ . . .။ သူ တကယ် ရောက်လာခဲ့ပါလား။ အိပ်မက်ထဲ ယောင်ယမ်းပြီးတော့ပဲ ရောက်လာခဲ့သလား။ သူမ တမ်းတလွမ်းလို့ပဲ သူ့အညှို့ခံရသလို ရောက်လာခဲ့တာလား သူမ မသိ။ ရောက်မယ့်ရောက်တော့လည်း ဘယ်လိုမှ မျှော်လင့်မထားခဲ့သော ပုံစံမျိုးနှင့်ပါလား။

"ဟာ . . . သောက်ကျိုးနည်း . . . မြွေတော့ကိုက်ပြီ မလေး၊ သူ အထင်လွဲသွားပြီ၊ ငါ လိုက်ရှင်းပြမှဖြစ်မယ် ထင်တယ်"

"နေပစေ . . . မရှင်းပါနဲ့တော့ ရွှေညီ၊ သူ ထင်ချင်သလို ထင်လိုက်စမ်းပါစေ၊ နင် လုံးဝ သွားမရှင်းနဲ့၊ နင် သွားရှင်းလို့လည်း ငါတို့ပြဿနာက ပြေလည်သွားမှာ မဟုတ်ဘူး၊ သူ ပြန်လာချင်လို့ ပြန်လာခဲ့တာ မဟုတ်ပါဘူး၊ အိပ်မက်ထဲ





ယောင်ပြီး လမ်းထလျှောက်တတ်တဲ့ အကျင့် သူ့မှာရှိတယ်၊ အဲဒါကြောင့် ရောက်လာတာ၊ သူ့ဘာသာသူ အိပ်မက်လိုလိုလည်း ထင်ချင် ထင်နေလိမ့်မယ်၊ သွားရှင်းမနေနဲ့တော့"


ပြောမယ့်သာ ပြောနေရသည်။ သူမရင်ထဲမှာ တလှပ်လှပ်နှင့် ခုချိန်ထိ နွေးနေတုန်းပါ။ သူ့ကိုလည်း ရှင်းပြချင်စိတ်တကယ်မရှိ။ ကလေးလေးကို သူ မသိအောင် မွေးဖို့တောင် ဆုံးဖြတ်ထားခဲ့ပြီးမှတော့ ဒီကလေးလေးဟာ သူ့ကလေးလေးပါဆိုတာကို သူ ယုံဖို့လည်း မလိုတော့။ ရွှေညီက စိတ်မကောင်းဖြစ်၍မဆုံး။ တဖျစ်တောက်တောက်နှင့် ပြော၍မဆုံး။ သူ့ဆီ သွားရှင်းပါ့မည် တကဲကဲ . . .။ သူမက အတန်တန် တားထားခဲ့ရသည်။ အဲဒီတစ်ကြိမ်ပဲ သူနှင့်ဆုံပြီးနောက် ထပ်ပြန်မလာရှာတော့။ သူမ မျှော်လင့်ချက်ကလေးတွေပင် ပျောက်ကွယ်လုလု။ ရွှေညီ အတူနေပေးခဲ့သော သုံးပတ်တာအချိန်သည် သူမအတွက်တော့ ပျော်စရာအကောင်းဆုံးအချိန်ပဲ ဖြစ်သည်။ ဘယ်တော့မှ မေ့တော့မည် မထင်။

✝



www.burmeseclassic.com

www.burmeseclassic.com



# အခန်း

# ၇

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခေတ်ရယ် —

မောင့်အိမ်ကို မောင်

ပြန်လာတာပါ။

မောင့်ဇနီးနဲ့

မောင့်သားလေးဆီကို မောင် သတိတရနဲ့

ပြန်လာခဲ့တာပါ —။

မောင် ဒီလိုနေချင်ခဲ့တာ ကြာလှပြီပေါ့

ချစ်ခေတ်ရယ် —

မိသားစုဘဝကလေးလေ —။

ရာဇဝင်



မောင် —

တစ်ယောက်ယောက်က ရှေ့တိုးလာမှ

ကျွန်မတို့

နီးရမယ်ဆိုရင် အဲဒီခြေတစ်လှမ်းကို

မောင် တိုးလာလိုက်ပါ။

ကျန်တဲ့ခြေလှမ်းတွေအတွက်

ကျွန်မ တာဝန်ယူပါတယ်။

တစ်ခေတ်ဆန်း



www.burmeseclassic.com

www.burmeseclassic.com

နှလုံး သားထဲမှာ ရာဇဝင်ဆိုတဲ့

တက်တူးကလေး

ထိုးထွင်းထားခဲ့ပြီးသား၊

ဘယ်တော့မှ ဖျောက်ဖျက်လို့

ရတော့မှာ မဟုတ်ဘူး၊

အဲဒါ တစ်သက်စာပဲ ...





# အခန်း (၇)

တစ်လပြီးတစ်လ အချိန်တွေ ဘယ်လိုကုန်သွားမှန်းပင် မသိလိုက်။ ခြောက်လဆိုသော ကိုယ်ဝန်ကို ဖုံးကွယ်မထားနိုင်တော့။ ဒါတောင် သူမက အရပ်ရှည်တာရယ်၊ ပထမဆုံး အပျိုကိုယ်ဝန် ဖြစ်တာရယ် ကြောင့် ဗိုက်က သိပ်မထွက်ချင်။ အကျီပွပွ ဝတ်ထားလျှင် သိပ် မသိသာချင်။ အနီးကပ်မြင်တွေ့ရသူလောက်သာ သိနိုင်သည်။ တချို့ကတော့ သူမ ဝလာတယ်ပဲ ထင်နေကြသေးသည်။ ခြောက်လ အချိန်ကစပြီး သူမက ကြိုတင်ပြင်ဆင်မှုတွေအားလုံး လုပ်ပြီးသား။ လုပ်ငန်းတွေ အားလုံးအတွက် စိတ်အချရဆုံး၊ မျက်နှာလွှဲ၍ အရဆုံးသော လူယုံတော်လည်း လူယုံတော်၊ မန်နေဂျာလည်းဖြစ် သော ကိုထက်မြက်ထင်နှင့် လွှဲပေးထားခဲ့သည်။ သူမကတော့



တိုးခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ် အပါအဝင် တခြားအဖော် မိန်းကလေးနှစ်ယောက် ခေါ်ပြီး ပြင်ဦးလွင်သို့ တက်ခဲ့ပြီး မေမေက မီးဖွားခါနီးမှ တက်လာလိမ့်မည်။ ပြင်ဦးလွင်မှာ မေမေ့သူငယ်ချင်း OG လည်း ရှိသည်။ သူနှင့်ပဲ ဆက်ပြုပြီး သူနှင့်မွေးဖို့ တိုင်ပင်ထားပြီးသား။ သစ်ပင်ပန်းမာန်တွေနှင့် ခြံလှလှကလေးပါသော အိမ်ကလေးတစ်လုံး ငှားထားလိုက်သည်။ အေးအေးဆေးဆေး အနားယူရုံ သက်သက်ပင်။ သားလေးလား ... သမီးလေးလားဆိုတာကို တမင်သက်သက် အသိမခံဘဲ မွေးမှပင် အံ့ဩပျော်ရွှင်ချင်သည်။ သားလေးပဲဖြစ်ဖြစ်၊ သမီးလေးပဲဖြစ်ဖြစ် သူမ ပေးမည့်နာမည်က တစ်ခုတည်းပဲ ဖြစ်သည်။ 'ရာဇဝင်' ပဲ ဖြစ်သည်။

ပြင်ဦးလွင်ကိုရောက်တော့ သူမ သူ့ကို ပိုတမ်းတမိလာခဲ့သည်။ ဘာကြောင့်များ သူမတို့ ဝေးနေကြရသလဲ။ ပြန်နီးကြားဖို့အတွက် သူမမှာပဲ တာဝန်ရှိတယ်လို့ သူ ဘာဖြစ်လို့ တယူသန်ဆန်ဆန် ဆုံးဖြတ်ထားရတာလဲ။ သူမ ဘာတွေများ မှားခဲ့သလဲ။ အို ... တွေးမနေချင်တော့ပါဘူး။ ဖြစ်သမျှကို အကောင်းဆုံး ရင်ဆိုင်မယ်။ ဘဝမှာ မကြုံဖူးသေးတဲ့ အတွေ့အကြုံ





အသစ်အဆန်းတစ်ခုဟာလည်း သူမအတွက် လှပတဲ့ စိန်ခေါ်မှုတစ်ခု၊ မျှော်လင့်ချက်တစ်ခုပဲ။ ပြင်ဦးလွင်သည် သူမကို လှပမွေးပျံ့စွာ ကြိုဆိုပွေ့ဖက်ခဲ့ပါသည်။

ဦးနှောက်ထဲမှာ၊ အတွေးထဲမှာ တစ်နေ့တစ်နေ့ ဘာလုပ်ရမယ်ဆိုတာတွေပဲ စံနစ်တကျ၊ စီစဉ်တကျ ထည့်သိထားတတ်ခဲ့သူမို့ ဘာအလုပ်မှ လုပ်စရာမလိုဘဲ တစ်နေ့လုံး အေးအေးဆေးဆေး အနားယူလိုက်၊ လမ်းကလေးလျှောက်လိုက်၊ စာအုပ်ကလေးဖတ်လိုက်၊ အင်တာနက်ကလေး လုပ်လိုက်ဖြင့် အချိန်တွေ ကုန်လွန်စေသောအခါ ပျင်းဖို့တောင် ကောင်းလာသည်။ မရောက်ဖူးသေးသော နေရာတွေဆီ လျှောက်သွားရတာက စိတ်ဝင်စားစရာဖြစ်သည်။ Botanical Garden၊ ပိတ်ချင်းမျှောင်လှိုဏ်ဂူ၊ မဟာအံ့ထူးကံသာဘုရား စသဖြင့် ...။ တကယ်ဆိုရင် ခုလိုအချိန်ဟာ သူနှင့်သူမ နှစ်ယောက်သား ငြိမ်းငြိမ်းချမ်းချမ်း ကြည်နူးချမ်းမြေ့စွာ ဖြတ်သန်းရမယ့်အချိန်တွေဖြစ်ရမှာ မဟုတ်ဘူးလား။ ကလေးလေးကို စိတ်ကူးဖြင့် မြင်ယောင်မှန်းဆကြည့်မိသည်။ သိပ် ချစ်စရာကောင်းတဲ့ ကလေးတော့ ဖြစ်မှာပါ။ အကယ်၍



www.burmeseclassic.com

www.burmeseclassic.com



သားကလေးသာဖြစ်ခဲ့လျှင် သူ့ကို သူ့မေမေ ချုပ်ကိုင်လွှမ်းမိုးထားသလိုမျိုး သူမ ဘယ်တော့မှ ထိန်းချုပ်မထား။ အဲဒါဟာ အတ္တကြီးလွန်းရာ၊ တကိုယ်ကောင်းဆန်လွန်းရာ ကျပါတယ်။ သားကို လွတ်မြောက်ရှင်သန်စေမယ်။ မိခင်ကို တွယ်တာနှောင်ဖွဲ့ အရိပ်ကြည့်လွန်းသော၊ အလိုက်သိလွန်းသော မေမေ့သား အလိမ္မာတုံးကလေးဖြစ်နေအောင် ပုံသွင်းမထားချင်ပါ။ တစ်ချိန်မှာ ချွေးမဖြစ်လာမည့် မိန်းကလေးကို သူမ ကိုယ်ချင်းစာပေးရမည်။

ခုတလော ဘာပဲတွေးတွေး အတွေးတွေက သူ့ဆီမှာချည်း အဆုံးသတ်သွားရသည်ချည်း။ သူ့ကို ဘယ်လောက်စွဲလမ်းတွယ်တာနေမိမှန်း ဝေးနေရတာကြာလေလေ သူမ ပိုခံစားမိလေလေ။ ဘယ်အချိန်က သူ့ကို ချစ်မိနေခဲ့မှန်း သူမပင် မမှတ်မိတော့ချေ။





'သားလေး' ဟု ... သိခွင့်ရလိုက်ချိန်မှာ ရရှိလိုက်သော ပီတိအဟုန်သည် အလွန် အရှိန်အဟုန်ပြင်းသော လှိုင်းလုံးတစ်လုံးလိုပင် သူမရင်ကို ခပ်ပြင်းပြင်း ရိုက်ခတ်ပစ်လိုက်သည်။ သားကို 'ရာဇဝင်' ဟုပဲ သူမ ခေါ်မည်။ 'ရာဇဝင်' ဟု တိုးတိုးကလေး ခေါ်ကြည့်ရုံနှင့်တင် သူမတစ်ကိုယ်လုံး နွေးမြသွားလေသည်။

"ကြည့်စမ်း ... သမီးရယ်၊ ကလေးလေးက သူ့အဖေနဲ့ တစ်ရုပ်တည်းပဲ၊ သူတွေ့တာနဲ့ အဲဒါ သူ့သားမှန်း ချက်ချင်း တန်းသိမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com





ဟု . . . မေမေက မြေးကို ပွေ့ချီထားရင်း မှတ်ချက်ချသည်။ ကြည့်ကြသေးတာပေါ့ မေမေ . . .။ သူတို့ သားအဖဟာ တစ်ချိန်ချိန်မှာ တစ်နေရာရာမှာတော့ ပြန်ဆုံကြဦးမှာပေါ့။ အဲဒီအခါကျရင် သူ တကယ်ပဲ သူ့သားကို မှတ်မိမှာလား။ သူ့အံ့ဩမှာတော့ အသေအချာပါ။ သားကလေးသည် သူမနှင့် သူ့ကို ပြန်လည်ဆက်သွယ်ပေးမည့် တံတားလေးတစ်ခုလား။ ဒါမှမဟုတ် သူ့မေမေကို သူမ အနိုင်ယူခွင့်ရမည့် လက်နက်ကလေးတစ်ခုလား။ ဟင့်အင်း . . .။ သားကလေးက မေမေ့ရဲ့ သားကလေးပါပဲ။ ဘာအတွက်နဲ့မှ သားကို မေမေ အသုံးမချပါဘူးကွယ်။ သားဟာ မေမေ ချစ်မြတ်နိုးတန်ဖိုးထားဖို့ သက်သက်သာ မွေးဖွားလာတာပါ။ သားကို မေမေပဲ ပိုင်ရမယ်။ ဘယ်သူမှ မပိုင်ရဘူး သိလား။

သား၏မျက်နှာကလေးကို တစိမ့်စိမ့် ငေးကြည့်လို့ မဝနိုင်ချေ။ တစ်နေ့လုံးထိုင်ကြည့်နေရမယ်ဆိုရင်လည်း ကြည့်နေနိုင်သည်။ သားအပေါ် တွယ်တာနှောင်ဖွဲ့မှုက ဘာနှင့်မှ မတူ။ သားကလေး . . . မေမေ့သားကလေးဟု အရိပ်တကြည့်ကြည့်။ သားလောက် ဘယ်အရာကမှ အရေးမကြီးတော့။ တစ်သက်လုံး



စိတ်ဝင်စားခဲ့သော အလုပ်ကိစ္စတွေပင် စိတ်မဝင်စားနိုင်အားတော့။ တစ်နေ့တစ်နေ့ အချိန်တွေ ဘယ်လိုကုန်ဆုံးသွားမှန်း မသိ။ သားနှင့်သာ တစ်နေကုန်သည်။ သားကို ရေချိုးပေးတာ၊ အဝတ်လဲပေးတာ၊ နို့ချိုတိုက်ကျွေးတာ . . . အဲဒါ တွေကို အချိန်ဇယားနှင့် စနစ်တကျ။ သားအတွက် အခန်းကလေးထဲမှာ ဖြည့်စရာလိုအပ်သမျှ အကုန် စိတ်တိုင်းကျ ရှာဖွေဝယ်ပြီး ဖြည့်သည်။ သားတစ်လပြည့်တော့ ပြင်ဦးလွင်ကနေ ရန်ကုန်သို့ ပြန်ဆင်းခဲ့သည်။ သားအတွက် သီးသန့်အခန်းကလေးတစ်ခန်း စပယ်ရှယ် အလှဆင်ပေးထားသည်။

သားကိုသိပ်ချစ်တာပဲဟု ရွှေညီဆီက ဖုန်းလာတော့ လှိုက်လှိုက်လှဲလှဲ ပြောမိတော့ ရွှေညီက တဟင်းဟင်း ရယ်နေကာ . . .

"ရှင်သာ ခွေးမ,ရရင် ရှင့်ယောက္ခမထက် ပိုဆိုးမယ့် သဘောမှာရှိတယ်နော် အမိ၊ ကိုယ့်သားမှ သား တသသ ဖြစ်နေတာ၊ အခုကျတော့ သူ့သားကို သူ ဘယ်လောက် ချစ်မယ်ဆိုတာ ရှင် မှန်းဆကြည့်လို့ရပြီပေါ့၊ ကျေးဇူးပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ရဲ့မာနတွေကို တဆိတ် လျှော့လိုက်ပါတော့ မလေးရယ်၊ သူ့သားကို သူ သိပ်ချစ်မှာပဲ၊ ရှင်တို့မိသားစုကလေး ပြန်ဆုံသင့်ပြီ”

ဟု . . . အလေးအနက်ပြောလာလျှင် သူမ ရင်ထဲ တင်းကျပ်လာခဲ့သည်။ ပြဿနာဟာ ဘာလဲ . . . ဟု အခုနေ ပြန်စဉ်းစားကြည့်လိုက်တော့လည်း ဘာမှ မဟုတ်ခဲ့သလိုပင်။ အဓိက,ကတော့ မာနနှင့် ပိုင်စိုးလိုမှုသက်သက်ပါပဲ။ သူ့မေမေကို တောင်းပန်ရလောက်အောင်တော့ သူမ မမှားခဲ့ဟု ခုချိန်ထိ တယူသန်ဆန်ဆဲ။ သို့သော် . . . ခုချိန်ထိ သူ့ကိုတော့ လွမ်းဆဲ၊ တမ်းတဆဲ၊ ချစ်နေဆဲ . . .။

***မောင် . . . တစ်ယောက်ယောက်က ရွှေ့တိုးလာမှ ကျွန်မတို့ နီးရမယ်ဆိုရင် အဲဒီခြေတစ်လှမ်းကို မောင် တိုးလာလိုက်ပါ၊ ကျန်တဲ့ခြေလှမ်းတွေအတွက် ကျွန်မ တာဝန်ယူပါတယ်။***

✝





အချိန်တွေကလည်း တစ်ရက်ပြီးတစ်ရက် တစ်ပတ်ပြီးတစ်ပတ် . . . တစ်လပြီးတစ်လ ကုန်လွန်သွားလိုက်တာ လိုက်၍တောင်မမီချင်။ သားသား ရာဇဝင်လေး နှစ်နှစ်တင်းတင်း ပြည့်ခဲ့ပြီ . . .။ သူမ၏ အလုပ်တွေက တစ်ဖက်၊ သားရဲ့ တာဝန်ဝေယျာဝစ္စတွေက တစ်ဖက်နှင့် သူမဘဝက အချိန်ပိုရယ်လို့ မရှိ။ သားမှာ အမေမှ အမေ တန်းတန်းစွဲဖြစ်နေတာကို သူမ သဘောကျသည်။ သူမ အလုပ်သွားခါနီးတိုင်း တံခါးဝထိလိုက်ပြီး နှုတ်ဆက်တတ်အောင်၊ ညအိပ်ရာဝင်ခါနီးတိုင်း အမေကို ရှိခိုးကန်တော့ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



အိပ်တတ်အောင်၊ အမေဟာ သားရဲ့ ကမ္ဘာတစ်ခု၊ ကိုးကွယ်ရာ တစ်ခုဖြစ်အောင် သူမ ပုံသွင်းပေးထားခဲ့သည်။

သား နှစ်နှစ်ပြည့်သောနေ့ကတော့ သားကို ဘုရားသို့ ခေါ်သွားခဲ့သည်။ သားက အငြိမ်မနေ တတောက်တောက် လျှောက်ပြေးနေသော အရွယ်ရောက်ပြီမို့ သား၏ လက်ကလေးကို တင်းတင်းဆုပ်တွဲထားရသည် . . .။

ဗုဒ္ဓဟူးဂြိုဟ်သက်ရှေ့မှာ သားအမိနှစ်ယောက် ထိုင်ပြီး ဘုရားဝတ်ပြုနေဆဲ သားက လှစ်ခနဲ ထသွားကာ အရှေ့မှာ ထိုင်နေသော အမျိုးသမီးကြီး၏ ပခုံးပေါ်က ပုဝါကို သွားဆွဲနေသည်။

"သား သား . . . ရာဇဝင်၊ ဒီကို ပြန်လာစမ်း၊ အဲဒီလို သွားမဆွဲရဘူးလေ"

သူမက ဘုရားရှိခိုးနေတာ မပြီးပြတ်သေးသည်မို့ လက်အုပ်ချီရက်သားကလေး . . .။ သူမ အသံကြောင့် အမျိုးသမီးကြီးက တအံ့တဩဟန်ဖြင့် လှည့်ကြည့်လာသည်။ သားက ဘာကို သဘောကျမှန်းမသိ။ တခစ်ခစ်ရယ်မောလို့။ အမျိုးသမီးကြီးရဲ့ မျက်နှာကိုမြင်ရချိန်မှာ သူမ အသက်ရှူဖို့ ခဏ မေ့သွားသည်။ အန်တီ . . .။ အန်တီကလည်း သူမကို မင်သက်အံ့ဩနေဟန်ဖြင့် ပြန်ငေးကြည့်လို့၊ မျက်ဝန်းတွေက တဖျပ်ဖျပ် တောက်လာသည်။ သူမ လက်အုပ်ချီရက်သား အနေအထားကို မဖြည်ရသေး။

"သမီးရယ် . . . မတွေ့ရတာ ကြာပြီနော်"

"အန်တီ တစ်ယောက်တည်းလာဟင် . . ."

သူမ ရင်တွေ တထိတ်ထိတ်ခုန်လာသည် . . .။

"ဟိုမှာ သားပါတယ်လေ . . . ဘုရား ရေသပ္ပါယ်နေတယ်"

အဲဒီတော့မှ သူ့ဆီ သူမ အလောတကြီး လှမ်းကြည့်လိုက်မိသည် . . .။ နေနိုင်ရက်လွန်းတဲ့သူ၊ ရက်စက်လွန်းတဲ့သူ။ သူကတော့ သူမတို့ကို မမြင်။ ဘုရားကို စိတ်အေးလက်အေး ရေသပ္ပါယ်ပူဇော်လို့။ အဖြူရောင်တောက်ပနေသော ရှပ်အင်္ကျီ လက်ရှည်နှင့် ချည်ပုဆိုးကွက်စိပ်ဝတ်ထားသော သူ့ပုံစံသည် ဟိုးအရင်ကအတိုင်း ဘာမှ မပြောင်းလဲ။ သူမရင်ထဲ လူးလွန့်နာကျင်သွားသည်။







www.burmeseclassic.com

www.burmeseclassic.com



"ဒါ သားလေးလားဟင် သမီး . . . သမီး ခုန ခေါ် လိုက်သံ အန်တီ ကြားလိုက်တယ်၊ ရာဇဝင်လို့ ခေါ် လိုက်သလားလို့ အို . . . ကြည့်စမ်းပါဦး၊ ခုမှပဲ အန်တီ သေချာကြည့်မိတော့ တယ်၊ သားလေးက သားနဲ့ တစ်ရုပ်တည်းပါပဲလား၊ ဒါ ဒါ သားရဲ့ သားလေးလားဟင် သမီး၊ အို . . . အန်တီ့မှာ ပြောစရာစကားတွေ အများကြီးပဲရှိတယ်၊ သားကို ခဏလေး စောင့်ပေးပါလား သမီးရယ်၊ သားကို သမီးနဲ့သားလေးကို မြင်ရင် သူ ဘယ်လို တုံ့ပြန်မလဲဆိုတာ သိချင်လို့ပါ"

"ရှင် အန်တီ . . . သူ ဘာဖြစ်လို့လဲ"

"လွန်ခဲ့တဲ့ သုံးနှစ်လောက်က သား ညဘက် ကားမောင်း ထွက်သွားတာ အန်တီ မသိလိုက်ဘူး သမီး၊ သူ့ ထုံးစံအတိုင်း Sleep Walking ဖြစ်ပြီး ထွက်သွားတာ၊ လမ်းမှာ သူ ကား accident ဖြစ်တယ်၊ ဆေးရုံမှာ သတိလစ်နေတာကို အကြာ ကြီးပဲ . . . သတိပြန်ရလာတော့ Amnesia ရနေတယ်၊ သူ ဘာကိုမှ မမှတ်မိဘူး၊ အန်တီ့ကိုတောင် သူ ချက်ချင်း မမှတ်မိဘူး၊ သူ မှတ်မိလာအောင် အန်တီ အတော်ကြိုးစား





ယူရတယ်၊ သူ့ ဘဝမှာ အရေးကြီးတဲ့လူတွေ၊ သူ ချစ်တဲ့ခင်တဲ့ လူတွေကိုတောင် သူ မမှတ်မိတော့ဘူး၊ အချိန်ယူပြီး ကြိုးစား ယူရမယ်လို့ ဆရာဝန်ကပြောတယ် သမီး"

"အို . . . အဲဒါတွေ ကျွန်မကို ဘာလို့ အသိမပေးခဲ့ရတာလဲ အန်တီရယ်၊ ဖြစ်မှ ဖြစ်ရလေ . . . ကျွန်မ ဘာမှ သိခွင့် မရပါလား"

သူမ ရင်တစ်ခုလုံး ဟင်းလင်းပွင့်ထွက်သွားသလို နာကျင်သွားသည်။

"သမီးတို့ ကွာရှင်းခဲ့ကြပြီမှလား . . . အန်တီပြောတော့ ရော သမီးဘက်က ဘယ်လို အခြေအနေတွေ ပြောင်းလဲ နေပြီလဲဆိုတာ အန်တီမှ မသိခဲ့ဘဲကွယ်"

အန်တီ့အသံထဲမှာ နာကျင်သံတွေ စွက်နေတာကို သူမ ခံစားမိပါသည်။ ဘာကြောင့်များ သူ ဒီလောက် ပျောက်ဆုံး တိတ်ဆိတ်နေခဲ့သလဲဆိုတာ အခုမှပဲ သူမ သိခွင့်ရတော့သည်။ သိလိုက်ရတော့လည်း တကယ်ကို ရှော့(ခ်). . .။ သူ့ကိုသာ နာကျင်ဆို့နစ်ခြင်းများစွာဖြင့် သူမ မျက်တောင်မခတ် စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိလျက်ရှိသည်။ ဟော ... သူ ပြီးသွားပြီ။ ဘုရားဦးချပြီး သူ ပြန်လျှောက်လာချိန်မှာ သားကို ခပ်တင်းတင်း ပွေ့ထားရင်းမှ သူမ စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေမိသည် ...။ သူက သူ့မေမေကို လက်ကမ်းပေးသည်။

"ပြီးပါပြီ မေမေ ... သွားစို့"

ဟု ... ခပ်တိုးတိုး လှမ်းပြောသည်။ သူ့မျက်ဝန်းတွေက သူမတို့သားအမိဆီ မတော်တဆကလေးပင် ရောက်မလာခဲ့ပါ။

"သားရေ ... ဒီမှာကြည့်စမ်း၊ ဘယ်သူတွေလဲလို့၊ သူ့ကို မှတ်မိလားဟင်"

အန်တီက သူ့လက်ကလေးကို ကိုင်ထားရင်း သူမဆီ လက်ညှိုးထိုးကာပြောလျှင် သူက သူမကို ဖျတ်ခနဲ ကြည့်သည်။ အကြည့်က လုံးဝ ဗလာ။ သားကလေးကို တစ်ချက်လှမ်းကြည့်လိုက်ပြန်မှာလည်း တကယ့်ကို သမန်ကာလျှံကာ။

"ဆောရီး မေမေ ... ကျွန်တော် မမှတ်မိဘူး၊ ဘယ်သူများလဲဟင်"





ဟူသော မေးခွန်းသံက ဓားချွန်ချွန်မြမြတစ်စင်းလို သူမ ရင်ထဲ ထိုးစိုက်မွှေချလိုက်သလိုပင် ...။

"သားရဲ့ ex-wife လေ သား၊ တစ်ခေတ်ဆန်းလေ၊ သား ကြားဖူးလား"

သူ့မျက်နှာဆီမှာ အားတုံ့အားနာဟန် အရိပ်တချို့ လွှမ်းသွားသည်။

"သြော် တစ်ခေတ်ဆန်း ... ကျွန်တော် တကယ် မမှတ်မိဘူး၊ ဆောရီးပဲဗျာ ... တောင်းပန်ပါတယ်နော်၊ ဒါ သားလေးလား"

သားကိုကြည့်သော သူ့မျက်ဝန်းတွေဆီမှာ ဘာမှ ထူးခြားသက်ဝင်တောက်ပမှု မရှိတာကို သူမ ဆတ်ဆတ်ခါအောင် နာကျင်သွားမိသည် ...။ ဘဝရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို သူမ ဘာကြောင့်များ မာနသက်သက်ဖြင့် ဖြုန်းတီးပစ်ခဲ့ပါသလဲ။ အခုလို ပြန်ဆုံကြချိန်မှာ သူက သူမနှင့် သားကလေးကို တစ်ခါမှ မဆုံဖူးသော သူစိမ်းတွေလို မမှတ်မိတော့ဘဲ စိမ်းကားသွားလိမ့်မယ်လို့ သူမ ဘယ်လိုလုပ်ပြီး ကြိုတင်သိနိုင်ခဲ့မှာတဲ့လဲ။ သူတို့ သားအဖနှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်၏ ဆုံဆည်းမှုကို သူမ ရင်ခုန်စိတ်လှုပ်ရှားစွာ အကြိမ်ကြိမ် စိတ်ကူးထဲမှာ ပုံဖော်ကြည့်ခဲ့မိသည်။ ဒီလိုပုံစံမျိုး လုံးဝမဟုတ်ခဲ့။ မျက်ဝန်းတွေ တဖိတ်ဖိတ်တဖျတ်ဖျတ် တောက်ပစွာဖြင့် သူ့သားကို စိတ်လှုပ်ရှား ပျော်ရွှင်စွာ ပွေ့ချီယူလိုက်မည့် မြင်ကွင်းကိုပဲ သူမ ထပ်တလဲလဲ မျှော်လင့်ခဲ့မိသည်။

ဘဝဟာ ဘယ်လောက် ဆန်းကြယ်သလဲ . . .။ သူ မမှတ်မိတော့တဲ့ အခြေအနေကိုရောက်မှ သူ့ရဲ့ အသိအမှတ်ပြုမှုကို အသည်းအသန်၊ အရူးအမူး ငံ့လင့်လိုချင်လာခဲ့မိသည်။

"ဟုတ်ပါတယ် . . . ဒါ ကျွန်မရဲ့ သားကလေးပါ၊ သူ့နာမည်လည်း ရာဇဝင်ပဲ၊ အဖေနာမည်ကိုပဲ ကျွန်မ ပြန်ယူခဲ့တာပါ"

သူမအသံက ရင်နင့်ဆို့အက်နေသဲ . . .။ သူ့ မျက်ခုံးတွေ ပင့်တက်သွားကာ သားကို စိတ်ဝင်တစား စိုက်ကြည့်လာသည်။ အန်တီလည်း မျှော်လင့်ထားခဲ့ပုံ မရ။

"ဒါဖြင့် ဒါ ကျွန်တော့်ရဲ့ သားပေါ့ . . ."

သူမ ခေါင်းတစ်ချက်အညိတ်မှာ မျက်လုံးအိမ်ထဲက မျက်ရည်တစ်ချို့ လိမ့်ဆင်းသွားခဲ့လေသည်။ သူက သားကို ဖျတ်ခနဲ





ပွေ့ချီယူလိုက်ရင်း ခပ်တိုးတိုး ညည်းသည်။

"အဲဒီ အဖြစ်အပျက်တွေကို ကျွန်တော် ပြန်မှတ်မိရင် သိပ်ကောင်းမှာပဲ၊ ကျွန်တော် ဘာကြောင့် အိမ်ထောင် ပြိုကွဲသွားရတာလဲ၊ ပြီးတော့ . . . ကျွန်တော့်မှာ သားတစ်ယောက် ရှိနေတယ်ဆိုတာ ကျွန်တော် ပြန်မှတ်မိချင်လိုက်တာ"

သူ့အသံက တကယ့်ကို လှိုက်လှိုက်လှဲလှဲ . . .။

ထိုခဏမှာ သူမ မာနတွေ ပြိုကွဲသွားသည်။ ခုအချိန်မှာ သူမ အရေးတကြီး ပြန်လိုချင်သည်မှာ 'သူ'ကလွဲပြီး တခြား ဘာမှ မရှိတော့ . . .။

✝



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ တန်ဖိုးအရှိဆုံး
အရာဆိုတာ
မှတ်ဉာဏ်တွေ ကောင်းတုန်းအချိန်၊
တစ်ယောက်ယောက်ကို
ချစ်ခွင့်ရနေတုန်း
အချိန်မှာ
အပြည့်အဝ
ချစ်ပစ်လိုက်ဖို့ပဲဆိုတာ
အခုမှပဲ သူပဲ နားလည်ရတော့သည်။





သူ ဒီလို မှတ်ဉာဏ်တွေ ကင်းလွတ်သွားလိမ့်မယ်လို့ ဘယ်လိုမှတောင် တွေးမကြည့်မိဖူးခဲ့။ သူမကို မေ့သွားလိမ့်မယ်ဆိုတာကို ပိုလို့တောင် စိတ်မကူးမိခဲ့။ ဘဝမှာ စိန်ခေါ်မှုတွေကို အမြဲတမ်း ကြုံဆိုလက်ကမ်းခဲ့သော သူမအတွက် သူ့ကို ပြန်လည်ရရှိရေးသည် စိန်ခေါ်မှုတစ်ခု ဖြစ်လာခဲ့သည်။ သူမကို ဘာဖြစ်လို့ သူ ပြန်မမှတ်မိရမှာလဲ။ သူ့သားကိုရော ဘာဖြစ်လို့ သူ မမှတ်မိရမှာလဲ။ သူမ အစွမ်းကုန် ကြိုးစားမည်။ မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ အရာတွေကိုတောင် သူမ လုပ်နိုင်ခဲ့ပြီးပြီပဲ . . ။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး အန်တီနှင့် အရင်တိုင်ပင်ရသည်။ သူမနှင့် ပတ်သက်သော သူ့ရဲ့ မှတ်ဉာဏ်တွေကို သူ့ဆီ ပြန်ရောက်လာစေဖို့ အတွက် သူမ တာဝန်ယူမည်။ အန်တီက သူ့ကို သူမလက်ထဲ စိတ်ချလက်ချ အပ်လိုက်ဖို့ပဲ ဖြစ်သည်။

"သမီးရယ် . . . သားမှာ သားကလေးတောင်ရှိနေပြီပဲ၊ သမီးတို့ မိသားစုကလေးကို ပြန်ဆုံဆည်းစေချင်ပါတယ်၊ သားကို စိတ်ချမ်းသာပျော်ရွှင်နေတာပဲ အန်တီမြင်ချင်တာပေါ့၊ သူ့ဘဝကလေး သူ ပြန်ရစေချင်တာပေါ့၊ ကြိုးစားပါ သမီးရယ်၊ သားရဲ့ ဘဝ မှတ်ဉာဏ်တွေထဲမှာ သမီးရဲ့ အခန်းကဏ္ဍကလည်း တော်တော်များများ ပါ,ပါတယ်"

သူ့ကို သူမ ပထမဆုံး ခေါ်သွားသောနေရာမှာ ဆယ်တန်းတုန်းက တက်ခဲ့ဖူးသော ကျူရှင်ကလေးဆီသို့ ဖြစ်သည်။ နှစ်တွေကြာလာခဲ့သော်လည်း အဲဒီလမ်းထဲက အဲဒီကျူရှင်ကလေးဟာ ခုချိန်ထိ ရှိဆဲ။ ဆရာလည်း စာဆက်သင်လို့ ကောင်းဆဲ။ တိုက်ခန်းတွေက ရှေးခေတ် အဆောက်အအုံကြီးတွေဆိုပေမယ့် အခိုင်အမာရှိဆဲ။ အိုမင်းရင့်ရော်မှုတွေတော့ ရှိခဲ့ပြီပေါ့လေ။





ကျူရှင်အောက်ထပ်က လက်ဖက်ရည်ဆိုင်ကလေးဆီ သူ့ကို ခေါ်သွားခဲ့သည်။ သူ့ပုံစံက အေးအေးဆေးဆေး။ သူကိုယ်တိုင်လည်း အားလုံးကို ပြန်မှတ်မိချင်နေခဲ့သည်။ ထို့ကြောင့် မှတ်မိအောင် ကြိုးစားယူနေတဲ့ ပုံစံမျိုး . . .။ သူ့ မျက်ဝန်းတွေထဲမှာတော့ ဗလာသက်သက်ရှိတုန်း။

"ကျွန်မနဲ့မောင် ဆယ်တန်းကျူရှင်မှာ စ,တွေ့ကြတာလေ၊ ဟောဒီ လက်ဖက်ရည်ဆိုင်ကလေးထဲမှာ မောင် ကျွန်မကို ချစ်ရေးဆိုခဲ့တာ၊ ကျွန်မကို ချစ်တဲ့အကြောင်း၊ ကျွန်မနဲ့ အတူ လက်တွဲပြီး ဘဝရဲ့ ပြေးလမ်းပေါ်မှာ အတူ ပြေးကြဖို့ မောင်က ပြောခဲ့တယ်၊ ကျွန်မ အဲဒီနေ့က မြင်ကွင်းကလေးကို ခု ဒိ မမေ့ခဲ့ဘူး၊ စွဲနေခဲ့တယ် . . ."

သူတော့မသိ . . .။ သူမတော့ ရင်တစ်ခုလုံး အလွမ်းတွေနှင့် ဆွတ်ပျံ့နင့်သည်းလာသည်။ အဲဒီအချိန်က တည်းက ကျွန်မရဲ့ မသိစိတ်ထဲမှာ မောင့်ကို ချစ်မြတ်နိုးစွာ နေရာ တစ်နေရာ ပေးထားခဲ့ပြီးသား ထင်ပါရဲ့။ သူက ပြုံး၍ နားထောင် နေခဲ့သည်။ အဲဒီနေ့ကလေးကို သူ စိတ်ကူးထဲမှာ ပုံဖော်ကြည့်နေမိ



www.burmeseclassic.com

www.burmeseclassic.com

တယ် ထင်ပါရဲ့။

"အဲဒီတော့ တစ်ခေတ်ဆန်းက ဘယ်လို အဖြေပေးခဲ့သလဲ ဟင်"

တဲ့ . . . ။

"ကျွန်မလား . . . မှတ်မှတ်ရရ တစ်ခုတော့ ပြောခဲ့တယ်၊ အဲဒီအချိန်တုန်းက ရှင်လည်း ဇီးရိုး . . . ကျွန်မလည်း ဇီးရိုးလို့၊ ဇီးရိုးနဲ့ ဇီးရိုးနဲ့ပေါင်းရင် ဇီးရိုးပဲ ရလိမ့်မယ်လို့၊ အဲဒီတော့ ရှင် ကျွန်မကို တကယ်ချစ်ရင် ၅၀ ဖြစ်အောင်တော့ ကြိုးစားပေးပါလို့ . . . ၊ ကျွန်မလည်း ၅၀ ဖြစ်အောင် ကြိုးစားမယ်၊ နှစ်ယောက်ပေါင်းလို့ ၁၀၀ ပြည့်တဲ့နေ့မှာ ကျွန်မတို့ ပြန်ဆုံကြတာပေါ့လို့"

သူက သဘောကျသွားသလို အားရပါးရပြုံးလိုက်သည်။

"ကောင်းလိုက်တဲ့ အဖြေဗျာ . . . တစ်ခေတ်ဆန်း တကယ်တော်တယ်၊ ကျွန်တော် မှန်းကြည့်မယ်၊ ကျွန်တော်လည်း ကြိုးစားခဲ့တယ်၊ ဟုတ်တယ်မှုလား . . . ကျွန်တော်တို့ ပြန်ဆုံ





ဖို့အတွက် အချိန်တွေ ဘယ်လောက် ကြာခဲ့သလဲဟင်"

သူက ကလေးတစ်ယောက်လိုပင် သိချင်စိတ်ကို မတားဆီးနိုင်သလို အပြစ်ကင်းစွာ မေးတော့ ထိုနေ့တစ်နေ့ကို သူမ ပြန်သတိရသွားမိကာ ခစ်ခနဲ ရယ်မောလိုက်မိသည်။

"အိမ်ရောက်တော့ ကျွန်မ ပြောပြမယ် . . . "

✞


www.burmeseclassic.com

www.burmeseclassic.com

## တစ်ခေတ်ဆန်း နှလုံးအိမ်မှာ ထိုးထွင်းခဲ့သော tattoo ရာဇဝင်

ဒုတိယ သူ့ကိုခေါ်သွားသောနေရာသည် Kandawgyi Palace Hotel ရှိ LakeView Restaurant ဆီသို့ ဖြစ်သည်။ အဲဒီနေ့က ထိုင်ခဲ့သော ကရဝိတ်ကြီးကို လှမ်းမြင်နေရသော စားပွဲကိုပင် သူမ ရွေးချယ်ခဲ့သည်။ အဲဒီနေ့က မှာတဲ့အတိုင်း Lobster ဟင်း၊ salad နှင့် ကြက်သွန်ဖြူပေါင်မုန့်ကိုပဲ မှာသည်။ မနေ့က သူ့ကို အိမ်ပြန်လိုက်ပို့အပြီးမှာ သူမက ဆယ်နှစ်ကျော်ကြာပြီးတော့မှ တွေ့မယ့်တွေ့တော့ သူမ မနက်စောစော ထပြေးရင်း အိမ်သာတက်ချင်လာတာကို ထိန်းမရတော့တာမို့ သူ့အိမ်ရှေ့ရှိ





ဘဲလ်ကိုနှိပ်ပြီး ကမန်းကတန်း ဝင်ဖြေရှင်းခဲ့ရတာကို သူ့ကို ပြန်ပြောပြတော့ သူ့မှာ ရယ်လိုက်တာ။ ရယ်သာရယ်နေပေမယ့် သူ ပြန်မှတ်မိပုံ မရပါ။

"နောက်တစ်နေ့ ဒီမှာ ပြန်ဆုံကြတာ ... ကျွန်မတို့ရဲ့ First Date ပေါ့လေ၊ မောင်နဲ့ကျွန်မ ဆယ်နှစ်အတွင်းမှာ ကြိုးစားခဲ့တာတွေ အပြန်အလှန် ပြောပြကြတယ်၊ အချိန်တွေ ဘယ်လိုကုန်သွားမှန်းတောင် မသိလိုက်ပါဘူး"

ထိုအချိန် တဒင်္ဂကလေးသည် သူမရင်ကို ဆွတ်ပျံ့ကြည်နူးစွာ ဖမ်းစားနိုင်ခဲ့သည်။

"ကျွန်တော် သိချင်တာက အဲဒီနေ့က ကျွန်တော် တစ်ခေတ်ဆန်းဆီက အဖြေတောင်းခဲ့သလားဟင်"

သူမ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"မောင်က ခေသူမှ မဟုတ်တာ၊ ကျွန်တော့်ကို ဘယ်နှမှတ်ပေးထားပြီလဲလို့ မေးခဲ့တာ"

"အဲဒီတော့ တစ်ခေတ်ဆန်းက ..."

"ကျွန်မက 50 ထက်တောင် ကျော်နေပါပြီလို့ပဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရတာပေါ့၊ ကျွန်မမှ မညာချင်တဲ့ဥစ္စာ"

သူက ခပ်တိုးတိုး ရယ်ပါတော့သည်။ သူ့မျက်နှာဆီမှာ ကျေနပ်နှစ်သိမ့်ခြင်းတွေကို မြင်ရရုံနှင့်တင် သူမ ကြည်နူး ဆွတ်ပျံ့သွားခဲ့မိပါသည်။





ရယ်စရာကောင်းလှတဲ့ သူမ အဖြစ် ...။ ကုန်လွန်ဖြတ်သန်းခဲ့ပြီးသော အတိတ်ထဲ အသစ်တဖန် ပြန်၍ စီးမြောကာ သူ့ကို ကယ်ဆယ်ဖို့ ကြိုးစားနေမိသည်။ မနက်တိုင်း သူ့ကို ခပ်စောစော အတူ ထ,ပြေးဖို့ စည်းရုံးထားရသည်။ အဲဒီအတွက် သူမရော သားသားပါ ဖေဖေ မေမေတို့ အိမ်သို့ ပြန်ပြောင်းနေရသည်။ သားကို သူ့အဘွားနှင့် ထားခဲ့ရပြီး သူမက သူနှင့် အိမ်ယာဝင်းတစ်ပတ် အတူ ပြန်ပြေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ချစ်သူတွေ ဘယ်လိုဖြစ်သွားကြလဲဟင် တစ်ခေတ်ဆန်း . . ."

"ကျွန်မတို့ကြားမှာ ရင်းနှီးငြိတွယ်မှု၊ သံယောဇဉ်တွေ ရှိလာအောင်တော့ တည်ဆောက်ရသေးတာပေါ့ မောင်ရယ်၊ ခုလို နေ့တိုင်း ပြေးကြတယ်၊ စကားတွေ ပြောကြတယ်၊ ဖုန်းတွေ ဆက်ကြတယ်၊ message တွေ ပို့ကြတယ်၊ နောက်တော့ မောင့်မေမေနဲ့ မောင်က ဆုံပေးခဲ့တယ်၊ ညစာစားပွဲကလေးတစ်ခုနဲ့ပေါ့၊ အဲဒီညမှာ မောင်က ကျွန်မရဲ့ အိမ်အထိ လမ်းလျှောက်ပြီး ပြန်လိုက်ပို့ပေးတယ်၊ အဲဒီညမှာပဲ ကျွန်မ မောင့်ကို အဖြေပေးခဲ့တာပါ၊ ကျွန်မတို့ ချစ်သူတွေ ဖြစ်သွားခဲ့ကြတယ်ဆိုပါတော့၊ မောင့်ရဲ့ ရင်ဘတ်ဆီမှာ ကျွန်မ ပါးကလေးအပ်ထားပြီး ကျွန်မ ငြိမ်ငြိမ်ကလေးနဲ့ ချစ်သူဘဝ အစ,ကို ခံစားကြည့်ဖူးတယ်၊ အဲဒီညကလေးကို ကျွန်မ,တစ်သက် ဘယ်တော့မှ မမေ့တော့ဘူး မောင်၊ သိပ်မက်မောတွယ်တာစရာကောင်းတဲ့ တဒင်္ဂ moment ကလေးပေါ့"





သူမ ထိုတဒင်္ဂကလေးကို တကယ်ပင် လွမ်းမောစွာ ပြန်လိုချင်လာခဲ့မိပါသည်။

"ကျွန်တော်တို့ လက်ထပ်ဖြစ်ခဲ့တာကရော"

"ကျွန်မတို့ ချစ်သူဘဝသက်တမ်းကို သိပ်ကြာကြာကြီး မဖြတ်သန်းလိုက်ရဘူး မောင်ရဲ့၊ မောင်က Will you marry me? တဲ့၊ မြက်ခင်းပေါ်မှာ ဒူးတစ်ဘက်ထောက်ပြီး Romantic ဆန်ဆန်ကလေး ခွင့်တောင်းခဲ့တာ"

သူ့မျက်လုံးတွေမှာ အရောင်တွေ တဖျပ်ဖျပ် လင်းလဲ့ရွှန်းစိုလာခဲ့တော့သည်။ သူမ ယုံကြည်ပါသည်။ သူ့ကို တစ်နေ့တော့ သူမ ပြန်ရကောင်းပါရဲ့လို့လေ။

✝



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ယောက် မင်္ဂလာဆောင်ခဲ့သော သဘော်ကြီးဆီသို့ သူ့ကို ခေါ်သွားခဲ့တော့ သူက စိတ်ဝင်တစားပင် လိုက်လာခဲ့သည်။ ပုံမှန်ဆိုရင်တော့ ဒီသဘော်ကြီးပေါ်မှာ restaurant သဟ်သက် ဖွင့်ထားသည်။

"ကျွန်မတို့ရဲ့ မင်္ဂလာပွဲကလေးက လူတိုင်း စိတ်ဝင်စားစရာ ဖြစ်ခဲ့ရတယ် မောင်၊ အရမ်းလည်း ပျော်စရာကောင်းလာတယ်၊ ကျွန်မတို့နှစ်ယောက်စလုံးရဲ့ မင်္ဂလာဝတ်စုံ ဒီဇိုင်နာက Giorgio Armani လေ"





"ကျွန်တော် ခန့်မှန်းကြည့်နေတာ၊ ကျွန်တော်တို့ တော်တော် ပျော်ခဲ့မှာပဲလို့၊ ကျွန်တော် အဲဒါတွေ ဘာတစ်ခုမှ တကယ်ကို မမှတ်မိတော့တာ၊ ကျွန်တော် မှတ်မိချင်လိုက်တာဗျာ"

သူ ပြောနေပုံက တကယ်ကို တမ်းတမ်းတတ။ သူမ လှိုက်လှဲစွာ ငိုချင်ပြင်းပြလာသည်။ ပြန်မရနိုင်တော့မယ့် အချိန်တွေလေ။ ရရှိပိုင်ခွင့်ရတဲ့အခိုက်ကလေးမှာ တန်ဖိုးထား မက်မောခဲ့ရမှာ။ ဘယ်အချိန်မှာ ပျောက်ကွယ်ဆုံးရှုံးရမယ်ဆိုတာကို သူမတို့မှ ကြိုမမြင်နိုင်ခဲ့တာ။ ခုအချိန်မှာ သူ့ကို အတင်း ပြန်ပြီး သတိရခိုင်းလို့လည်း သူ သတိမရနိုင်။ သူမ ပြောပြနေသမျှကိုသာ သူက ပရိသတ်တစ်ယောက်လို၊ သူစိမ်းတစ်ယောက်လို နားထောင်နေရုံ သက်သက်မျှသာ။ သူကိုယ်တိုင် သတိတရ လှိုက်လှိုက်မောမော ခံစားရတာမျိုး မဟုတ်။ အဲဒါကိုပဲ သူမ ဝမ်းနည်းနာကျင်ရခြင်းဖြစ်သည်။ ဘဝမှာ ပျော်ရွှင်စရာတွေကို မျှဝေခံစားဖို့၊ နာကျင်စရာတွေကို ခွဲဝေခံယူဖို့ ချစ်သူတွေဆိုတာ ဖြစ်လာရတာ မဟုတ်လား။ အခုလို ကြေကွဲနာကျင်စရာ အချိန်မျိုး၊ အခြေအနေမျိုးမှာ သူ့ကို ဘယ်လောက် ဆုံးရှုံးလိုက်ရမှာ စိုးထိတ်တုန်လှုပ်နေမိမှန်း ပိုခံစားမိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်က အခြေအနေနှင့်တော့ မတူ။ အရင်က တစ်နေ့ ပြန်ဆုံချင် ဆုံလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ကလေး ရှိနေခဲ့သည်။ ခုလို အခြေအနေမျိုးနှင့် သူ့ကို တွေ့နေရတော့ မရ,ရအောင် ကယ်တင်မယ်ဆိုတဲ့ စိတ်သာ မွေးနေရပေမယ့် သူ ပြန်သတိမရ တော့မှာကိုတော့ တွေးမိလိုက်တိုင်း ရင်နင့် ပူလောင်စွာ ခံစား ရပါသည်။

"ကျွန်မတို့ ဘန်ကောက်ကို ဟန်းနီးမွန်း ထွက်ခဲ့ကြတယ်၊ ဖူးခက်ကိုလေ . . .၊ တစ်ပတ်လုံးလုံး လည်ချင်တဲ့ နေရာ တွေလည်၊ စားချင်တာစား၊ ကျွန်မအတွက်တော့ အပျော်ဆုံး အချိန်တွေပဲ မောင် . . . ဘယ်တော့မှ မမေ့ဘူး"

သူက သူမကို တိတ်ဆိတ်စွာ ငေးကြည့်နေသည်မှာ အကြာကြီး။ သူ ဘာတွေ တွေးနေသလဲ။

"ကျွန်တော်တို့နှစ်ယောက် အဲဒီလောက် ပျော်ခဲ့ကြ၊ ချစ် ခဲ့ကြရက်နဲ့ ဘာဖြစ်လို့ ကွဲသွားခဲ့တာလဲဟင်"

တဲ့ . . .။ သူက သူ့မေးခွန်းကို တွေးတွေးဆဆ မေးခြင်းဖြစ်သည်။ ထိုမေးခွန်းအတွက် သူမ တကယ်ပဲ ဆွံ့အ





သွားမိပါသည်။ ခုချိန်မှာ ဘာမှ မသိတော့သည့် လူတစ်ယောက်ကို သူမရင်ထဲ ရှိရှိသမျှ ခံစားခဲ့ရသမျှကို မခြွင်းမချန် ပြန်ပြောပြသင့် ပါရဲ့လား။ သူ့ရဲ့ မေးခွန်းက အမေးသင့်ဆုံးပါ။ ဟုတ်ပါရဲ့ . . .။ ဒီလောက် ချစ်ခဲ့၊ တွယ်တာခဲ့ရဲ့နဲ့ ဘာဖြစ်လို့ ကွဲသွားခဲ့ကြတာလဲ။ သူမက ရသင့်တာထက် အများကြီး ပိုလိုချင်ခဲ့မိလို့ပေါ့နော်။

"ပြဿနာကလေးတွေက သေးသေးလေးတွေလို့ ထင် ရပေမယ့် တကယ်တမ်းကျတော့ အဲဒါကို ခံစားတဲ့သူက သိပ်အကျယ်ချဲ့ ခံစားပစ်လိုက်တဲ့အခါ ပြဿနာက မထင် မှတ်ဘဲ ကြီးမားသွားတတ်တယ် မောင်၊ ကျွန်မက မောင်နဲ့ အတူ ကိုယ့်အိမ်မှာ ကိုယ်လင်မယားနှစ်ယောက်တည်း ထမင်းလက်ဆုံစားချင်ခဲ့တယ်၊ မောင်က မောင့်မေမေ အိမ်မှာပဲ စားလေ့ရှိတယ် . . .၊ မောင့်မှာ ညဖက် အိပ်မက်ထဲယောင်ပြီး လမ်းလျှောက်တတ်တဲ့ အကျင့်ရှိတယ်၊ ညကြီးသန်းခေါင် မောင်ပျောက်သွားလို့ ကျွန်မမှာ သွေးရူး သွေးတန်း ရှာလိုက်ရတာ၊ မောင်က မောင့်မေမေအိမ်မှာ ပြန်သွားအိပ်နေတယ်၊ အဲဒါလေးတွေက ကျွန်မရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အကျိတ်အခဲကလေးတွေလိုဖဲ စုစုပြီး အုံဖွဲ့လာခဲ့တာဆိုပါတော့၊ မောင်က အမေကို အရမ်း သိတတ်လွန်းတယ်၊ ဂရုစိုက်လွန်း ရှေ့တန်းတင်လွန်းခဲ့တယ်လေ၊ မောင်က အမေကို ကိုးကွယ်လွန်းတဲ့ မေမေ့ သားအလိမ္မာကလေး၊ ကျွန်မက မောင့်ရဲ့အချစ်ကို ကျွန်မတစ်ယောက်တည်း အပြည့်အဝ ခံစားချင်တဲ့သူလေ၊ မောင့်ဆီကနေ ကျွန်မ အများကြီး မျှော်လင့်မိတယ်၊ ကျွန်မက လောဘကြီးတယ်လေ မောင်ရယ် ...၊ အဲဒီတော့ ထုံးစံအတိုင်း ပဋိပက္ခတွေ စ,တင်တော့တာပေါ့၊ ကျွန်မက အမြဲ အနိုင်လိုချင်တဲ့သူဆိုတော့ မောင့်မေမေနဲ့ ယှဉ်ရင်တောင် ကျွန်မကို ဦးစားပေးတာပဲ ဖြစ်စေချင်ခဲ့တာ၊ အဲဒီအတိုင်း ဖြစ်မလာတော့ ကျွန်မ ပေါက်ကွဲမိတော့တာပေါ့၊ မောင်က ကျွန်မကို စွပ်စွဲတယ်၊ ကျွန်မက မောင့်မေမေကို မနာလို ဖြစ်နေတာတဲ့၊ မောင့်မေမေကို ကျွန်မက လိုက်ပြိုင်နေတာတဲ့၊ အဲဒီစကားကို ကျွန်မ ဆတ်ဆတ်ခါနာခဲ့မိတာလေ၊ မောင်က အဲဒီလိုပြောလို့ ကျွန်မလည်း မောင့်ကို အနိုင်ရလိုဇောနဲ့ မပြောသင့်တဲ့





စကားတစ်ခွန်း ပြောခဲ့မိတယ်ဆိုပါစို့၊ အဲဒီစကားက ကျွန်မတို့ နှစ်ယောက်ကို အဝေးဆုံးကို တစ်စစီ လွင့်သွားအောင် ခွဲပစ်ခဲ့တာဆိုပါတော့”

သူမ မျက်ဝန်းမှာ မျက်ရည်တွေနှင့် ပြည့်လာသောကြောင့် သူ့ကို ဝေဝါးစွာသာ မြင်ရတော့သည်။

“တစ်ခေတ်ဆန်း ဘာများ ပြောခဲ့သလဲဟင်”

“ကျွန်မ အခု ပြန်ပြောပြရင် မောင် ပြန်ပြီး နာကျင်မှာ စိုးတယ်၊ ခုအချိန်မှာ မောင့်ကို ဘယ်လိုစကားလုံးမျိုးနဲ့မှ နာကျင်အောင် မလုပ်ရက်တော့ပါဘူးကွယ်”

သူ တိတ်ဆိတ်စွာ စဉ်းစားနေသည်။ စဉ်းစားလို့လည်း ရဟန်မတူ။ သူ့မျက်နှာမှာ ဘာခံစားချက်မှ မရှိ။ လုံးဝ ဗလာသက်သက်။ သူမ ပင့်သက်တစ်ချက် ရှိုက်လိုက်မိသည်။

“နောက်တစ်ခုရှိသေးတယ် ... မောင်က ကလေးလိုချင်ခဲ့တယ်၊ မိသားစု ဘဝကလေးနဲ့ နေချင်ခဲ့တယ်၊ ကျွန်မက ဘဝမှာ လုပ်စရာတွေအများကြီးပဲ ကျန်သေးတယ်၊ ကလေးတစ်ယောက်ကို ပြုစုပျိုးထောင်ဖို့ အချိန် မပေးနိုင်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com





အပြတ်ငြင်းခဲ့တာ၊ အဲဒါကိုလည်း မောင် ကျေနပ်ဟန် မတူဘူး၊ နောက်ဆုံးတော့ ကျွန်မကို မောင် အမှိုက်တစ်စ,လို စွန့်ပစ်ချန်ထားရစ်ခဲ့တာပါပဲ၊ ကျွန်မကို လမ်းနှစ်လမ်း ရွေးချယ်ခိုင်းခဲ့တယ်၊ ပထမတစ်လမ်းက မောင့်မေမေကို ကျွန်မကိုယ်တိုင် ရှိခိုးတောင်းပန်ရမယ်တဲ့၊ ဒုတိယလမ်းကတော့ လမ်းခွဲကြဖို့တဲ့၊ ကျွန်မကလည်း မာနကို ကိုးကွယ်တဲ့ မိန်းမတစ်ယောက်လေ မောင်ရယ်၊ ဒုတိယလမ်းကိုပဲ ကျွန်မ ရွေးချယ်ခဲ့တာပေါ့၊ နှစ်ယောက်စလုံးက ကိုယ်မှန်တယ်လို့ချည်း ထင်ခဲ့ကြတယ်၊ အလျှော့မပေးခဲ့ကြဘူး၊ အမှန်တရားချင်း တိုက်တဲ့ တိုက်ပွဲက ပိုပြင်းထန်တယ်လေ၊ မောင့်ဆီကို ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးပြီး ပို့ပေးလိုက်တယ်၊ သိပ်မကြာခင်မှာပဲ ကျွန်မဆီမှာ မောင့်ရဲ့ ရင်သွေးကလေး လွယ်ထားရမှန်း သိလိုက်ရတဲ့အဖြစ်၊ ကျွန်မအတွက်တော့ အရမ်း တုန်လှုပ်ဖို့ကောင်းတဲ့ အတွေ့အကြုံတစ်ခုပဲ မောင်၊ မောင့်ကို လုံးဝ အသိမပေးဘဲ ဒီကလေးကို မွေးမယ်လို့ ကျွန်မ ဆုံးဖြတ်ခဲ့တာလည်း မောင့်ကို ထိခိုက်နာကျင်

စေလိုတဲ့ဆန္ဒသက်သက်နဲ့ပါပဲ မောင်ရယ်၊ အခုကျတော့ မောင့်ကို နာကျင်ထိခိုက်အောင်လုပ်လို့ ကျွန်မမှာ ဘာတွေများ ရလိုက်သလဲလို့ ပြန်တွေးမိတယ်၊ တကယ်တော့ သူများကို နာအောင်လုပ်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် အရင်နာအောင်လုပ်ပြီးမှ သူများကို ထိတာပါ၊ အရင်ဆုံး ထိခိုက်ခံရတာ ကျွန်မရဲ့ စိတ်ပါ၊ မခံချင်စိတ်တွေ၊ မကျေနပ်စိတ်တွေနဲ့ လူက ပူလောင်နေတာပဲ"

သူမကချည်း စကားတွေ ပြောသူသက်သက် ဖြစ်ခဲ့ကာ သူကတော့ နားထောင်သမားသက်သက်သာ။ သူလည်း သူ့ရဲ့ မှတ်ဉာဏ်တွေကို ကြိုးစားပမ်းစား စုစည်းပြန်ခေါ်ယူနေဟန်ရှိသည်။ ဒါပေမယ့် ပုံပြင်တစ်ပုဒ်ကို နားထောင်သူတစ်ယောက်လို စိတ်ဝင်တစား နားထောင်နေရုံထက် မပို။ သူ ဘာဆိုဘာမှ ပြန်မှတ်မိပုံ မရ။ သူမရင်ထဲ လှိုက်မောနာကျင်လာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



သားသားကို သူနှင့် မကြာခဏ ဆုံပေးမိသည်မှာ သူတို့သားအဖကြားက ဆက်သွယ်မှု နှောင်ကြိုးကို အခိုင်အမာ ရစ်ဖွဲ့ချည်နှောင်စေချင်သောကြောင့်ဖြစ်သည်။ သားကိုတော့ သူ ခင်တွယ်ပုံရသည်။ အတူကစားတာ၊ ပုံပြင်စာအုပ်ကလေးတွေ ဖတ်ပြတာ၊ ပုံဆွဲပြတာ၊ ဆေးရောင်ခြယ်ပြတာ ... စသဖြင့် အလုပ်ရှုပ်နေတတ်သည်။ သားကို ထမင်းကျွေးပေးသည်၊ ရေချိုးပေးသည်။ သားအိပ်ပျော်တဲ့အထိ သိပ်ပေးတတ်သည်။ သား အိပ်သွားလျှင် သူမနှင့်သူ စကား ဆက်ပြောကြသည်။





"မောင့်မေမေ ပြောပြတဲ့ ရက်စွဲအရ မောင် accident ဖြစ်တဲ့ညဟာ ကျွန်မရဲ့အိမ်ကို မောင် ရောက်လာတဲ့ညပေါ့၊ ညသန်းခေါင်ကျော်နေပြီ၊ မောင်က အိပ်မက်မက်ပြီး ထွက်လာခဲ့ပုံရတယ်၊ ကျွန်မဒ့အိမ်မှာ ကျွန်မရဲ့ကာစင်တစ်ယောက် ရောက်နေတယ်၊ ရွှေညီလာတဲ့၊ သူက tomboy ကလေး၊ မသိတဲ့သူတွေဆို သူ့ကို ယောက်ျားလေးလို့ပဲ ထင်ကြတာ၊ သူက ဩစတေးလျကနေ အလည်ရောက်လာတာလေ၊ ကျွန်မကို သိပ်ချစ်တာ၊ ကစားဖော် ကစားဖက်တွေဆိုတော့ အရမ်းလည်း ရင်းနှီးကြတယ်၊ သူနဲ့ကျွန်မ တစ်ကုတင်တည်း အိပ်နေကြတာကို မောင် အထင်လွဲပြီး ဒေါသတကြီး ပြန်သွားခဲ့တာ၊ အပြန်လမ်းမှာ accident ဖြစ်တာပေါ့၊ ကျွန်မလေ ဘာဆိုဘာမှ မသိခဲ့ဘူး၊ ကျွန်မဘက် side ကနေပဲ ကြည့်ပြီး တစ်ဖက်သတ် နာကြည်းခံစားနေတာ၊ မောင့်ဘက်က ဘာအဆက်အသွယ်မှ မရလေ ကျွန်မ ပိုစိတ်ဆိုးလေပေါ့၊ မောင့်ကို စထမဆုံး ပြန်တွေ့တာဟာ ဘုရားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမ မောလှပြီ . . .။ သူ့ကို စိုးရိမ်လွန်းရတာရော၊ နာကျင်လွန်းရတာရော၊ မျှော်လင့်လွန်းရတာရောနှင့် သူမ ရင်မောလွန်းရပြီ။ ဒီအခြေအနေဟာ သူမကို ဒဏ်ခတ် အပြစ်ပေးနေသလိုပဲ ခံစားရသည်။ သူ ဘယ်တော့များမှ သူမဆီ ပြန်လာမလဲ မသိ။ သူမတစ်ယောက်တည်း အထီးကျန်လွန်းလှပြီ။ သူ့ရဲ့ နွေးထွေးချိုမြိန်သော အချစ်တွေကို ပြန်လည်ခံစားချင်လှပြီ။ အနီးဆုံးမှာရှိနေလျက်နဲ့ အဝေးကြီး ဝေးနေရသော အဖြစ်ကနေ လွန်မြောက်ချင်ပါပြီ။ အန်တီက သူမနှင့် နှစ်ယောက်တည်း တွေ့ကာ . . .

"သမီးရယ် . . . သမီးရင်ထဲမှာ ဘာတွေပဲ ရှိခဲ့ရှိခဲ့ အန်တီ နားလည်ခွင့်လွှတ်ပေးပြီးသားပါ၊ အန်တီလည်း သားကို ချစ်သလို သမီးလည်း သားကိုချစ်တယ်ဆိုတာ အန်တီ သိပါတယ်၊ ကိုယ်ချစ်တဲ့လူတစ်ယောက် ခုလို ဘာကိုမှ မမှတ်မိနိုင်တဲ့ အခြေအနေမျိုးနဲ့ တွေ့ခွင့်ရနေတဲ့အချိန်လောက် စိတ်ဆင်းရဲ နာကျင်စေတာ မရှိတော့ဘူး၊ အဲဒါ ဝဋ်တစ်ခုပဲ၊ အတိုင်းအတာတစ်ခုထိ သူ ခံစားရမှာပဲ၊ အန်တီ





တို့ စိတ်ရှည်ရှည်နဲ့ စောင့်ရမှာပဲ၊ အန်တီ သိထားသလောက် သမီးတို့ ကွာရှင်းကြတယ်ဆိုပေမယ့် သမီးလက်မှတ်ထိုးပြီး ပို့ပေးလိုက်တဲ့ ကွာရှင်းစာချုပ်ကို သားက ဆုတ်ဖြဲပစ်လိုက်တယ်၊ သူ အသိအမှတ်မပြုဘူးဆိုတဲ့ သဘောပေါ့၊ သားက သမီးကို အရမ်းချစ်ပါတယ်၊ အထင်လည်း ကြီးတယ်၊ တန်ဖိုးလည်း ထားတယ်၊ သူလိုချင်တာ သမီးကို ကွာရှင်းဖို့မှ မဟုတ်ဘဲ၊ သမီးဆီက နားလည်မှုကို သူ လိုချင်တာပါ။ သူ့လောက် အမေကို မြတ်နိုးကိုးကွယ်လွန်းတဲ့ သားမျိုးကို တော်ရုံတန်ရုံ သဘောထား၊ နှလုံးသားမျိုးရှိတဲ့ ဇနီးမျိုးက နားလည်ပေးနိုင်မှာ မဟုတ်ပါဘူး၊ သားက သမီးကို သဘောထားကြီးစေချင်တာ၊ နှလုံးသား ကြီးစေချင်တာပါ၊ သားကို နောက်တစ်ကြိမ် မပစ်သွားပါနဲ့လို့ အန်တီ တောင်းပန်ပါတယ် သမီး"

ဟု သူမ၏ လက်ကလေးနှစ်ဘက်ကို ကိုင်ကာ ပြောခဲ့သည်။ အန်တီ့မျက်နှာဆီမှာ ဘာအာဃာတမှ မရှိ။ ဒီချွေးမကို ဘယ်လို အနိုင်ပိုင်းလိုက်မယ် . . . ပညာပေးလိုက်မယ် . . .



www.burmeseclassic.com

www.burmeseclassic.com



အထက်စီးနင်း လုပ်ပြလိုက်မယ်ဆိုသော မာနနှင့် ဘဝင် အရှိန် အယောင်တွေလည်း တစ်စက်ကလေးမှ မတွေ့ရ။ ပကတိ အေးမြကြည်လင်သော မြင့်မြတ်သော မိခင်တစ်ယောက်၏ မျက်နှာထားမျိုးသာ ရှိသည်။ ထိုခဏမှာ သူမ နှလုံးသားတစ်ခုလုံး အရည်ပျော်ဆင်းသွားသည်။ ချစ်ခြင်းအဟုန်သည် အန်တီ့လက်တွေ ဆီကနေ သူမ နှလုံးသားဆီ စိမ့်ဝင်ကူးစက်လာခဲ့သည်။ သူမ နှလုံးသားတစ်ခုလုံး တသိမ့်သိမ့် လှိုက်မောတုန်ရင်စွာ နူးညံ့ပျော့ ပျောင်းသိမ်မွေ့လာခဲ့သည်။ သူမ ထိုင်နေရာမှ လျှောဆင်းလိုက် ကာ အန်တီ့ရှေ့မှာ ဒူးထောက်မိလျက် လက်အုပ်ကလေးချီမိရက် သား ဖြစ်သွားလေသည်။ ပြီးတော့ နှလုံးသားထဲကနေ စကား တစ်ခွန်း အလိုအလျောက် လွယ်လင့်တကူ စီးဆင်းသွားခဲ့သည်။

"ကျွန်မ ပြစ်မှားစော်ကားခဲ့မိသမျှအတွက် တောင်းပန် ပါတယ် မေမေ . . ."

"အို . . . သမီးရယ်၊ မေမေ ခွင့်လွှတ်နားလည်ပြီးသား ပါ"

မေမေက သူမရှိရာ ကြမ်းပြင်ဆီသို့ လျှောဆင်း





ချလာကာ သူမကို ခပ်တင်းတင်း ပွေ့ဖက်ထားခဲ့သည်။ သူမ ရင်တစ်ခုလုံး တသိမ့်သိမ့် ခုန်နေသည်။ ထိုခဏမှာ မေမေ့ အပြင် တခြားလက်တစ်ဘက်၏ နွေးထွေးစွာ ပွေ့ဖက်ခြင်းကို သူမ ခံလိုက်ရသည်။ လှည့်ကြည့်စရာမလိုဘဲ တစ်ကိုယ်လုံး နွေးမြလုံခြုံ သွားမှုကို ခံစားရပါသည်။ အို . . . မေတ္တာတရားတွေနဲ့ သိုင်းခြုံလွှမ်းမိုးထားလိုက်တဲ့အခါ သူမ ဘယ်မှာ အထီးကျန် တော့လို့တုန်း . . .။ နားလည်မှုဆိုသော အရာသည် လူတိုင်း၏ နှလုံးအိမ်ကို ပီတိဖြင့် နွေးစိုစိမ့်အိ့စေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ သားသားရဲ့အသံလား ... ဟု ထင်လိုက်မိကာ သူမ လူးလွန့်သွားသည်။ သားသားက သူမနံဘေးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့။ ကုတင်က အကျယ်ကြီး။ ဟော ... လှုပ်ရှားသံသဲ့သဲ့ကို ကြားရသည်။ ခြေသံခပ်ဖွဖွ။ သူမ ထိတ်ခနဲ ဖြစ်သွားကာ ငေါက်ခနဲ ထ,ထိုင်လိုက်မိသည်။ သူခိုးများလား။ ညအိပ်မီးကလေးကို မှိန်မှိန်ကလေးထွန်းကာ နားစွင့်နေလိုက်သည်။ သူမတံခါးက အသာအယာပွင့်သွားသည်။ သူမရင်တွေ တဒိန်းဒိန်း ဆောင့်ခုန်လာသည်။ မြင်ကွင်းထဲ ဝင်လာသည် ...။





မောင် ...အို ... သူ ပြန်လာခဲ့ပြီလား။ သူမ ဝုန်းခနဲ ပြေးသွားကာ သူ့ရင်ခွင်ထဲ ဝင်သွားလိုက်မိသည်။

"မောင် ... အိပ်မက်ထဲ လမ်းလျှောက်လာတာလား မောင်၊ မောင် နိုးပြီလား ..."

သူမ ခပ်တိုးတိုး မေးလိုက်မိတော့ သူက သူမကို ခပ်တင်းတင်း ပြန်လည်ပွေ့ဖက်ထားကာ ပြုံးပြသည်။

"မောင် နိုးနေပါတယ် ချစ်ခေတ်ရယ်၊ မောင့်အိမ်ကို မောင် ပြန်လာတာပါ၊ မောင့်ဇနီးနဲ့ မောင့်သားလေးဆီကို မောင် သတိတရနဲ့ ပြန်လာခဲ့တာပါ"

"မောင့်ဘာသာ ကားမောင်းလာခဲ့တာလားဟင် ... မေမေရော သိလား"

"မေမေကိုယ်တိုင် လိုက်ပို့ပေးသွားတာပါ၊ ညနေက ချစ်ခေတ် မေမေ့ကို ထိုင်ကန်တော့နေတဲ့ မြင်ကွင်းက မောင့်ရင်ကို တော်တော်လေး လှုပ်လှုပ်ခတ်ခတ် ဖြစ်စေခဲ့တယ်၊ အဲဒါပြီးတော့ တစ်ခုပြီးတစ်ခု အာရုံထဲမှာ ပြန်ပေါ်လာတော့



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ တကယ်ဆို ညနေတုန်းက အဲဒီ moment လေးကို မောင် အရမ်း မျှော်လင့်စောင့်စားနေခဲ့တာ ကြာပါပြီ၊ ရုတ်တရက် ရင်ဆိုင်လိုက်ရတော့ ရှော့(ခ်)ရိုက်လိုက်သလိုပဲ၊ အာရုံတွေ ပြန်နိုးကြားလာတယ်၊ ခဲမောင့်ရဲ့ မသိစိတ်က အဲဒါကို စောင့် နေခဲ့တာ ထင်တယ်၊ ချစ်ခေတ်တို့သားအမိ ပြန်သွားပြီးတော့ မောင် မေမေနဲ့ စကားတွေအများကြီး ပြောကြတယ်၊ မောင် မမှတ်မိတဲ့ တချို့ memory တွေကို မေမေက ပြန်ဖော်ပေး တယ်၊ Link ပြတ်နေတာကလေးတွေကို ဆက်ဆက်ပေးသွား တာ မေမေ အရမ်းတော်တာပဲ သိလား၊ နောက်ဆုံး အားလုံး ကို ပြန်မှတ်မိလာတယ်၊ ချစ်ခေတ်ဆီ ပြန်ပါရစေဆိုတော့ မေမေက ပြန်လိုက်ပို့ပေးတာ"

"အိုး . . . မောင်ရယ်၊ မောင့်ကို ကျွန်မ ပြန်ရပြီပေါ့၊ ဒါ တကယ်ပါနော်၊ ကျွန်မ အိပ်မက်,မက်နေတာ မဟုတ်ဘူး နော် . . ."

သူမ၏ စကားသံတွေကပင် အတုန်တုန် အရင်ရင်။





မျက်ရည်လည်ရွဲ ဖြစ်လာသည်။ ကွဲကွာခဲ့ရသော အချိန်တွေ၊ ဝေးလွင့်ခဲ့ရသော အချိန်တွေ၊ ခံစားခဲ့ရသော လွမ်းမော နာကျင်မှုတွေ၊ တစ်ကိုယ်တည်း အထီးကျန်အဖော်မဲ့ညတွေ၊ အေးစက်စိမ်းကားခြင်းတွေနေ့ရာမှာ နွေးထွေးသော ချစ်ခြင်း မေတ္တာတွေ၊ အကြင်နာတွေ၊ ယုယတပ်မက်မောမှုတွေ၊ မြတ်နိုး တွယ်တာမှုတွေ အစားထိုးဝင်ရောက်လာခဲ့တာ နွေးမြလင်းလက် လို့ လာသည်။

"ချစ်ခေတ်ရယ် . . . နေနိုင်လိုက်တာ၊ မောင်ဖြင့် လွမ်း လိုက်တာ တအားပဲ . . ."

"မောင်ကပဲ ပြောရတယ် ရှိသေး၊ သူကဖြင့် မေ့လျော့နေတာ အကြာကြီး၊ ဒါပေမယ့် မောင်သိလား၊ ကျွန်မရဲ့ နှလုံး သားထဲမှာ ရာဇဝင်ဆိုတဲ့ တက်တူးကလေး ထိုးထွင်းထားခဲ့ ပြီးသား၊ ဘယ်တော့မှ ဖျောက်ဖျက်လို့ ရတော့မှာ မဟုတ်ဘူး၊ အဲဒါ တစ်သက်စာပဲ . . ."

"ဟုတ်လား . . . ဘယ်မှာလဲ ကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com





သူမက အသံထွက် ရယ်မောလိုက်မိပြီးမှ သားသား နိုးသွားမှာ စိုးရိမ်စွာဖြင့် လှည့်ကြည့်လိုက်မိစဉ် အငိုက်မိသွားကာ သူက သူမကို စွေ့ခနဲ ပွေ့ချီလျက် ကုတင်ပေါ် တင်ပေးလိုက်သည်။ ပြီးတော့ သူက တစ်ဘက် ကုတင်စွန်းမှာ ဝင်အိပ်သည်။ သားသား က အလယ်မှာပေါ့။

"မောင် ဒီလိုနေချင်ခဲ့တာ ကြာလှပြီပေါ့ ချစ်ခေတ်ရယ်၊ မိသားစုဘဝကလေးလေ . . .၊ နောက်ထပ် မီးမီးကလေး တစ်ယောက် ထပ်ယူဖို့ မောင်တို့ သိပ်နောက် မကျသေး ဘူးထင်ပါရဲ့နော်"

သူမ၏ အကျင့်ပါနေသော ပါးစပ်က တစ်ခုခု ပြောလိုက်ဖို့ ချက်ချင်းပွင့်သွားခဲ့ပြီးမှ အားပါးတရ ပြုံးလိုက်မိ သွားကာ . . .

"ဘယ်နောက်ကျဦးမှာလဲ မောင်ရယ်၊ အချိန်ကောင်း ကလေးပေါ့၊ တိုင်မင်ကို မှန်လို့ . . ."

ဟု အလိုလို ပြောမိရက်သား ဖြစ်သွားသည်။ ဘဝမှာ တစ်ခါ ဆုံးရှုံးဖူးလိုက်မှ တန်ဖိုးထားတတ်သွားတာပါ။ မှတ်ဉာဏ် တွေ ကောင်းနေတုန်းအချိန်၊ တစ်ယောက်ကိုတစ်ယောက် ချစ်ခွင့် ရနေခိုက် အခိုက်အတန့်ကလေးတိုင်းမှာ အပြည့်အဝ ချစ်ပစ်လိုက် ဖို့ သူမ အကြံပေးပါရစေ။





www.burmeseclassic.com

www.burmeseclassic.com

လွန်းထားထား (ဆေးတက္ကသိုလ်)

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ . . .

မေတ္တာအားဖြင့် . . .



လွန်းထားထား (ဆေးတက္ကသိုလ်)

၂၀. ၁၀. ၀၉



တံခွန်တိုင်စာပေ

